# ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့၊ (6-9-2015) (၈၃၁၅)


## အေးစေ မြစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှွံမမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်



## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အစ္စရေးနိုင်ငံသို့ထွက်ခွာ


သတင်း စာမျက်နှာ » ၃


# ကလေး-ဂန့်ဂေါကားလမ်းဘေး ရေဘေးသင့်ပြည်သူများနေထိုင်သည့် ကယ်ဆယ်ရေးစခန်း နေရာပြောင်းရွှေ့ရန်စီစဉ်၊ ယာယီရှက်ဖျင်တဲများဆောက်လုပ်

သတင်းနှင့် ဓာတ်ပုံ
သီသီမင်း

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ချင်းဆိုင်ရွာအနီး ကလေး-ဂန့်ဂေါကားလမ်းဘေးရှိ ကယ်ဆယ်ရေးစခန်းမှ ရေလဲဦးရွာနှင့် ပေါက်ခုံရွာ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်း နေရာပြောင်းရွှေ့ဖွင့်လှစ်ပေးမည့်အပြင် ယာယီရှက်ဖျင်တဲများ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရှာဖွေကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးအဖွဲ့မှ သိရသည်။


စာမျက်နှာ ၉ ကော်လံ ၁ သို့ *




ရေဘေးသင့်ပြည်သူများနေထိုင်ရန်ဆောက်လုပ်ပေးထားသည့် ယာယီရှက်ဖျင်တဲများကို တွေ့ရစဉ်။

## ဟုမ္မလင်းနှင့် ငါးသိုင်းချောင်းမြို့တို့ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၅

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ၅ ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ၂ ပေခန့် ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရှောင်ရှားကြရန် အကြံပြုထားသည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁ ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားကြောင်း သိရသည်။

(ကြေးမုံ)

## လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ထုတ်ပြန်ကြေညာ

နေပြည်တော် စက်တင်ဘာ ၅

၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် သက်ဆိုင်ရာ လွှတ်တော်မဲဆန္ဒနယ်များအလိုက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စိစစ်ခဲ့ပြီးနောက် အတည်ပြုထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများအား စက်တင်ဘာ ၄ ရက်မှစ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားပြီး ကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)


MECTel ၏ ရွှေမေတ္တာ အစီအစဉ် ကို
(233) သို့ "SMT" ဟု အခမဲ့
SMS ပေးပို့ခြင်းဖြင့် ရယူလိုက်ပါ



MECTel CDMA 800 MHz 3G
၂၀၁၅ခုနှစ်တွင် အထူးခြားဆုံး "ရွှေမေတ္တာအစီအစဉ်" (SHWE MYITTA Package)
(Silver, Gold, Diamond Packages)
ဖုန်းခေါ်ဆိုခ(၁)မိနစ် အင်တာနက်သုံးစွဲခ(1 MB)
Diamond Package ၂၀ ကျပ် ၄ ကျပ်
သဘာဝဘေးဒဏ်ဖြစ်ပေါ်သော ကလေး၊ဟားခါး၊ဟသ်ာတ၊ညောင်တုန်း၊သာပေါင်း၊အင်္ဂပူနှင့်ဇလွန်မြို့နယ်တို့တွင်
MECTel ဖုန်းအချင်းချင်း ခေါ်ဆိုမှုအား အခမဲ့ဝန်ဆောင်မှု လှူဒါန်းလျက်ရှိပါသည်။

ဘယ်အချိန် ၊ ဘယ်နေရာမဆို
အကောင်းဆုံး ဝန်ဆောင်မှု ပေးတဲ့
MECTel ကိုသာသုံးလိုက်ပါ



# အကောင်းဆုံးပြန်လည်ထူထောင်

ယခုနှစ် ဇူလိုင်လ လယ်မှစတင်၍ မြန်မာနိုင်ငံအနှံ့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ရေကြီးရေလျှံဖြစ်ပွားခြင်းများ၊ မြေပြိုမှုများဖြစ်ပွားခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်များ နေရာအနှံ့အပြား ကျရောက်ခဲ့သည်။ ထိုသို့ ကျရောက်ခဲ့မှုကြောင့် ပြည်သူ ၁ ဒသမ ၆ သန်းကျော်တို့ သဘာဝဘေးဒုက္ခများကို ခံစားခဲ့ကြရသည်။

သဘာဝဘေးသင့်ဒေသအချို့မှ ပြည်သူများသည် ၎င်းတို့နေထိုင်ရာနေရာများတွင် ဆက်လက်နေထိုင်ရန် အခြေအနေမရှိတော့သဖြင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြရပြီး နိုင်ငံတော်မှ ရွေးချယ်ပေးသည့် သင့်တော်ကောင်းမွန်သည့် နေရာများသို့ ရွှေ့ပြောင်းကြရသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် စေတနာရှင်များက အလျင်အမြန်ကူညီဆောင်ရွက်ပေးကြသည်။

ဤနေရာတွင် သဘာဝဘေးသင့်ပြည်သူအများစုမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကအားထားလုပ်ကိုင်ခဲ့ကြသောသူများဖြစ်သည်။ လက်ရှိတွင် ရေကြီး၊ ရေလျှံ၊ မြေပြိုမှုများကြောင့် လယ်ယာမြေဧက ကိုးသန်းကျော်မှာ ပျက်စီးဆုံးရှုံးခဲ့ကြောင်းသိရသည်။ ထိုလယ်ယာမြေများကို မှီခိုအားထားလုပ်ကိုင်ကြသော ပြည်သူများအတွက် လောလောဆယ်တွင် ပြန်လည်စိုက်ပျိုးလုပ်ကိုင်ရန် အခြေအနေကောင်းများမရှိသေးချေ။

ထို့အပြင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများသာမက မွေးမြူရေးတိရစ္ဆာန်များပါ ထိခိုက်ပျက်စီးခဲ့ရသည်။အချို့ကျေးရွာများတွင် လုပ်ကိုင်လေ့ရှိသည့် တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုအသေးစား၊ အငယ်စား မိသားစုလုပ်ငန်း ငယ်လေးများပါ ယိုင်လဲပြိုပျက်သွားခဲ့ရသည်။ သဘာဝဘေးဒဏ်သင့်မှုကြောင့် ပြည်သူများ၏လူနေမှု ထိခိုက်ခဲ့ရသလို ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပါ ထိခိုက်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် နိုင်ငံတစ်ဝှမ်းရှိ လူမှုကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အဖွဲ့အစည်းများက ရေဘေးသင့်ဒေသများသို့သွားရောက်၍ ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိရာတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ကျော်လွန်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရမည့် အချိန်အခါ ရောက်လာသည်။ ရေဘေးသင့်ပြည်သူများအတွက် လူမှုဘဝပြန်လည်ထူထောင်ရန် ဦးစားပေးလုပ်ဆောင်ကြရတော့မည်။

ရေဘေးသင့်ဒေသများ အလျင်အမြန်ပြန်လည်ထူထောင်လာနိုင်ရန်အတွက် အဆိုပါဒေသများရှိ ပြည်သူများအား ဝင်ငွေအခွင့်အလမ်းများရှိသည့် လုပ်ငန်းများ သို့မဟုတ် အငယ်စားစီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးသည် အလွန်အရေးကြီးသော လုပ်ငန်းဖြစ်လာသည်။ ထိုအချက်ကို နိုင်ငံတော်မှ စီစဉ်ထားပြီးဖြစ်သကဲ့သို့ အဖွဲ့အစည်းများကလည်း အားတက်သရော ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ကြစေရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ရေဘေးသင့်ဒေသရှိပြည်သူများအနေဖြင့် ယခုအခါ အားလုံး၏ ဝိုင်းဝန်းကူညီထောက်ပံ့မှုဖြင့် ရပ်တည်နေထိုင်လျက်ရှိသည်။ လှူဒါန်းကူညီမှုဆိုသည်မှာ အခြေအနေအချိန်အခါ အတိုင်းအတာတစ်ခုအထိရှိမည်ဖြစ်ပြီး ရေရှည်တွင် ရေဘေးသင့်ပြည်သူများမှာ ၎င်းတို့ဘဝကို ၎င်းတို့ရပ်တည်နိုင်ရေးအတွက် ပြန်လည်ထူထောင်ပေးရန်မှာ အရေးကြီးသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်ရာတွင် လက်ရှိအနေအထားများအရ ချက်ချင်းအကောင်အထည်ဖော်ရန်ဖြစ်နိုင်ဦးမည် မဟုတ်သေးချေ။ ထို့ကြောင့် ရေဘေးသင့်ဒေသများတွင် အသေးစား၊ အငယ်စား၊ မိသားစုတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းငယ်များကို ယခုကတည်းက အစပျိုးတည်ထောင်ပေးခြင်းဖြင့် ၎င်းတို့၏အနာဂတ်အတွက် များစွာကောင်းမွန်နိုင်မည်ဖြစ်သည်။

လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အပျက်ကိုပြင်၍ ဆောင်ရွက်ခြင်းထက် အသစ်စတင်တည်ထောင် ဆောင်ရွက်ခြင်းသည် ပိုမိုလျှော်ကန်သင့်မြတ်ကောင်းမွန်သော အလုပ်ဖြစ်သည်။ ယခုကာလကဲ့သို့ ၎င်းတို့ဘဝအားသုညမှစတင်ချိန်တွင် ၎င်းတို့စတင်လုပ်ကိုင်နိုင်သော အသေးစား၊ အငယ်စား၊ မိသားစုတစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းငယ်များကို ဝိုင်းဝန်းထူထောင်ပေးနိုင်ကြစေရန် တိုက်တွန်းအပ်ပါသည်။ ။

## ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံညှိနှိုင်းရှင်းလင်း

**ဝေါ စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံညှိနှိုင်းရှင်းလင်းပွဲ ကျင်းပရာ ဝေါမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲဝင်ပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ထုတ်ပြန်သော ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ကိုယ်စားလှယ်များနှင့် သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ဘုန်းသော်(ဝေါ)**

◆◆

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း
သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု
ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ
အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင်
ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင်
အတိအလင်းပြဋ္ဌာန်းထားပါသည်။

## မိတ္ထီလာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုငွေဖြင့် ဝန်ထမ်းအိမ်ရာလေးလုံး ဆောက်လုပ်ပြီးစီး

**မိတ္ထီလာ စက်တင်ဘာ ၅**

မိတ္ထီလာမြို့နယ် နန်းတော်ကုန်းရပ်ကွက် ချမ်းအေးသာယာနယ်မြေတွင် ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာလေးလုံး၊ အခန်း ၄၈ ခန်းအား ဆောက်လုပ်ပြီးစီးသွားပြီဖြစ်ရာ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီသည့် နိုင်ငံ့ဝန်ထမ်းများကို နေရာချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေနဲ့ သွပ်မိုး၊ အာရ်စီ သုံးထပ်တိုက် ဝန်ထမ်းအိမ်ရာအဆောက်အအုံလေးလုံး၊ အခန်း ၄၈ ခန်း တည်ဆောက်ပြီးစီးသွားပါပြီ။ သက်ဆိုင်ရာ အိုးအိမ်ဦးစီးဌာနရဲ့ တင်ဒါခေါ်ယူမှုနဲ့တည်ဆောက်ခဲ့တာပါ။ ပြီးစီးသွားတဲ့ တိုက်ခန်းနေရာတွေမှာ သတ်မှတ်စည်းကမ်းချက်တွေနဲ့ ကိုက်ညီတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို နေရာချထားပေးသွားမှာဖြစ်ပြီး ရပ်ဝေးဒေသကလာရောက် တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းတွေကို ဦးစားပေးနေရာချထားပေးသွားမယ်လို့ သိရပါတယ်" ဟု ယင်းအဆောက်အအုံများကို တာဝန်ယူဆောက်လုပ်ရာတွင် ပါဝင်သည့် ဆောင်တိုင်းအောင်ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးတင်သန်းက ပြောသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာ သွပ်မိုး၊ အာရ်စီသုံးထပ် အဆောက်အအုံသစ်ကို ၎င်းနေရာတွင်ပင် ထပ်မံတည်ဆောက်ပေးနေပြီး ဒီဇင်ဘာလတွင် ပြီးစီးအောင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**





စာအုပ်စာပေ
လူ့မိတ်ဆွေ

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊
အငယ်တန်းသတင်းထောက်များ - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - စုနှင်းလှဲ့၊ သီရိ

ပြည်တွင်းရေးရာ

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အစ္စရေးနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အစ္စရေးနိုင်ငံ ကာကွယ်ရေးဝန်ကြီး Moshe Yaalon ၏ ဖိတ်ကြားချက်အရ အစ္စရေးနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာကြရာ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ် အောင်ကျော်ဇော၊ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E.Mr. Daniel Zomshar Zohine တို့က လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ် မောင်မောင်အေး၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ် မိုးအောင်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်မှူးချုပ် မောင်မောင်ကျော်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်နှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြသည်။


မြန်မာနိုင်ငံအနေဖြင့် ၁၉၄၉ ခုနှစ် ဒီဇင်ဘာလ ၅ ရက်တွင် အစ္စရေး-မြန်မာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့သည်။ အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာသံရုံးကို အစ္စရေးနိုင်ငံ တဲလ်အဗီးမြို့၌ ၁၉၅၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံရုံးကို ရန်ကုန်မြို့၌ ၁၉၅၇ ခုနှစ် ဒီဇင်ဘာလတွင် ဖွင့်လှစ်ခဲ့သည်။ ယနေ့အချိန်ထိ နှစ်နိုင်ငံသံတမန်နှင့် စစ်ဘက်ဆိုင်ရာ ဆက်ဆံမှု ၆၂ နှစ်ရှိပြီဖြစ်ပြီး ဝန်ကြီးချုပ် ဦးနုသည် ၁၉၅၅ ခုနှစ်တွင် လည်းကောင်း၊ အိမ်စောင့်အစိုးရလက်ထက် ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်းသည် ၁၉၅၉ ခုနှစ်တွင်လည်းကောင်း အစ္စရေးနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ ယခုခရီးစဉ်သည် နှစ်ပေါင်း ၅၆ နှစ်နောက်ပိုင်း တပ်မတော်အကြီးအကဲတစ်ဦးအနေဖြင့် အစ္စရေးနိုင်ငံသို့သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်ဖြစ်ပြီး နှစ်နိုင်ငံတပ်မတော်ဆက်ဆံရေးကို ခြေလှမ်းသစ် စတင်ဖွင့်လှစ်နိုင်မည်ဖြစ်သည်။



ချစ်ကြည်ရေးခရီးစဉ်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အစ္စရေးနိုင်ငံအစိုးရ၊ တပ်မတော်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာ့တပ်မတော်နှင့် အစ္စရေးတပ်မတော်အကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ပြီး အထင်ကရ နေရာများနှင့် အကြီးစား စက်မှုလက်မှုလုပ်ငန်းများကိုလည်း လေ့လာကြည့်ရှုမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

■



# ယဉ်ကျေးမှုစင်တာ အပြန်အလှန်ထူထောင်ရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ယဉ်ကျေးမှုစင်တာ အပြန်အလှန်ထူထောင်ရေးဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်နိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လော်ရှုးကမ်းတို့က စက်တင်ဘာ ၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ)**

**(သတင်းစဉ်)**

# မြန်မာ့ပထမဆုံး စွန့်ပစ်ပစ္စည်းသုံးစွမ်းအင် ထုတ်လုပ်ရေးစက်ရုံ ဂျပန်ကုမ္ပဏီတည်ဆောက်မည်

မြန်မာနိုင်ငံ၏ ပထမဆုံးသော စွန့်ပစ်ပစ္စည်းသုံးစွမ်းအင်ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ရန်အကြမ်းဖျင်းအားဖြင့် ဂျပန်ယန်း နှစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅ သန်း) ကုန်ကျမည့် ကန်ထရိုက်တစ်ရပ်ကို ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် စတီးလ်ထုတ်လုပ်ရေးကုမ္ပဏီ JFE Engineering သို့ ပေးအပ်လိုက်ကြောင်း သိရသည်။

ဂျပန်ကုမ္ပဏီအနေဖြင့် စက်ရုံဒီဇိုင်းရေးဆွဲမှုမှ စက်ရုံတည်ဆောက်မှုအထိ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး စက်ရုံတည်ဆောက်မှုမှာ ၂၀၁၇ ခုနှစ် နွေဦးရာသီတွင်ပြီးစီးမည်ဟုလျာထားသည်။ မြန်မာနိုင်ငံရှိ စီမံကိန်းကို လုပ်ငန်းတစ်ရပ် စတင်လုပ်ဆောင်မှုအဖြစ် အသုံးပြု၍ ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အရှေ့တောင်အာရှဒေသမှ ဂျပန်ယန်း ၃၀ ဘီလီယံတန်ကြေးရှိ အော်ဒါများ လက်ခံရရှိမည်ဟု JFE ကုမ္ပဏီက ရည်မှန်းထားသည်။ စက်ရုံသည် အမှိုက်များကို လောင်ကျွမ်းစေပြီး ရေနွေးငွေ့ဖြင့် တာဘိုင်များကို လည်ပတ်ကာ စွမ်းအင်ထုတ်လုပ်မည်ဖြစ်သည်။ ယင်းစက်ရုံက လူနှစ်သိန်းဝန်းကျင် စွန့်ပစ်လိုက်သော စွန့်ပစ်အမှိုက် တန် ၆၀ နီးပါးကို တစ်ရက်အတွင်း မီးရှို့နိုင်စွမ်းရှိမည်ဖြစ်ကာ လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၇၀၀ ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားသည်။

လူဦးရေ ၅ ဒသမ ၂ သန်းရှိသော မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့တော် ရန်ကုန်တွင် အလွန်များပြားသော စွန့်ပစ်အမှိုက်များကို မီးရှို့လောင်ကျွမ်းစေကာ စွမ်းအင်ထုတ်လုပ်နိုင်မည့်စက်ရုံမှာ အရေးတကြီးလိုအပ်ချက်ဖြစ်နေသည်။ JFE ကုမ္ပဏီက တစ်ရက်လျှင် စွန့်ပစ်အမှိုက် တန် ၈၀၀ ဝန်းကျင်ကို ဖြေရှင်းနိုင်စွမ်းရှိသော စက်ရုံတစ်ရုံတည်ဆောက်ရန်လည်း မျှော်လင့်နေသည်။ မြန်မာနိုင်ငံရှိစီမံကိန်းမှာ အရှေ့တောင်အာရှဒေသ၌ JFE ကုမ္ပဏီ၏ စွန့်ပစ်ပစ္စည်းသုံး စွမ်းအင်ထုတ်လုပ်ရေးစက်ရုံတစ်ရုံအတွက် ပထမဆုံးသော စီမံကိန်းဖြစ်သည်။ စက်ရုံတည်ဆောက်ရာတွင် ကုန်ကျစရိတ်သက်သာစေရန် JFE ကုမ္ပဏီက ယင်း၏အိန္ဒိယကုမ္ပဏီခွဲအား စက်ရုံဒီဇိုင်းရေးဆွဲရန် တာဝန်ပေးအပ်ခဲ့သည်။

**(သုတ)**

■

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း ပယ်ဖျက်ခြင်းခံရသူများ၏ အသနားခံစာတင်ပြချက်များအပေါ် စိစစ်မှုများပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၅**

၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းမှု ပယ်ဖျက်ခြင်းခံခဲ့ရသည့် ပုဂ္ဂိုလ်ခြောက်ဦးအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ ဥပဒေနှင့်အညီ အယူခံဝင်ရောက်ခဲ့ကြသော်လည်း ထပ်မံပယ်ချခြင်းခံခဲ့ရသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အသနားခံစာများတင်ပြခဲ့ကြကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ယင်းပုဂ္ဂိုလ်ခြောက်ဦး၏ ရွေးကောက်မှုဆိုင်ရာ အခွင့်အရေး (နိုင်ငံသားအခွင့်အရေး)များ မဆုံးရှုံးစေရန် ယနေ့နံနက် ၉ နာရီခွဲတွင် အစည်းအဝေးပြုလုပ်၍ ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ၎င်းတို့၏အမှုတွဲများကို စိစစ်မှုများပြုလုပ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❂ မြန်မာလူငယ်များမှ**

ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းတွင် ပါဝင်ကစားနေသည့် နောက်ခံလူ ဝင်စတန်ရိဒ် ဦးဆောင်ကာ မြန်မာလူငယ်ကစားသမားများနှင့် ကစားပေးခဲ့ခြင်းဖြစ်သည်။ နယူးဇီလန် လက်ရွေးစင်အသင်းမှာ လေ့ကျင့်မှုများပြုလုပ်အပြီးတွင် ကစားသမားများအား အင်္ကျီများ အမှတ်တရလက်ဆောင်ပေးအပ်ခဲ့ပြီး ကစားသမားများ လက်မှတ်ရေးထိုးထားသည့် အင်္ကျီကို အား/ကာ သိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်ထံ ပေးအပ်သည်။

နယူးဇီလန်လက်ရွေးစင်အသင်းသည် မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားရန်အပြင် ရန်ကုန်မြို့၌ လေ့ကျင့်မှုများပြုလုပ်ရန် ဩဂုတ် ၃၁ ရက်ကတည်းက ရောက်ရှိနေခြင်းဖြစ်သည်။ နယူးဇီလန် လက်ရွေးစင်အသင်းတွင် ဥရောပအခြေစိုက် ကစားသမားများအပါအဝင် နာမည်ကြီးကစားသမားများ အစုံအလင် ပါဝင်လာခဲ့ပြီး ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းနောက်ခံလူ ဝင်စတန်ရိဒ်လည်း ပါဝင်လာသည်။ နယူးဇီလန်အသင်းမှာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ သမုဒ္ဒရာပိုင်းဇုန် ခြေစစ်ပွဲယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယခုခြေစမ်းပွဲအတွက် ကစားသမား ၂၂ ဦး လိုက်ပါလာသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် နယူးဇီလန်လက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲကို စက်တင်ဘာ ၇ ရက် ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲမတိုင်မီ မြန်မာ့လက်ရွေးစင်ဟောင်းများနှင့် ရုပ်ရှင်အနုပညာရှင်များပါဝင်သည့် အထူးခြေစမ်းပွဲကို ညနေ ၃နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်သည်။

**○ ရန်ကုန်မြို့မှ**

စည်ပင်သာယာရေးကော်မတီမှ သိရသည်။

လူနေထိုင်ခွင့်လျှောက်ထားသော ကန်ထရိုက်များအနေဖြင့် ခွင့်ပြုအဆောက်အအုံပုံစံငယ်၊ အဆောက်အအုံဆောက်လုပ်မှုစတင်သည့် စစ်ဆေးချက်မှတ်တမ်းများ "ပြည်တွင်းအခွန်၊ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့." အင်ဂျင်နီယာ (ရေနှင့်သန့်ရှင်းမှု)ဌာနနှင့် အခြားကဏ္ဍအလိုက်ထောက်ခံချက်များကိုပါ ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှထုတ်ပြန်ထားသည်။

လက်ရှိအနေအထားအရ ၂၀၁၅ ခုနှစ်အတွင်း စည်းကမ်းချက်ကိုက်ညီသော မြို့နယ်အလိုက်ကန်ထရိုက်အဆောက်အအုံ ၁၃၀၀ ကျော်အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)က လူနေထိုင်ခွင့် ချထားပေးခဲ့ပြီးဖြစ်ကြောင်းသိရပြီး လူနေထိုင်ခွင့် လျှောက်ထားရာတွင်လည်း စည်းကမ်းချက်ကိုက်ညီမှုမရှိလျှင် ဒဏ်ကြေးငွေပေးဆောင်ရမည့်အပြင် ခွင့်ပြုချက်မရှိဘဲဆောက်လုပ်ခြင်းများ၊ ခွင့်ပြုချက်မရှိဘဲနေထိုင်ခြင်းများအား ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် လူနေထိုင်ခွင့်မလျှောက်ထားဘဲ နေထိုင်မည်ဆိုလျှင် လျှပ်စစ်မီတာ ချပေးခြင်းအားပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ သိရသည်။

**စိုးဝင်း(MLA)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ရုရှားအရှေ့ဖျားဒေသဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံကြရန် သမ္မတပူတင်တိုက်တွန်း

**ဗလာဒီဗော့စတော့ စက်တင်ဘာ ၅**

ရုရှားနိုင်ငံ၏ အရှေ့ဖျားဒေသဖွံ့ဖြိုးရေးအတွက် ပါဝင်ကူညီကြရန် သမ္မတ ဗလာဒီမာပူတင်က ပြည်တွင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူများကို တိုက်တွန်းလိုက်ကြောင်း ရိုက်တာသတင်းဌာနက စက်တင်ဘာ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗလာဒီဗော့စတော့မြို့၌ ကျင်းပသော အရှေ့ပိုင်းစီးပွားရေးဖိုရမ်တွင် သမ္မတပူတင်က အထက်ပါအတိုင်း တိုက်တွန်းခြင်းဖြစ်သည်။ ရုရှားနိုင်ငံ၏ အရှေ့ဖျားဒေသ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မိမိတို့အစိုးရအဖွဲ့က ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်း ပူတင်က ပြောကြားသည်။

သမ္မတပူတင်၏အစပျိုးဆောင်ရွက်မှုဖြင့် အဆိုပါဖိုရမ်အစည်းအဝေးကို ကျင်းပသည်။ ရုရှားနိုင်ငံ အရှေ့ဖျားဒေသ၌ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရေးအတွက် အခြေအနေကောင်းများကို မိမိတို့ဖန်တီးပေးမည်ဖြစ်ကြောင်း၊ အရှေ့ဖျားဒေသ၌ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စီးပွားရေးအကျိုးအမြတ်ကြီးမားစွာ ပြန်လည်ရရှိနိုင်ပြီး အခြားသောစီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်နေသည့်ဒေသများနှင့် ထိထိရောက်ရောက်ယှဉ်ပြိုင်လာနိုင်မည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားသည်။



ရုရှားနိုင်ငံ၏အကြီးဆုံး ရေနံကုမ္ပဏီဖြစ်သော ရော့စနက်ကုမ္ပဏီသည် အရှေ့ဖျားဒေသ၌ လုပ်ငန်းစီမံကိန်းများအတွက် ရူဘယ်လ်ငွေ ၁ ဒသမ ၃ ထရီလီယံ (ဒေါ်လာ ၁၉ ဒသမ ၅၆ ဘီလီယံ) ရင်းနှီးမြှုပ်နှံမည်ဟု ဆိုသည်။

နယ်မြေဧရိယာကျယ်ဝန်းသည့် အရှေ့ဖျားဒေသသည် အရှေ့ဆိုက်ဘေးရီးယားဒေသရှိ ဘေကားလ်ရေအိုင်ကြီးနှင့် ပစိဖိတ်သမုဒ္ဒရာ အကြားတည်ရှိသည်။ အရှေ့ဖျားဒေသ၌ သစ်တောကြီးများနှင့် ပင်လယ်ငါးအရင်းအမြစ်တို့အပါအဝင် သဘာဝအရင်းအမြစ်များပေါကြွယ်ဝသည်။

**ရိုက်တာ။**

# အာဖဂန်နစ္စတန်နိုင်ငံတွင် အမည်မသိလက်နက်ကိုင်တစ်စုက ခရီးသည် ၁၃ ဦးအား ပစ်သတ်

**မာဇာအီးရှာရစ်ဖ်( အာဖဂန်နစ္စတန်) စက်တင်ဘာ ၅**

တာလီဘန်စစ်သွေးကြွများဟုယူဆရသည့် အမည်မသိသေနတ်သမားအုပ်စုတစ်စုက အာဖဂန်နစ္စတန်နိုင်ငံမြောက်ဘက် ဘော့လ်ခ်ပြည်နယ် ဇာရီခရိုင်တွင် အရပ်ဘက်ခရီးသည်များ လိုက်ပါစီးနင်းလာသည့် မော်တော်ယာဉ်နှစ်စီးကို စက်တင်ဘာ ၅ ရက်က ကြားဖြတ်ဟန့်တားပြီး ခရီးသည် ၁၃ ဦးကို သေနတ်ဖြင့်ပစ်သတ်ခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တာလီဘန်စစ်သွေးကြွများဟုယူဆရပြီး မည်သူမည်ဝါဟုမသိရသည့် အဆိုပါသေနတ်သမားအုပ်စုသည် ဇာရီခရိုင်ရှိ ဟာဇရတ်ဒေသတွင် ခရီးသည်များလိုက်ပါစီးနင်းလာသည့် မော်တော်ယာဉ်နှစ်စီးကို ဟန့်တားပြီး မော်တော်ယာဉ်ထဲရှိခရီးသည်အားလုံးကို အပြင်ထွက်ခိုင်းခဲ့ကာ ခရီးသည် ၁၃ ဦးကို သေနတ်ဖြင့် ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အသတ်ခံရသည့် ခရီးသည်အားလုံးမှာ အရပ်သားများဖြစ်ကြောင်း ဒေသဆိုင်ရာ ကျေးရွာများကောင်စီဥက္ကဋ္ဌ ဆေယတ်အဗ္ဗူလ်ရာဟိမ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ခရီးသည်များသည် ပြည်နယ်မြို့တော် မာဇာအီးရှာရစ်ဖ်သို့ ဦးတည်ပြီး သွားနေစဉ် ၎င်းတို့၏ခရီးလမ်းပေါ်တွင် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၃၀ ခန့်က ယခုကဲ့သို့ပစ်ခတ်ခံခဲ့ရခြင်းဖြစ်ကြောင်း၊ သေနတ်သမားအုပ်စုသည် ခရီးသည်များအနက် အမျိုးသမီးတစ်ဦးသာ လွတ်မြောက်ခွင့်ပေးပြီး ကျန်အားလုံးကို ရက်ရက်စက်စက်ပစ်သတ်ခဲ့ကြောင်း တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

ဘောလ်ခ်ပြည်နယ်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ရှာဒူရာနီက ယင်းအခင်းဖြစ်မှုကို အတည်ပြုခဲ့ကြောင်း၊ သို့သော်အခင်းဖြစ်မှုနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းဖော်ပြခြင်းမရှိကြောင်း၊ တာဝန်ရှိသူများသည် ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်လျက်ရှိကြောင်း သတင်းများအရ သိရသည်။

**ဆင်ဟွာ။**

# အိုင်အက်စ်အဖွဲ့သို့ဝင်ရောက်ရန်ကြိုးပမ်းသည့် ဆယ်ကျော်သက်မိန်းကလေး စပိန်နိုင်ငံတွင်ဖမ်းမိ



**မဒရစ် စက်တင်ဘာ ၅**

အိုင်အက်စ်စစ်သွေးကြွ အဖွဲ့ထဲသို့ ဝင်ရောက်ရန် ရည်ရွယ်ပြီး ဆီးရီးယားနိုင်ငံသို့သွားရောက်ရန် ကြိုးပမ်းနေသည့် အသက် (၁၈)နှစ်အရွယ် မော်ရိုကိုနိုင်ငံသူတစ်ဦးအား စပိန်အရပ်ဘက်လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အဆိုပါအမျိုးသမီးထံတွင် စပိန်နိုင်ငံနေထိုင်ခွင့် ဗီဇာရှိကြောင်းတွေ့ရှိရပြီး ယင်းကို စပိန်နိုင်ငံကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဗလန်စီယာဒေသ၏ ဂန်ဒီးယားမြို့တွင် ဖမ်းဆီးမိခဲ့သည်။ အကြမ်းဖက်ဝါဒကို ကျယ်ပြန့်စေရန် လုပ်ဆောင်မှုဖြင့် စွဲချက်တင်ထားသည်။

၎င်းအမျိုးသမီးက အကြမ်းဖက်လုပ်ရပ်များသည် တရားမျှတကြောင်း ပြဆိုပြီး ဂျီဟတ်ဝါဒများကို ပျံ့နှံ့စေခြင်းအပြင် အိုင်အက်စ်စစ်သွေးကြွအုပ်စုအတွက် တပ်သားသစ်များ စုဆောင်းပေးသည့် လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်ဟု စပိန်နိုင်ငံလုံခြုံရေးအဖွဲ့က အတည်ပြုပြောကြားခဲ့သည်။

စပိန်နိုင်ငံတွင် ၂၀၁၅ ခုနှစ်အတွင်း အိုင်အက်စ် စစ်သွေးကြွအဖွဲ့သို့ဝင်ရောက်ရန်ကြိုးပမ်းခဲ့သူများအား ဖမ်းဆီးရမိသည့် အရေအတွက်မှာ အဆိုပါအမျိုးသမီးအပါအဝင် ၄၉ ဦးရှိပြီဖြစ်ကြောင်းသိရသည်။

ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့ရှိ အိုင်အက်စ်စစ်သွေးကြွ အဖွဲ့သို့ဝင်ရောက်ရန် စပိန်နိုင်ငံမှထွက်ခွာသွားသူ ၁၂၅ ဦးဝန်းကျင်ရှိကြောင်း ခန့်မှန်းရသည်။

**ဆင်ဟွာ။**



# ဘိုကိုဟာရမ်အဖွဲ့ဝင်များဟု သံသယရှိသူများတိုက်ခိုက်၍ နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်းတွင် လူငါးဦးသေဆုံး

**အဘူဂျာ စက်တင်ဘာ ၅**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဘော်နိုပြည်နယ်တွင် ဘိုကိုဟာရမ်အကြမ်းဖက်အဖွဲ့ဝင်များဟု သံသယမကင်းသည့် လက်နက်ကိုင်များ၏ တိုက်ခိုက်မှုကြောင့် လူငါးဦးသေဆုံးပြီး ခြောက်ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စက်တင်ဘာ ၅ ရက်တွင် နိုင်ဂျီးရီးယားလုံခြုံရေးဆိုင်ရာ သတင်းရင်းမြစ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် ဘော်နိုပြည်နယ်မြို့တော် မိုင်ဒူဂူရီမှ ၂၂ ကီလိုမီတာအကွာရှိ မိုင်နာရီဒေသတွင် စက်တင်ဘာ ၂ ရက်က ဖြစ်ပွားခဲ့ကြောင်း အမည်မဖော်ပြသည့်လုံခြုံရေးဆိုင်ရာ သတင်းရင်းမြစ်တစ်ခုက ဖော်ပြသည်။

ဘိုကိုဟာရမ်စစ်သွေးကြွများသည် ဘော်နိုပြည်နယ်အတွင်း၌ လှုပ်ရှားတိုက်ခိုက်မှုများ အဆက်မပြတ်ပြုလုပ်နေသည်။ ယင်းအဖွဲ့သည် နိုင်ဂျီးရီးယားအစိုးရကို ၂၀၀၉ ခုနှစ်ကတည်းက လက်နက်ကိုင်တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့ရာ ယခုအချိန်အထိ သေဆုံးသူဦးရေ ၁၃၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

နိုင်ဂျီးရီးယားသမ္မတ မူဟန်မာဒူ ဘူဟာရီက လွန်ခဲ့သည့်ရက်သတ္တနှစ်ပတ်အတွင်းကပင် ဘိုကိုဟာရမ် သူပုန်များအား သုံးလအတွင်း အပြီးသတ်ချေမှုန်းရန် နိုင်ဂျီးရီးယားတပ်မတော်ကို အမိန့်ပေးခဲ့သည်။

**ဆင်ဟွာ။**

# တရုတ်နိုင်ငံမြောက်ပိုင်း၌ အွန်လိုင်းလက်နက်မှောင်ခိုဂိုဏ်းအား ဖြိုခွင်း

**ရှီကျားကျောင် စက်တင်ဘာ ၅**

တရုတ်နိုင်ငံမြောက်ပိုင်း ဟီဘေးပြည်နယ်ရဲတပ်ဖွဲ့က အွန်လိုင်းလက်နက် အရောင်းကွန်ရက်တစ်ခုတွင် သံသယဖြစ်ဖွယ်ရာ သွယ်ဝိုက်ပါဝင်ပတ်သက်သူ ငါးဦးကို ဖမ်းဆီးလိုက်ကြောင်း စင်တိုင်း ပြည်သူ့လုံခြုံရေးဗျူရိုက စက်တင်ဘာ ၅ ရက်တွင် ကြေညာသည်။

ဇူလိုင်လအတွင်းက စင်တိုင်မြို့တော် နန်ကျင်းစီရင်စုမှ မိသားစုအမည် လိုင်နှင့်ဂျီဟုဆိုသူနှစ်ဦးမှာ တရားမဝင် အွန်လိုင်းလက်နက်ရောင်းဝယ်မှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့၏ အာရုံစိုက်မှုခံခဲ့ရကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။ ၂၀၁၄ ခုနှစ် ဇူလိုင်လကတည်းက ထိုကဲ့သို့ သကာ်မကင်းဖြစ်ရခြင်းမှာ အွန်လိုင်းမှတစ်ဆင့် ရောင်းချရန်ရည်ရွယ်ချက်ဖြင့် မူလီများ၊ မောင်းခလုတ်များနှင့် သေနတ်ပြောင်းကဲ့သို့သော သေနတ်နှင့်သေနတ်အစိတ်အပိုင်းများ တရားမဝင်ထုတ်လုပ်နေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။ လိုင်မှာ အွန်လိုင်းအရောင်းအဝယ် အကြိမ် ၂၀၀၀ ကျော် ပြုလုပ်ခဲ့ပြီး အွန်လိုင်းငွေချေဝန်ဆောင်မှု ဝက်ဘ်ဆိုက် Alipay မှတစ်ဆင့် ယွမ် ၁ ဒသမ ၄ သန်း (အမေရိကန်ဒေါ်လာ ၂၂၀၃၆၀) အသားတင်အမြတ်ရရှိခဲ့သည်ဟု သံသယရှိခံထားရသူဖြစ်သည်။

လက်နက်အစိတ်အပိုင်း အချို့ကို တရုတ်(တိုင်ပေ)နှင့် အမေရိကန်ပြည်ထောင်စုက ပေးပို့ခဲ့သည်ဟူသော အထောက်အထားနှင့်အတူ အဆိုပါလက်နက်အရောင်းအဝယ် ကွန်ရက်မှာ ပေကျင်းနှင့် ရှန်ဟိုင်းအပါအဝင် တရုတ်နိုင်ငံရှိ ပြည်နယ် ၃၀ ကျော်နှင့် မြို့တော်များအထိ ပျံ့နှံ့ခဲ့သည်။ ယင်းအမှုတွင် လူပေါင်း ၅၀၀ ထက်မနည်းပါဝင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ။**



# ပြည်တွင်းရေးရာ

**သူတို့ကမှ**

**မေး။ ကယ်ဆယ်ရေးစခန်း နှစ်ခုမှာ စောင့်ရှောက်ထားတဲ့ ရွာသုံးရွာအကြောင်း သိပါရစေ။**

ဖြေ။ ကယ်ဆယ်ရေးစခန်း (၁) မှာတော့ ကဂင်ကျေးရွာက အိမ်ထောင်စု ၃၄ စု၊ လူဦးရေ ၁၄၇ ယောက် စောင့်ရှောက်ထားတယ်။ ဝေါင်မွာလ်ကျေးရွာမှာတော့ အိမ်ထောင်စု ၃၈ စု၊ လူဦးရေ ၁၇၅ ယောက် စောင့်ရှောက်ထားတယ်။ ထင်ဇန်ကျေးရွာမှာတော့ အိမ်ထောင်စုက ကိုးစု၊ လူဦးရေက ၃၉ ယောက် စောင့်ရှောက်ထားတယ်။ ကယ်ဆယ်ရေးစဖြစ်ကတည်းက ကဂင်ကျေးရွာကို ဩဂုတ် ၇ ရက်ကနေစပြီး စောင့်ရှောက်တာ။ ဝေါင်မွာလ်ကျေးရွာကို ၉ ရက်ကနေစပြီး စောင့်ရှောက်တယ်။ ထင်ဇန်ကျေးရွာကို ၁၂ ရက်ကနေစပြီး စောင့်ရှောက်တယ်။ ထင်ဇန်က နောက်ဆုံးမှ မြေပြိုတောင်ပြိုပြီးတော့ သူတို့နဲ့အဆက်အသွယ်မရတော့မှ လူတွေကသွားပြီး ဆက်သွယ်ကြည့်တော့ သူတို့ရွာကနေ ထွက်ဖို့လည်းခက်တယ်။ ဆက်သွယ်ဖို့လည်းခက်တော့ အဲဒီတော့မှ သူတို့ရွာလေးကို သွားကယ်ရတယ်။ ဩဂုတ် ၁၂ ရက်နေ့မှ ကျွန်မတို့ဆီကို ရောက်လာတယ်။

**မေး။ ရွာသုံးရွာကနေ ရောက်လာတဲ့ ဒုက္ခသည်တွေကို ဘယ်အတိုင်းအတာ၊ ဘယ်ကာလအထိကူညီကယ်ဆယ်စောင့်ရှောက်ထားမယ်ဆိုတာလေး ပြောပြပေးပါ။**

ဖြေ။ အတိုင်းအတာတစ်ခုအရတော့ သူတို့က သူတို့ရွာကို ပြန်လို့မရတော့ဘူး။ အကုန်လုံးက မြေတွေပြိုတယ်။ ဘေးကလည်း ပြို၊ အောက်ကလည်းဆွဲ၊ အပေါ်ကလည်းပြိုဆိုတော့ ရွာတွေကလည်းအက်ကြောင်း လိုက်နေတယ်။ နောက်ရာသီဥတုအတွက်လည်း စိတ်ချစရာမရှိဘူး။ အဲဒီတော့ ကျွန်မတို့က သူတို့ရဲ့ ဆန္ဒကို မေးတယ်။ ရွာနဲ့အနီးစပ်ဆုံးကျေးရွာလေးတွေမှာ နေမလားဆိုတော့ တချို့က မြို့ပေါ်မှာပဲ နေချင်ကြတယ်။ ကဂင်ကျေးရွာကိုတော့ အိမ်ထောင်စု ၃၄ စုမှာ ၃၀ ကို ဒီမြို့ပေါ်မှာနေမယ်ဆိုတော့ အခု မြို့ပေါ်မှာ မြေကွက်လျာထားပါပြီ။ ချင်းပြည်နယ်ဝန်ကြီးချုပ်ဆီမှာ သဘောထားခံယူမယ်။ အတည်ပြုချက်ရတာနဲ့ ချထားပြီး အပြီးပေးမယ်။ လောလောဆယ်မှာ အရေးပေါ်ရွက်ဖျင်တဲတွေ ရထားပြီးပြီ။ အဲဒါတွေနဲ့ စီစဉ်ပေးမယ်။ ဝေါင်မွာလ်ကျေးရွာကတော့ သူတို့ရွာနဲ့ နီးတဲ့နေရာ ခိုင်ကမ်းကျေးရွာဘက်မှာ ပြန်လည်နေရာချထားပေးဖို့အတွက် မြေယာလည်း ရှာထားပြီးပြီ။ အကွက်လည်းဖော်ပြီးပြီ။ ဒီရွာသုံးရွာကို ထားဖို့အတွက် ဝန်ကြီးချုပ်ဆီမှာ အတည်ပြုချက်ရယူပါမယ်။ ကျွန်မတို့ တီးတိန်မြို့နယ်ပတ်ဝန်းကျင်မှာ ဒုက္ခရောက်နေတဲ့ လူဦးရေပေါင်းဟာအားလုံး ၂၆၀၀ ကျော်ရှိတယ်။ အဲဒီသူတွေအတွက် နိုင်ငံတကာက ရထားတဲ့အလှူရှင်တွေရယ်၊ ပရဟိတတွေရယ်၊ တစ်ဦးချင်းတွေရယ်လှူထားတဲ့ ဆန်အိတ်တွေကို အကုန်လုံး လူဦးရေနဲ့အချိုးချလိုက်တယ်။ လူကြီးတစ်ယောက်ကို ဆန်နို့ဆီဘူး နှစ်ဘူး၊ တစ်နေ့လုံးစာပါ။ ကလေးတစ်ယောက်ကို တစ်ဘူးနဲ့ အချိုးချတာ လူဦးရေ ၂၆၀၀ ကို ၆ လကျော်လောက် စောင့်ရှောက်နိုင်ဖို့အတွက် စနစ်တကျပြင်ဆင်ဆောင်ရွက်ပေးတယ်။ အခြေခံစားကုန် ဆန်၊ ဆီ၊ ပဲ၊ ဆား အဲဒါတွေက ၆ လလောက်အထိ လုံလောက်မှုရှိပါတယ်။

**မေး။ တန်ဖိုးနည်းအိမ်ရာတွေကို ဆောက်လုပ်ပေးဖို့ရှိတဲ့အစီအစဉ်တွေမှာလည်း ပါဝင်ရတဲ့အခန်းကဏ္ဍလေး ရှိရင်ပြောပြပေးပါ။**

ဖြေ။ လောလောဆယ်တော့ ကျွန်မတို့က ကဂင်ကျေးရွာအတွက်ကို အလှူရှင်ရှာတော့ World Vision ကနေ တန်ဖိုးနည်းအိမ်ရာကို တာဝန်ယူလိုက်တယ်။ ပြီးတော့ ကျွန်မ နိုင်ငံတကာအလှူရှင်တွေနဲ့ ချိတ်ဆက်တဲ့အခါ ရွာတွေရဲ့အကြောင်းလေးတွေ၊ တကယ်ပျက်စီးဆုံးရှုံးတဲ့ရွာလေးတွေရဲ့အခြေအနေတွေကို မေးကြတယ်။ အဲဒီတော့ ဆွစ်ဇာလန်အခြေစိုက် ပရဟိတအဖွဲ့ရယ်၊ စင်ကာပူကအဖွဲ့ရယ်၊ ဩစတြေးလျက အဖွဲ့ရယ် ပူးပေါင်းပြီးတော့ သူတို့က ဝေါင်မွာလ်ကျေးရွာကို အတည်ပြုမယ်ဆိုပြီး ဆက်သွယ်လာတယ်။ သွပ်တို့ သံတို့၊ ခေါင်ရိုက်တဲ့အုတ်တွေဘာတွေ အားလုံးတာဝန်ယူမယ်။ နောက်တစ်ခုက အရေးပေါ်ကယ်ဆယ်ရေး ရွက်ဖျင်တဲတွေကို ဒီဒေသက မမြင်ဖူး မသုံးဖူးတော့ တဲထိုးတာကအစ အခက်အခဲဖြစ်တယ်။ ကျွန်မတို့က မီးသတ်အဖွဲ့တွေကိုခေါ်ပြီး တဲထိုးနည်းတွေပြကာ ထားရမယ့်နေရာ အကွာအဝေးတွေကို မီးသတ်အဖွဲ့ကို သေချာဖြန့်ဝေသင်ပေးထားပါတယ်။ အခု မြေနေရာသတ်မှတ်ချက် အတည်ပြုပြီးတာနဲ့ နေရာချထားပေးဖို့ဆောင်ရွက်မှာဖြစ်ပြီး အိမ်ဆောက်လုပ်ဖို့ ပွင့်လင်းရာသီမှ စတင်လို့ရမှာ ဖြစ်ပါတယ်။ အခုရာသီဥတုအခြေအနေအရ ရွှေ့တဲ့နေရာတွေမှာ မြေကြီးရဲ့အခက်အခဲဖြစ်မှာစိုးရိမ်နေတယ်။ အောက်တိုဘာလလယ် နိုဝင်ဘာလဆန်းမှာ စီမံချက်တွေ စတင်နိုင်မှာဖြစ်ပါတယ်။

**မေး။ World Vision က ကဂင်ကျေးရွာကို ပံ့ပိုးပေးမယ်ဆိုတော့ ဘယ်နှအိမ်လောက်ကိုဆောက်လုပ်ပေးမှာပါလဲ။**

ဖြေ- ကဂင်ကျေးရွာက မြို့ပေါ်မှာ နေမယ့်သူတွေကို စာရင်းကောက်တော့ တချို့က မွေးထားတဲ့ တိရစ္ဆာန်တွေ ရှိလို့ဆိုပြီး ကျေးရွာနဲ့ တစ်မိုင်လောက်ဝေးတဲ့နေရာမှာ ၁၂ အိမ်က သွားပြန်ဆောက်တယ်။ မြို့ပေါ်မှာနေမယ့် အိမ်က အလုံး ၃၀ လောက်ရှိတယ်။ အဲဒါတွေကို World Vision က ကျပ်သိန်း ၂၀ တန် တန်ဖိုးနည်းအိမ်ရာတွေကို ဆောက်လုပ်ပေးမှာဖြစ်ပါတယ်။ သူတို့ဆောက်ပေးမယ့် ပုံစံကတော့ ဘယ်လိုပုံစံလဲတော့ မသိသေးပါဘူး။ ဒီဘက်ဒေသက လေကြမ်းတယ်။ မိုးများတယ်။ ပြင်ညီမရှိဘူး။ များသောအားဖြင့် တောင်စောင်းတွေမှာဆောက်တယ်။ တောင်စောင်းမှာ ခြေတိုင်ရှည်ကြီးတွေနဲ့ဆောက်ကြတာဆိုတော့ ကျွန်မတို့ ပြည်မဘက်မှာ ဆောက်ပေးမယ့် တန်ဖိုးနည်းအိမ်ရာပုံစံမျိုးက ဒီဘက်မှာအဆင်မပြေနိုင်ပါဘူး။

**မေး။ အခြားသော အဖွဲ့အစည်းတွေ ပါဝင်ဆောင်ရွက်မှုတွေရှိရင်လဲ သိချင်ပါတယ်။**

ဖြေ။ World Vision ကတော့ ကဂင်ကျေးရွာအတွက်ကို အကုန်လုံး တာဝန်ယူပေးပါတယ်။ အိမ်ဆောက်ဖို့၊ ရေကောင်းရေသန့်ရရှိဖို့ကိုလည်း တာဝန်ယူတယ်။ Save the Children က ဘယ်ရွာမှာပဲဖြစ်ဖြစ် ယင်လုံအိမ်သာကို တာဝန်ယူမယ်လို့ ကျွန်မတို့ အကြိုသဘောတူညီစာချုပ်ချုပ်ဆိုထားပါတယ်။ ဆွစ်ဇာလန်၊ စင်ကာပူ၊ ဩစတြေးလျရယ် နိုင်ငံတကာပရဟိတအဖွဲ့တွေက သုံးခုပေါင်းပြီး အိမ်ထောင်စုများတဲ့ ဝေါင်မွာလ်ကျေးရွာကို တာဝန်ယူလိုက်တယ်။သွပ်တို့ အိမ်တဲအမိုးတို့ အိမ်ဆောက်ပစ္စည်းသစ်တွေကို သူတို့က မန္တလေးကနေ ပို့ပေးမယ်။



**တီးတိန်မြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းတွင် ကလေးငယ်များ ဆော့ကစားနေသည်ကို တွေ့ရစဉ်။**



**တီးတိန်မြို့နယ်ရှိ ကယ်ဆယ်ရေး စခန်း တာဝန်ခံ ဒေါ်ခင်စန်းကြွယ်**

နိုင်ငံတော်အစီအစဉ်နဲ့ ဘယ်လို သယ်ပေးလို့ရမလဲဆိုပြီး လှမ်းချိတ်ဆက်တယ်။ သူတို့ဆီက စာတွေ မေးလ်တွေရတာနဲ့ အစိုးရအဖွဲ့ကို တင်ပြပေးမှာပဲ ဖြစ်ပါတယ်။

**မေး။ အခုလို ပြန်လည်ထူထောင်ရေးတွေကို နိုင်ငံတော်နဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ပရဟိတအဖွဲ့တွေ၊ ပြည်သူတွေက ဘက်ပေါင်းစုံက ပါဝင်ကူညီဆောင်ရွက်နေတဲ့အခါမှာ ဖြစ်လာမယ့် အကျိုးဆက်တွေ မျှော်လင့်မှုတွေကို ပြောပြပေးပါ။**

ဖြေ။ အခုလို တတ်နိုင်တဲ့အဖွဲ့အစည်းတွေက တတ်နိုင်သလို တာဝန်ယူပေးသွားတော့ နိုင်ငံတော်အနေနဲ့ ပြည်နယ်အစိုးရအဖွဲ့က ရွာတွေလုပ်ပေးပြီးသွားရင် စံပြကျေးရွာတွေအဖြစ် တိုးတက်လာမယ်။ ပြီးရင် ဆေးရုံ၊ ဆေးခန်း ဆောက်ပေးမယ်။ စာသင်ကျောင်းဆောက်ပေးမယ်။ စာကြည့်တိုက်ထားပေးမယ်။ ဒါက နိုင်ငံတော်ကနေပြီး လိုအပ်တဲ့နေရာတွေမှာ လိုအပ်ချက်တွေကို ဆောင်ရွက်မယ်။ ရေကောင်းရေသန့်ရရှိရေးတွေ ဆောင်ရွက်ပေးမယ်။ နိုင်ငံတော်ကပေးမယ့် ငွေကြေးနဲ့ အဲဒါတွေကို အကောင်အထည်ဖော်ဖို့ ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနနဲ့လည်း အစည်းအဝေးထိုင်ပြီးပါပြီ။ ထင်ဇန်ရွာဆိုရင် သူတို့ကလူတွေနဲ့ ပတ်သက်ဆက်စပ်မှု ဝေးသွားပြီး တောလိုက်ရင်းနဲ့ အဲဒီမှာပဲ နေလိုက်ကြတာ။ အခုလို ဘေးကြုံတော့ လူတွေနဲ့ဆက်ဆံရေးက တစ်မျိုးဖြစ်နေတယ်။ ဝေးနေတယ်။ အဲဒါကြောင့် ကျွန်မတို့က မြို့ပေါ်ပြန်ခေါ်ထားတယ်။ မြို့မှာနေတော့ အလုပ်အကိုင်တွေ အဆင်ပြေတယ်။ အမျိုးသမီးတွေအတွက် သိုးမွှေးထိုးလုပ်ငန်းရယ်၊ မာဖလာထိုးလုပ်ငန်းရယ် သင်တန်းလေးတွေ ဆောင်ရွက်ပေးဖို့ လုပ်ထားတယ်။ သူတို့ကို နေရာရွှေ့ပြောင်းပေးပြီးရင် နေရာရှာပြီး အမျိုးသမီးတွေအတွက် ဝင်ငွေတိုးလုပ်ငန်း လုပ်ပေးဖို့ လုပ်ထားတယ်။ ပုံမှန်ဝင်ငွေ၊ ပုံမှန်အလုပ်အကိုင်လေးတွေနဲ့ ဆောင်ရွက်လာနိုင်မယ်ဆိုရင် ရုပ်ပိုင်းဆိုင်ရာတွေ စိတ်ပိုင်းဆိုင်ရာတွေ ပြောင်းလဲသွားမယ်လို့ မြင်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

# ကသာမြို့နယ်အတွင်းရှိကျေးရွာများသို့ ရေဘေးအသိပညာပေးစာစောင်များဝေငှ

**ကသာ စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့သည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင် တည်ရှိ၍ ယခုအခါ ဧရာဝတီမြစ်ရေတိုးချိန်ဖြစ်ပြီးစိုးရိမ်ရေမှတ်သို့ ရောက်ရှိရန်တစ်ပေသာလိုကြောင်း သိရသည်။ ကသာမြို့အနိမ့်ပိုင်းရပ်ကွက်ဖြစ်သောရပ်ကွက် (၁၀) သို့ ရေဝင်ရောက်နေပြီး မြစ်ကမ်းဘေးကျေးရွာများသည်လည်း ရေဝင်နေကြောင်း သိရသည်။ စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် ကသာမြို့နယ် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်အေးမြမွန်နှင့်အဖွဲ့ဝင်များ၊ ကသာမြို့နယ် မီးသတ်ဖွဲ့ဝင်များသည် ကသာမြို့နယ်အတွင်းရှိ ရေလွှမ်းမိုးနေသော လက်ပံဇင်ကျေးရွာ၊ စစ်ကုန်းကျေးရွာ၊ အောက်သဖန်းဒေါင့်ကျေးရွာ၊ မြိုင်သာယာကျေးရွာ၊ ဒုံးအော့ကျေးရွာ၊ ပုလွေရွှေကျေးရွာ၊အင်းဒရန့်ကျေးရွာများသို့



သွားရောက်ခဲ့ပြီး ရေဘေးအန္တရာယ်အသိပညာပေးလက်ကမ်းစာစောင်များဝေငှခဲ့ကြောင်း သိရသည်။

ပြန်/ဆက်ဦးစီးဌာနမှရေဘေးအန္တရာယ်အသိပညာပေးလက်ကမ်းစာစောင်များကို စက်တင်ဘာ ၄ ရက်ကလည်း ကသာမြို့ ရပ်ကွက် (၁၀) နှင့် ရပ်ကွက် (၈) တွင်ဝေငှခဲ့ကြောင်း သိရသည်။

ကသာမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က ရေနစ်မြုပ်နေသောကျေးရွာများ၏စာသင်ကျောင်းများအခြေအနေ၊ ကျွဲ၊နွားများထားရှိထားမှု အခြေအနေများကိုပါကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အေးလွင်(ကသာ)**

■

# စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၅**

မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ စာရေးနည်းအခြေခံ လမ်းညွှန်သင်တန်းအမှတ်စဉ် (၆)သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံစာရေးဆရာအသင်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ စည်သူဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ (၁) ဦးကျော်ဝင်း(မနုဿကျော်ဝင်း)က မုဒိတာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ (၃) သင်တန်းမှူး ဆရာမ ဒေါ်ကြူကြူသင်းက စာပေပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဥက္ကဋ္ဌစည်သူဦးတင်လှိုင်က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် စာပေပြိုင်ပွဲဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ရာ ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ပြဇာတ်တို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ၊ သင်တန်းသားထူးချွန်ဆုများကို မြန်မာနိုင်ငံစာရေးဆရာအသင်းမှ တာဝန်ရှိသူများက ချီးမြှင့်ကြပြီး ဆုရရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**

❂ ❂ ❂

ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာ

# မဲပေးပိုင်ခွင့်ရှိသူတိုင်းအတွက် ပယ်မဲမဖြစ်စေရေး

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပတော့မည်ဖြစ်ရာ ရက်ပေါင်း (၆၃) ရက်သာလိုပါတော့သည်။ မဲဆန္ဒပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးရန် အရေးကြီးသကဲ့သို့ မိမိပေးလိုက်သော မဲများသည်လည်း ပယ်မဲမဖြစ်စေရန် ပို၍ပင် အရေးကြီးပါသည်။

သို့ဖြစ်ခြင်းကြောင့် ခိုင်လုံမဲ၊ ပယ်မဲများနှင့် ပတ်သက်၍ အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် အလို့ငှာ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၆ နှင့် ၁၁တို့တွင် ဖော်ပြခဲ့သော "ပယ်မဲ မဖြစ်ရေး" ဆောင်းပါးမှ သိမှတ်ဖွယ်ရာများကို ပြန်လည်ကောက်နုတ်ဖော်ပြလိုက်ပါသည်။




နမူနာ-၇




နမူနာ-၈

လာမည့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဆန္ဒမဲပေးကြရာတွင် နမူနာ(၇)တွင် ဖော်ပြထားသည့်အတိုင်း မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ ညာဘက်အကွက်တွင် တံဆိပ်မနှိပ်မိဘဲ ကိုယ်စားလှယ်လောင်း၏ အမှတ်အသား၌ တံဆိပ်နှိပ်မိပါက ယင်းသည် ခိုင်လုံမဲအဖြစ် အကျုံးဝင်ပါသည်။

ထို့ပြင် မဲလက်မှတ်နမူနာ(၈) တွင် ပြသထားသည့်အတိုင်း ကိုယ်စားလှယ်လောင်း ဦးပန်းသီး၏ အကွက်တွင် တံဆိပ်နှိပ်ရာ၌ တံဆိပ်သည် ဒေါ်ဖရဲသီး၏ အကွက်အတွင်းသို့ အနည်းငယ်ရောက်ရှိသွားလျှင်လည်း တံဆိပ်၏ ဧရိယာအများစုသည် ဦးပန်းသီး၏ အကွက်အတွင်း၌သာရှိနေသဖြင့် ဦးပန်းသီးအား ဆန္ဒပြုထားသော ခိုင်လုံမဲအဖြစ်






၂၀၁၅ ရွေးကောက်ပွဲတွင် မဲပေးရာ၌ အသုံးပြုမည့် တံဆိပ်တုံးပုံစံနမူနာ။

လက်ခံမည်ဖြစ်ပါသည်။

မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် အထူးသတိချပ်ရမည့် အကြောင်းရင်းတစ်ချက်မှာ မဲပေးရာ၌ မဲလက်မှတ်ပေါ်တွင် ပထမအကြိမ် တံဆိပ်နှိပ်လိုက်စဉ် မထင်မရှားဖြစ်(မှိန်)နေလျှင် ဖြစ်စေ၊ မိမိဆန္ဒပြုလိုသော အကွက်အတွင်းသို့ တံဆိပ်တုံးတစ်ခုလုံး မကျရောက်ခဲ့လျှင်ဖြစ်စေ တံဆိပ်တုံးကို နောက်တစ်ကြိမ်ထပ်မံမနှိပ်မိစေရန် ဂရုပြုရမည်ဖြစ်သည်။

တံဆိပ်တုံးကို တစ်ကြိမ်ထက်ပို၍ နှိပ်ထားသည့် မဲလက်မှတ်များအားလုံးသည် ပယ်မဲအဖြစ်သို့ ရောက်ရှိသွားမည်ဖြစ်ခြင်းကြောင့် သေချာဂရုစိုက်၍ တစ်ကြိမ်သာနှိပ်ကြရန် လိုအပ်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ဂျပန်နိုင်ငံသို့လေ့လာရေးစေလွှတ်မည့် ထူးချွန်ကျောင်းသူကျောင်းသားများအားဂုဏ်ပြု

**ရန်ကုန် စက်တင်ဘာ ၅**

မြန်မာ-ဂျပန်အသင်း (Myanmar Japan Association - MJA) ၏ ဦးစီးစီစဉ်မှုဖြင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ ၂၀အား ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးစေလွှတ်မည်ဖြစ်ပြီး ယင်းသို့မစေလွှတ်မီ ဂုဏ်ပြုညစာစားပွဲကို စက်တင်ဘာ ၃ ရက် ညပိုင်းတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အဖွင့်စကားပြောကြားပြီး မြန်မာ-ဂျပန်အသင်းဥက္ကဋ္ဌ ဦးစောလှမင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Tateshi HIGUCHI က အမှာစကားပြောကြားပြီး ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းခမ်းနောင့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ ထို့နောက် ဂျပန်ခရီးစဉ်သို့ သွားရောက်မည့် ကျောင်းသား ကျောင်းသူ ၂၀တို့အား ဂုဏ်ပြုလက်မှတ်များ အသီးသီး ပေးအပ်သည်။ ယင်းနောက်ခရီးစဉ်တွင်လိုက်ပါမည့် ကျောင်းသားကျောင်းသူများကိုယ်စား မသော်သော်ဟန်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ခရီးစဉ်တစ်လျှောက်ကျသင့်သည့်ကုန်ကျစရိတ်များကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ အဓိကတာဝန်ယူပြီး ဂျပန်နိုင်ငံ Mitsuiကုမ္ပဏီ၊ Skynet ရုပ်သံလိုင်းတို့မှပံ့ပိုးလှူဒါန်းကြသည်။ ထို့အပြင် ကျောင်းသားကျောင်းသူများ၏ ခရီးစဉ်တစ်လျှောက် ကိုယ်ပိုင်အသုံးစရိတ်များကိုလည်း ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းခမ်းနောင့်နှင့် Golden Investment တို့က အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဤခရီးစဉ်တွင် လိုက်ပါကြမည့် ကျောင်းသားကျောင်းသူ ၂၀ သည် ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အောင်မြင်ခဲ့သူ ၂၂၄၈၄၇ ဦးအနက် မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ရွေးချယ်ခြင်းခံရသည့်ထူးချွန်ကျောင်းသားကျောင်းသူများဖြစ်ကြသည်။

ဤလေ့လာရေး ခရီးစဉ်သည် ၂၀၁၅ခုနှစ် စက်တင်ဘာ ၅ ရက်မှ စတင်၍ စက်တင်ဘာ ၁၃ ရက်အထိ ဂျပန်နိုင်ငံသို့ ကိုးရက်ကြာသွားရောက်မည့်ခရီးစဉ်ဖြစ်ကြောင်း သိရသည်။

အလားတူပင် ၂၀၁၃-၂၀၁၄ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ ၂၀ ကိုလည်း ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်းက ရှစ်ရက်ကြာ ဂျပန်နိုင်ငံလေ့လာရေးခရီးစဉ်ကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ အဓိကတာဝန်ယူပံ့ပိုးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**




# အနုပညာရှင်များအသင်းနှင့် တပ်ကုန်းညွှန့်ပေါင်းအသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲကျင်းပ

**တပ်ကုန်း စက်တင်ဘာ ၅**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့တွင် မြို့ရွှေမန်းသားလေး ဖိုးချစ်ခေါင်းဆောင်သော အနုပညာရှင်များပါဝင်သည့် ဘောလုံးရူးလေးများအသင်းနှင့် တပ်ကုန်းညွှန့်ပေါင်းဘောလုံးအသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၅ ရက် ညနေပိုင်းတွင် တပ်ကုန်းမြို့နယ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပြိုင်ပွဲမစတင်မီ ဘောလုံးရူးလေးများအသင်းမှ အနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ဘောလုံးရူးလေးများအသင်းက တပ်ကုန်းညွှန့်ပေါင်းဘောလုံးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲကို တပ်ကုန်းမြို့နယ်မှ မျိုးဆက်သစ်ရွက်ပုန်းသီးအားကစားသမားများ ပေါ်ထွန်းလာစေရေး၊ တပ်ကုန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ စိတ်ပျော်ရွှင်မှုရရှိရေး၊ အားကစားကို ပိုမိုချစ်မြတ်နိုးစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း မြို့နယ်အားကစားဆပ်ကော်မတီမှ ဦးတင်ဝင်းက ပြောသည်။

ပြိုင်ပွဲအပြီးတွင် မြို့ရွှေမန်းသားလေးဖိုးချစ်ခေါင်းဆောင်သော ဘောလုံးရူးလေးများအသင်းက တပ်ကုန်းမြို့နယ် အား/ကာကော်မတီသို့ အလှူငွေကျပ် ငါးသိန်းပေးအပ်လှူဒါန်းခဲ့သည်။ ပြိုင်ပွဲသို့ အားကစားဝါသနာရှင်ပရိသတ်များ ကွင်းလုံးပြည့် တစ်ခဲနက်လာရောက်အားပေးခဲ့ကြကြောင်း သိရသည်။


**(ဇင်ဘို)**



အနုပညာရှင် ဂျေညီညီ ဖျော်ဖြေတင်ဆက်နေမှုကို တွေ့ရစဉ်။

ပြန်လည်ထူထောင်ရေး

# ညောင်တုန်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား အစားအသောက်နှင့် ထောက်ပံ့ပစ္စည်းများလှူဒါန်း



**ညောင်တုန်း စက်တင်ဘာ ၅**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဘောလုံးအသင်းနှင့် အနုပညာရှင်များက ညောင်တုန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား စက်တင်ဘာ ၅ ရက် မွန်းလွဲပိုင်းတွင် အစားအသောက်နှင့် ထောက်ပံ့ပစ္စည်းများ သွားရောက်လှူဒါန်းခဲ့ကြသည်။

ထိုသို့သွားရောက်လှူဒါန်းခဲ့မှုနှင့်ပတ်သက်၍ "ပြည်သူတွေဆိုတာ ကျွန်တော်တို့ အနုပညာရှင်တွေရဲ့ ကျေးဇူးရှင်တွေပါ။ သူတို့ အခက်အခဲဖြစ်နေတဲ့အချိန်မှာ ကိုယ်နိုင်သလောက် ကူညီပေးတာပါ။ ရေဘေးသင့်ဒေသတွေကို ကိုယ်တိုင် သွားရောက်မလှူရသေးလို့ အခုလိုအနုပညာရှင်ညီအစ်ကို မောင်နှမတွေနဲ့ လာရောက်လှူဒါန်းခြင်းဖြစ်ပါတယ်။ နောက်ထပ် လှူဒါန်းသွားဖို့လည်း စီစဉ်နေပါတယ်"ဟု ဦးစီးဆောင်ရွက်သူ အနုပညာရှင် မင်းထက်က ပြောသည်။

ယင်းသို့သွားရောက်လှူဒါန်းရာတွင် ညောင်တုန်းမြို့နယ် ပါလှဲအောက်စုအတွင်းရှိ ပါလှဲအပေါ်ပိုင်း၊ ပါလှဲ အောက်ပိုင်းနှင့် သုံးအိမ်တန်းကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအတွက် ကျပ်သိန်း ၄၀ ကျော်တန်ဖိုးရှိ ဆန်၊ အစားအသောက်နှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

ထို့ပြင် ချင်းပြည်နယ် ဟားခါးမြို့ရှိ သဘာဝဘေးရင်ဆိုင်ကြုံတွေ့နေရသည့် ပြည်သူများထံသို့လည်း မကြာမီ ရက်ပိုင်းအတွင်း သွားရောက်လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**ဇော်ကြီး (ပဏီတ)**

# ကျိုင်းလပ်မြို့ရှိ ရေဘေးသင့်ကျေးရွာများတွင် ငွေကျပ်သိန်း ၁၆၀ ကျော်ဖြင့် လမ်း၊ တံတား၊ ရေနှင့် မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**တာချီလိတ် စက်တင်ဘာ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ ရေဘေးသင့်ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လမ်း၊ တံတားတည်ဆောက်ခြင်း၊ သောက်သုံးရေရရှိရေး၊ ဆိုလာမီးရရှိရေးနှင့် ယင်လုံအိမ်သာတည်ဆောက်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ကွင်းဆင်းစိစစ်ဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂ ရက် ညနေပိုင်းက စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာ၌ ကျကကျေးရွာတွင် ငွေကျပ် ၃၉ သန်းဖြင့် အရှည် ၆၅ ပေ၊ အကျယ် ၁၄ ပေရှိ သစ်သားတံတား တည်ဆောက်မည့်လုပ်ငန်း၊ ကော်ကော့ကျေးရွာတွင် ငွေကျပ် ၁၂ သန်းဖြင့် အရှည်ပေ ၂၀၊ အကျယ် ၁၄ ပေ သစ်သားတံတား တည်ဆောက်မည့်လုပ်ငန်း၊ ကျကကျေးရွာတွင် ငွေကျပ် ၁၃ ဒသမ ၂၅ သန်းဖြင့် တစ်မိုင် လေးဖာလုံ ရှည်လျားသည့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း၊ ပါနွန်ကျေးရွာတွင် ငွေကျပ် ၃ ဒသမ ၄၅ သန်းဖြင့် အုတ်ရေကန်တည်ဆောက်မည့်လုပ်ငန်း၊ နမ့်ကိုင်းကျေးရွာတွင် ငွေကျပ် ၅ ဒသမ ၅ သန်းဖြင့် အရှည်တစ်မိုင်ရှိ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း၊ နမ့်ဝမ်း(၁)၊ နမ့်ဝမ်း(၂)နှင့် နမ့်ဝမ်း(၃)ကျေးရွာများတွင် ငွေကျပ် ၁၃ ဒသမ ၇၅ သန်းဖြင့် နှစ်မိုင် လေးဖာလုံအရှည် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း၊ နမ့်ဖြန်ကျေးရွာတွင် ငွေကျပ် ၈ ဒသမ ၂၅ သန်းဖြင့် တစ်မိုင် လေးဖာလုံအရှည် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း၊ ကော်ကော့ကျေးရွာတွင် ငွေကျပ် ၁ ဒသမ ၃၇၅ သန်းဖြင့် အရှည် နှစ်ဖာလုံရေပိုက်သွယ်တန်းခြင်းလုပ်ငန်း၊ ဝမ်မီးမိုင်ကျေးရွာတွင် ငွေကျပ် ၅ ဒသမ ၅ သန်းဖြင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း၊ ငွေကျပ် ၅၇ သန်းဖြင့် ကျကကျေးရွာနှင့် ပါနွန်ကျေးရွာတွင် ဆိုလာ Complete Set ၁၃၆ စုံ၊ နမ့်ဖြန်ကျေးရွာတွင် ဆိုလာ Complete Set ၇၉စုံ၊ နမ့်ဝမ်း (၁)၊ (၂)၊ (၃)ကျေးရွာများအတွက် ဆိုလာ Complete Set ၁၆ စုံ၊ ဝမ်မီးမိုင်ကျေးရွာတွင် ဆိုလာ Complete Set ၂၉ စုံ၊ နမ့်ကိုင်းကျေးရွာတွင် ဆိုလာ Complete Set ၂၅စုံ တပ်ဆင်ခြင်းလုပ်ငန်းနှင့် နမ့်ဖြန်ကျေးရွာတွင် ငွေကျပ် ၁ ဒသမ ၃၅ သန်းဖြင့် အိမ်ထောင်စုသုံး ယင်လုံအိမ်သာကိုးလုံး တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ဆောင်ရွက်ပေးနိုင်ရန် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ပြီး နမ့်ဖြန်ကျေးရွာနှင့် ပါနွန်-ကျကကျေးရွာများတွင် ကွန်ကရစ်လမ်းခင်းနေမှုနှင့် ရေရရှိရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(မြန်/ဆက်)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ၂၀၁၅ ခုနှစ် ဇွန်လမှ စက်တင်ဘာလအထိ ပေးပို့ထောက်ပံ့မှုအခြေအနေ ဇယားချုပ်(၅-၉-၂၀၁၅)

နေပြည်တော် စက်တင်ဘာ ၅

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီး သုံးခုနှင့် ပြည်နယ်နှစ်ခုတွင် လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ စက်တင်ဘာ ၅ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင် လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၂၆၁၅၀ စုမှ လူဦးရေ ၁၆၂၇၇၁၈ ဦး ရေဘေးသင့်ခဲ့ပြီး ၁၂၉ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၈၉၄၁၇၉၀၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၆၇၂၉၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၂၉၃၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၃၃၇၂၅၀၇၅၆ နှင့် သေဆုံးမှုထောက်ပံ့ကြေးငွေကျပ် ၁၀၉၀၀၀၀၀၊ ပြန်လည်ထူထောင်ရေးအတွက် တန်ဖိုးငွေကျပ် ၂၉၃၃၁၅၂၇၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၈၇၇၀၀၃၁၅၆ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | ပြန်လည်ထူထောင် ရေးအတွက် | စုစုပေါင်း | |
| ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ | | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | - | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၁၄ | ၁၀၀၀၀၀ | - | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | - | ၂၈၁၀၅၂ | |
| | ပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | - | ၆၃၀၄၅၇၁၀ | |
| ဇူလိုင်လ (၁၆) ရက်နေ့မှ စက်တင်ဘာလ (၅)ရက်နေ့အထိ | | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၂၃ | ၈၄၈၄၀ | ၄၀၇၃၉၄ | ၂၄ | ၃၃၈၂၃၃၀၀ | ၁၄၈၅၀၀၀ | ၁၉၇၅၀၀၀၀ | ၆၀၅၂၅၈၀၀ | ၂၀၀၀၀၀၀ | - | ၁၁၇၅၈၄၁၀၀ | |
| ၂။ | ကချင်ပြည်နယ် | ၆၉ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၄၀၃၅၉၀၆ | ၁၀၀၀၀၀ | ၄၂၈၃၄၇၅၀ | ၆၂၄၂၀၉၅၆ | |
| ၃။ | ရှမ်းပြည်နယ် | ၁၂၈ | ၁၀၃၂ | ၅၃၂၉ | ၉ | ၁၆၉၉၂၀၀ | - | ၄၈၅၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | - | ၁၂၅၄၈၉၂၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၁၆၅၀၀ | - | ၉၂၅၀၀၀၀ | ၃၃၅၃၃၇၃၀ | ၁၁၀၀၀၀၀ | - | ၅၃၃၂၀၂၃၀ | |
| ၅။ | ချင်းပြည်နယ် | ၂၉၂၅ | ၄၂၇၁ | ၂၁၆၀၈ | ၁၂ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | - | ၅၇၀၁၉၉၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၃၇၄၁ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၆၀၀၀၀၀ | ၁၅၀၄၈၀၅၂၀ | ၂၂၈၃၈၁၈၉၀ | |
| ၇။ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | ၄၅ | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၂၆၉ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၁၀၄၁၂၃၂၀ | - | - | ၁၀၄၁၂၃၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၁၄ | ၆၄၁၁၀ | ၁၀၅၄၀၀ | ၂ | ၅၇၆၀၀၀၀ | - | - | ၅၇၃၅၂၆၅၀ | - | ၁၀၀၀၀၀၀၀၀ | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၅၁ | ၁၁၉၂၁၉ | ၄၉၆၁၁၆ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | - | ၅၇၂၆၁၆၂၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၃၀၈၂ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | - | ၁၀၅၆၉၃၉၀ | |
| | စုစုပေါင်း | ၂၁၂၂၁ | ၄၀၂၃၇၈ | ၁၆၁၂၈၀၇ | ၁၂၂ | ၈၅၈၇၀၅၅၀ | ၁၂၉၃၆၄၅၀ | ၈၉၀၉၀၀၀၀ | ၃၂၁၅၄၅၁၇၆ | ၁၀၂၀၀၀၀၀ | ၂၉၃၃၁၅၂၇၀ | ၈၁၂၉၅၇၄၄၆ | |
| | **ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လစုစုပေါင်း** | **၂၁၆၂၆** | **၄၀၄၅၂၄** | **၁၆၂၇၇၁၈** | **၁၂၉** | **၈၉၄၁၇၉၀၀** | **၁၆၇၂၉၂၃၀** | **၁၂၉၃၉၀၀၀၀** | **၃၃၇၂၅၀၇၅၆** | **၁၀၉၀၀၀၀၀** | **၂၉၃၃၁၅၂၇၀** | **၈၇၇၀၀၃၁၅၆** | |

## ပြန်လည်ထူထောင်ရေး

# ရေဘေးကယ်ဆယ်ရေး အလှူငွေပေးအပ်ပွဲ ကျင်းပ

**ခန္တီး စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ရေဘေးကယ်ဆယ်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ခန္တီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် သတ္တုတွင်းဝန်ကြီးဌာနနှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက လှူဒါန်းငွေကျပ် သိန်း ၁၀၀၀၊ ကမ္ဘောဇဘဏ်နှင့် အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၁၀၀၊ မြောက်ကျွန်းသူမမကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ ကျောက်စိမ်းပဒေသာ ကျောက်မျက်ကုမ္ပဏီနှင့် ညီနောင်ကုမ္ပဏီတို့က ဆန်အိတ် ၁၀၀၊ ခိုင်နန်းရွှေကျောက်မျက်ကုမ္ပဏီနှင့် ညီနောင်ကုမ္ပဏီတို့က ဆန်အိတ် ၁၀၀၊ မင်းထက်ဦးကုမ္ပဏီနှင့် ညီနောင်ကုမ္ပဏီတို့က ပဲဆီ ၁၀ ပုံးနှင့် ပဲနီအိတ် ၂၀၊ ရွှေနောင်ယန်းကုမ္ပဏီက ဆန်အိတ် ၅၀၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က ဆန်သုံးအိတ်နှင့် မြေထောက်ပဲ တစ်အိတ်၊ ပြင်ဦးလွင်နည်းပညာဆရာအဖွဲ့က ရေသန့်ကတ် ၅၀၊ အမေ့မေတ္တာရှင် ပရဟိတ(မန္တလေး)က ပစ္စည်းကိုးမျိုးပါ အိတ် ၃၀၊ ဝေနေယျပါလ(ခန္တီး)က ပစ္စည်းသုံးမျိုးပါ အိတ် ၈၀၊ စိန်သန်းသန်းရေယာဉ်၊ မြတ်သူဇာရေယာဉ်၊ ရွှေရည်မိုးရေယာဉ်က ရေသန့်ကတ် ၃၀၊ ကိုအောင်နိုင်ဝင်း-မရီချို(မုံရွာ)က ရေသန့်ကတ် ၁၀၀၊ မြတ်ကောင်းသန့်(မုံရွာ)က ရေသန့်ကတ် ၂၀ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦး၊ ခန္တီးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးလွင်၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမင်းစိုးနှင့် အလှူရှင်များ၊ စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ချန်လော(ခရိုင် ပြန်/ဆက်)**



# ရေကြီးနစ်မြုပ်လယ်မြေများ၌ ကောက်စိုက်စက်ဖြင့် သရုပ်ပြကောက်စိုက်

**အောင်လံ စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ဇေယျာကျေးရွာအုပ်စု တောင်သူ ဦးသန်းလွင်၏ လယ်မြေတွင် ကောက်စိုက်စက်ဖြင့် သရုပ်ပြကောက်စိုက်ခြင်းကို စက်တင်ဘာ ၄ ရက်က ပြုလုပ်ရာ သရက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ခရိုင်မျိုးစေ့တာဝန်ခံ၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ၊ အောင်လံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုခြောက်အုပ်စုမှ လေ့လာသူ တောင်သူ ၇၅ ဦးနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ယင်းသရုပ်ပြကောက်စိုက်ပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးဌေးမောင်က ကောက်စိုက်စက်ဖြင့် စိုက်ခြင်းအားဖြင့် ရေကြီးနစ်မြုပ်လယ်မြေများအား လုပ်သားအင်အားမလိုဘဲ အချိန်တိုအတွင်း အချိန်မီပြီးစီးအောင် စိုက်ပျိုးနိုင်မည်ဖြစ်ပြီး သာမန်ပျိုးထောင်မှုတွင် တစ်ဧကလျှင် မျိုးစေ့နှစ်တင်းမှ သုံးတင်းအထိ ကုန်ကျမည်ဖြစ်သော်လည်း ပျိုးကြဲစက်ဖြင့် ပျိုးထောင်ပါက တစ်ဧက မျိုးစေ့တစ်တင်းသာ ကုန်ကျမည်ဖြစ်သည်။

တစ်ဧကလျှင် ကောက်ပင် ၁၃၀၀၀၀ ဝင်ဆံ့သဖြင့် တောင်သူများ လုပ်သားရှားပါးမှုကို ကျော်လွှားနိုင်ပြီး အချိန်တိုအတွင်း စိုက်ပျိုးနိုင်မှုနှင့် စပါးအထွက်တိုးရေးတို့အတွက် များစွာအကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

# မော်လိုက်မြို့တွင် ချင်းတွင်းမြစ်ရေ ဆက်လက်မြင့်တက်

## ရုံးကြီးရပ်ကွက်နှင့် ဌာနဆိုင်ရာရုံးအချို့ ရေဝင်ရောက်လျက်ရှိ

**မုံရွာ စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဩဂုတ်လကုန်ပိုင်းက နေရာကွက်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေသည် ယနေ့ညနေ ၄ နာရီတွင် မော်လိုက်မြို့၏ စိုးရိမ်ရေမှတ် ၁၂၃၀ စင်တီမီတာကို ကျော်လွန်ပြီး ၁၄၈၈ စင်တီမီတာသို့ ရောက်ရှိကာ မော်လိုက်မြို့ပေါ်မှ ရေဝင်ရောက်ခြင်းမရှိသေးသည့် ရုံးကြီးရပ်ကွက်အတွင်းသို့ စတင်ဝင်ရောက်ခဲ့ပြီး မြို့နယ်ပညာရေးမှူးရုံး၊ ခရိုင်နှင့်မြို့နယ်မြေစာရင်းရုံး၊ ခရိုင်တိ/မွေးကုရုံး၊ စစ်မှုထမ်းဟောင်းရုံး၊ တစည်ပါတီရုံးနှင့် ခရိုင်ပြန်/ဆက်ရုံးခြံဝင်းအတွင်းသို့ ရေဝင်ရောက်ခဲ့သည်။

ရေဝင်ရောက်မှုအခြေအနေနှင့်ပတ်သက်ပြီး တာဝန်ရှိသူတစ်ဦးကလည်း "ကျွန်တော်တို့ မော်လိုက်မြို့ပေါ်မှာ ရေမဝင်သေးတာ အရာရှိရပ်ကွက်နဲ့ ရုံးကြီး နှစ်ရပ်ကွက်ကျန်သေးတယ်။ ဒီနေ့ မွန်းလွဲ ၁ နာရီခန့်မှာ ရုံးကြီးရပ်ကွက်ထဲကို ရေစဝင်နေပြီ။ အခုအနေအထားနဲ့ဆို ကျွန်တော်တို့မော်လိုက်မှာ စိုးရိမ်ရေမှတ်အထက် ရှစ်ပေခွဲခန့်အထိ ရေတက်တယ်။ မိုး/ဇလခန့်မှန်းတာ နောက်ထပ်သုံးပေခန့်တက်ဦးမယ်လို့ကြားတယ်။ ရေကြီးမှုကြောင့် လူအသေအပျောက်တော့ မကြားသေးဘူး။ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့နဲ့ ပူးပေါင်းအဖွဲ့တွေက အချိန်မီကူညီရွှေ့ပြောင်းကယ်ဆယ်ရေးတွေ လုပ်ပေးနေပါတယ်" ဟု ပြောသည်။

မော်လိုက်မြို့တွင် ချင်းတွင်းမြစ်ရေသည် နံနက် ၁၁ နာရီက ၁၄၈၁ စင်တီမီတာသို့ ရောက်ရှိနေရာမှ ညနေ ၄ နာရီတွင် ၁၄၈၈ စင်တီမီတာသို့ ထပ်မံမြင့်တက်ခဲ့ကြောင်းနှင့် မော်လိုက်မြို့တွင် ရေအမှတ်ဆက်လက်မြင့်တက်နေသော်လည်း အထက်ချင်းတွင်းဒေသရှိ ခန္တီးမြို့တွင် မြစ်ရေဆက်တိုက် ကျဆင်းနေပြီဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**

**၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၅ ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၃၃၈၉ | ၃၀၅၄၉ | ၁၅၆၆၃ | ၁၂၇၉၁ | ၆၉၁၅ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၇၄၀ | ၅၇၄၀ | ၅၇၄၀ | ၃၂၂၀ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၁၆၂၆ | ၁၈၆၉၆၂ | ၁၅၂၆၈၂ | ၁၂၁၄၀၉ | ၆၁၄၅၆ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၈၂၁၈၆ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၄၈၃၃ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၂၁၅၇၉၂ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၁၀၇၈၄၅ | ၇၆၉၄၁ | ၅၆၄၈၆ | ၁၀၅၇၇ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၄ | ၂၆၅၄ | ၄၄၆ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၅၉၃၆၂ | ၂၅၁၇၇၂ | ၂၀၉၉၇၁ | ၁၇၅၈၉ |
| | **စုစုပေါင်း** | **၁၄၆၉၅၁၉** | **၁၃၈၅၇၄၅** | **၁၁၀၉၉၅၉** | **၈၄၂၆၈၄** | **၄၁၀၂၄၉** |



# ရေဘေးသင့်ကျောင်းများအတွက် ကျောင်းအသုံးအဆောင်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၅**

မင်္ဂလာဒုံမြို့နယ် ပညာရေးမှူး၏ ကြီးကြပ်စီစဉ်မှုဖြင့် ဒုတိယပညာရေးမှူး ဦးခင်မောင်အေး ဦးဆောင်သော ပညာရေးမိသားစုက တိုက်ကြီးမြို့နယ် အဖျောက်၌ ရေဘေးသင့်ခံရသော အခြေခံပညာထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်း ၃၂ ကျောင်းရှိ ကျောင်းသားကျောင်းသူများအတွက် ကျောင်းအသုံးအဆောင် ခဲတံ၊ ဘောပင်၊ ထီး၊ ပုံနှိပ်စာအုပ်၊ ပေတံ၊ ခဲဖျက်၊ ဗလာစာအုပ်များနှင့် ကျောင်းစိမ်းအဝတ်အထည်များ၊ ခေါက်ဆွဲခြောက်၊ သုံးဆင့်ထမင်းချိုင့်၊ မိုးကာ၊ ကျောပိုးအိတ်၊ ရေသန့်ဘူးများ၊ ဆန်များကို ဩဂုတ် ၅ရက်က ပထမအကြိမ် ကျပ်သိန်း ၁၅၀ ဖိုးခန့်၊ ဩဂုတ် ၂၅ ရက်က ဒုတိယအကြိမ် ကျပ်သိန်း ၂၀ ဖိုးခန့်၊ စက်တင်ဘာ ၄ ရက်က တတိယအကြိမ်အဖြစ် ကျပ် ၃၅ သိန်းကျော် စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၂၀၀ ကျော်တန်ဖိုးရှိပစ္စည်းများကို သက်ဆိုင်ရာကျောင်းမှ ဆရာ ဆရာမများထံသို့ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(ဝင်းမင်း)**

# ကြို့ပင်ကောက်၌ ရေကြီးရေနစ်မြုပ် လယ်ယာမြေများ ပြန်လည်စိုက်ပျိုး

**ကြို့ပင်ကောက် စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် ရေကြီးနစ်မြုပ်၍ ပျက်စီးခဲ့သော ကျေးရွာအုပ်စု ၁၀ အုပ်စုမှ လယ်မြေ ၈၈၂၅ ဧကအား အချိန်မီပြန်လည်အစားထိုး စိုက်ပျိုးခြင်းကို ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်တင်မြလွင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မာမာအောင်၏ ဦးဆောင်မှုဖြင့် ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁ နာရီက ရှားပင်ထကျေးရွာအုပ်စု ကွင်းအမှတ်(၅၂၁) တောင်သူ ဦးတင်ထွန်းအောင်နှင့် ဦးသောင်းညွန့်၏ လယ်မြေတွင် နှံပင်ဖြင့် စိုက်ပျိုးခြင်း၊ မျိုးစေ့ချစက်ကိရိယာဖြင့် စိုက်ပျိုးနေခြင်းတို့ကို တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုးနှင့် လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တောင်သူများလာရောက်၍ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သိန်းတိုး(ဇီးကုန်း)**

## ပြန်လည်ထူထောင်ရေး

*** ရွှေဖုံးမှ**

"ရွက်ဖျင်တဲတွေကို နိုင်ငံတော်ရဲ့အစီအမံနဲ့ ရန်ကုန်ကနေတစ်ဆင့် မုံရွာ၊ မုံရွာကနေမှတစ်ဆင့် ကွပ်ကဲရေးစခန်းကို ပို့တာပါ။ ကွပ်ကဲရေးရုံးမှာ နမူနာအနေနဲ့ အသေးတစ်လုံး၊ အကြီးတစ်လုံးထိုးပြပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေရော၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေရော လုပ်ပြပါတယ်။ ပြီးတော့ ရပ်ရွာအင်အားနဲ့သယ်ပြီး ယာယီရွက်ဖျင်တဲတည်ဆောက်ပေးနေတာဖြစ်ပါတယ်။ စပြီးရွက်ဖျင်တဲထိုးတာက ရေလဲဦးနဲ့ပေါက်ခုံပါ။ စက်တင်ဘာ ၂ ရက်နေ့က စလုပ်ပါတယ်။ တဲတွေပြီးသွားရင်တော့ အုပ်ချုပ်ရေးမှူးတွေအစီအမံနဲ့ ရွှေ့ပြောင်းပေးမှာပါ။ လမ်းဘေးမှာယာဉ်သွားယာဉ်လာတွေနဲ့ဆိုတော့ ရေဘေးသင့်ပြည်သူတွေ ဘေးကင်းဖို့လုံခြုံဖို့ အခုလိုလုပ်ပေးရခြင်းဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးတင်ဇော်ကပြောသည်။

ရေလဲဦးကျေးရွာနှင့် ပေါက်ခုံကျေးရွာသည် ဇူလိုင်လအတွင်း မိုးရွာသွန်းမှုများကြောင့် တောင်ကျချောင်းရေများနှင့် မြစ်ရေလျှံတက်မှုများကြောင့် ရေကြီးနစ်မြုပ်ခဲ့ရသည့်အတွက် ဘေးလွတ်ရာဖြစ်သည့် ချင်းဆိုင်ရွာအနီး ကလေး-ဂန့်ဂေါကားလမ်းဘေးတွင် ယာယီတဲများဆောက်လုပ်နေထိုင်ခဲ့ကြခြင်းဖြစ်ပြီး ရေများပြန်လည်ကျဆင်းသွားခဲ့သော်လည်း နုန်းများ၊ သဲများတင်ကျန်ခဲ့သည့်အတွက် ကျေးရွာများသို့ပြန်ရန် အခက်အခဲဖြစ်နေကြောင်းသိရသည်။

"ကျွန်တော်တို့ရွာက မိုးကုန်မှ ပြန်လို့ရမှာပါ။ ရွာမှာလည်း နုန်းတွေ၊ နွံစေးတွေက ဒူးဆစ်လောက်ကိုကျွံတာ။ အနံ့အသက်ကလည်းတအားဆိုးတာ။ ဒီနေရာမှာနေရတာ ကားလမ်းဘေးဆိုတော့ ကားတွေဆိုင်ကယ်တွေနဲ့ ကြာလာရင် အခက်တွေ့နိုင်တယ်လေ။ အခုရွာထဲမှာ ပြန်လည်ထူထောင်ရေးလုပ်ပေးနေတဲ့ အဖွဲ့တွေက နုန်းတွေကိုရှင်းလင်းပေးနေပေမယ့် ပြန်ဖို့ကမလွယ်ကြသေးတော့ သက်ဆိုင်ရာ လူကြီးမင်းတွေက ပြောင်းရွှေ့ဖို့နေရာ သတ်မှတ်ပေးပြီး ယာယီရွက်ဖျင်တဲလေးတွေဆောက်ပေးတာပါ။ အဲဒီအတွက် ဘာတစ်ပြားတစ်ချပ်မှ မကုန်ရပါဘူး။ လုပ်အားပဲဝိုင်းကူရတာပါ"ဟု ရေလဲဦးကျေးရွာသား ကိုဇော်မင်းဦးက ပြောသည်။

ဆောက်လုပ်နေသည့် အဆိုပါ ယာယီရွက်ဖျင်တဲများတွင် အဝတ်အထည် အသုံးအဆောင်များ၊ အစားအသောက်ပစ္စည်းများ၊ ယူနီဆက်မှထောက်ပံ့သော သန့်ရှင်းရေးပစ္စည်းပုံးများ၊ နိုင်ငံတော်မှ လှူဒါန်းသောအသုံးအဆောင်ပစ္စည်းများပါဝင်မည်ဖြစ်ပြီး အလျား ၁၂ ပေ၊ အနံ ၁၀ပေနှင့် အမြင့်အားဖြင့် ခုနစ်ပေမြင့်ကာ လူဦးရေ လေးဦးမှ ခုနစ်ဦးအထိ နေထိုင်နိုင်ကြောင်းသိရသည်။

ရေလဲဦးကျေးရွာရှိရေဘေးသင့်ပြည်သူများအတွက် ချင်းဆိုင်ရွာ အရှေ့ဘက်ရှိ အားကစားဝင်း၊ စာကြည့်တိုက်ဝင်းနှင့် မြောက်ဘက် ဘုန်းတော်ကြီးကျောင်းဝင်းရှိ မြေနေရာများတွင်လည်းကောင်း၊ ပေါက်ခုံကျေးရွာရှိ ရေဘေးသင့်ပြည်သူများအတွက် သာယာဝတီကျေးရွာအတွင်းရှိ GTC ကျောင်းဝင်းအတွင်းလည်းကောင်း ယာယီပြန်လည်နေရာချထားပေးမည်ဖြစ်ပြီး အိမ်ထောင်စု ၁၄၀၀ ကျော်အတွက် ယာယီရွက်ဖျင်တဲ ၃၀၀ ကျော် ၄၀၀ နီးပါးခန့်ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ကျီကုန်းရွာ ရွာသစ်ဖော်ထုတ်ရန် မြေနေရာရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။ (ခရိုင်ပြန်/ဆက်)

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၅

**မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၄ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၄. ၄၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၅. ၂၀' |
| ၃။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၁၅' |
| ၄။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၄၀' |
| ၅။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၈၀' |
| ၆။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၃၀' |
| ၇။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၀. ၄၀' |
| ၈။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၉၀' |
| ၉။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၈၀' |
| ၁၀။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၇၀' |
| ၁၁။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၁၂။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၆၀' |
| ၁၃။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၃၀' |
| ၁၄။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၂၀' |
| ၁၅။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၈၀' |
| ၁၆။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၄၀' |
| ၁၇။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၂. ၁၃' |
| ၁၈။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၄၀' |
| ၁၉။ | စဉ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၀ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၇၀' |
| ၂၁။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၆၀' |
| ၂၂။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၇၀' |
| ၂၃။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၄၀' |
| ၂၄။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၇၀' |

(သတင်းစဉ်)

## တိုင်းရင်းဆေးအဖွဲ့ နယ်လှည့်ဆေးကုသခြင်းများ ဆောင်ရွက်

**ကျုံပျော် စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကြက်တည်င်ကျေးရွာဓမ္မာရုံတွင် စက်တင်ဘာ ၃ ရက်က မြို့နယ်တိုင်းရင်းဆေးဦးစီးမှူး ဒေါ်ခိုင်ခိုင်ဝေနှင့် ဝန်ထမ်းများကွင်းဆင်း၍ အခမဲ့နယ်လှည့်ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ လာရောက်ကုသမှုခံယူသူများပြားခဲ့ကြောင်း သိရသည်။

ဆေးဝါးကုသမှုခံယူသူ အများစုမှာလည်း သက်ကြီးပိုင်းများဖြစ်ကြပြီး ဘေးထွက်ဆိုးကျိုးနည်းသည့်အတွက် တိုင်းရင်းဆေးကို ပိုမိုအားထားကြကြောင်း၊ အိမ်သုံးဆေးဝါးများ ဆောင်ထားရာတွင်လည်း တိုင်းရင်းဆေးများကိုသာ ပိုမိုနှစ်သက်ကြပြီး ယခုကဲ့သို့ ဝေးလံသောကျေးရွာများအထိ ကွင်းဆင်းကုသပေးသည့်အတွက် အထူးဝမ်းသာလျက်ရှိကြကြောင်း သိရသည်။

အဆိုပါ တိုင်းရင်းဆေးကုသရေးအဖွဲ့သည် မြို့နယ်အတွင်းရှိ ရေဘေးသင့်ဒေသများသို့လည်း သွားရောက်၍ ဆေးကုသပေးခြင်းများဆောင်ရွက်ပေးလျက်ရှိပြီး မြို့နှင့်အလှမ်းဝေးသောဒေသများသို့လည်း ယခုကဲ့သို့ လှည့်လည်၍ ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## မွန်ပြည်နယ်တွင် မိုးပိုလာနိုင်

နေပြည်တော် စက်တင်ဘာ ၅

**ယနေ့နံနက် ၉ နာရီခွဲအထိ**

**မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဟိုင်းကြီးကျွန်းမြို့တွင် ၄ ဒသမ ၈၈ လက်မ၊ ပဲခူးမြို့တွင် ၄ ဒသမ ၅၃ လက်မ၊ မိုးကုတ်မြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ဘားအံ(စိုက်ပျိုးရေး)တွင် ၂ ဒသမ ၆၈ လက်မနှင့် ညောင်လေးပင် မြို့တွင် ၂ ဒသမ ၂၀ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မွန်ပြည်နယ်တွင် မိုးပိုလာနိုင်သည်။

## ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်းနှင့် မုံရွာမြို့နယ်တို့ စိုးရိမ်ရေမှတ်အထက် ဆက်လက်မြင့်တက်နိုင်

**နေပြည်တော် စက်တင်ဘာ ၅**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ၆ ပေခွဲခန့်၊ မော်လိုက်မြို့တွင် ၈ ပေခွဲခန့်၊ ကလေးဝမြို့တွင် ၅ ပေခန့်၊ မင်းကင်းမြို့တွင် ၃ ပေခွဲခန့်နှင့် မုံရွာမြို့တွင် ၃ လက်မခန့် ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ဖောင်းပြင်မြို့တွင် ၁ ပေခန့်နှင့် နောက်နှစ်ရက်အတွင်း မော်လိုက်မြို့တွင် ၃ ပေခန့်၊ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် ၅ ပေခန့်စီနှင့် မုံရွာမြို့တွင် ၂ ပေခွဲခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်တို့နှင့် မုံရွာခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရှောင်ရှားကြရန် အကြံပြုထားကြောင်း သိရသည်။

**(ကြေးမုံ)**

# လွိုင်ကော်မြို့၌ ရှင်ဥပဂုတ္တလှည့်လည်ပူဇော်ခံ



**လွိုင်ကော် စက်တင်ဘာ ၅**

ကယားပြည်နယ် လွိုင်ကော်မြို့တွင် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက လွိုင်ကော်မြို့နယ်အတွင်း ဝါခေါင်လတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော စာရေးတံပွဲတော်ကာလတွင် ရပ်ကွက်အသီးသီးမဲနှိုက်ကြရာ မင်္ဂလာမှ ဗုဒ္ဓမြတ်စွာ၊ ထေးသမမှ ရှင်သီဝလိ၊ လွယ်တမူမှ ရှင်ဥပဂုတ္တ မဲပေါက်ခဲ့ကြပြီး ရှင်ဥပဂုတ္တကို လွယ်တမူမှ ဒေါ်ယဉ်ရွှေက ကံထူးစွာပင့်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရှင်ဥပဂုတ္တအား ဒေါ်ယဉ်ရွှေနေအိမ်သို့ပင့်ဆောင်ပြီး စက်တင်ဘာ ၃ ရက် ညနေ ၄ နာရီခွဲတွင် နေအိမ်မှရေမျှောမည့် ဒေါ်ဥခူ သီရိမင်္ဂလာတံတားသို့ ပင့်ဆောင်ကာ ဖောင်ဖြင့် လှပစွာဆင်မြန်း၍ လွိုင်ကော်မြို့၏ ကျက်သရေဆောင် ဘီလူးချောင်းတစ်လျှောက် မြို့သူမြို့သားများ၊ ရပ်ဝေးမှဧည့်သည်များ အပူဇော်ခံခဲ့ရာ ဘီလူးချောင်းတစ်လျှောက် စည်ကားသိုက်မြိုက်စွာ ဖူးမြော်ကြကြောင်း သိရသည်။ **ကိုစိုင်း (လွိုင်ကော်)**

# လမ်းသွယ်အတွင်း လမ်းပြောင်းပြန်မောင်းနှင်မှုကြောင့် လမ်းသွယ်အတွင်းရပ်နားထားသည့် ယာဉ်ငယ်ငါးစီး ထိခိုက်ပျက်စီး

**ရန်ကုန် စက်တင်ဘာ ၅**

စက်တင်ဘာ ၄ ရက် ည ၁၂ နာရီခွဲခန့်က လမ်းမတော်မြို့နယ် (၄)ရပ်ကွက် မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းအကြား၊ ၁၀ လမ်းအတွင်း လမ်းပြောင်းပြန်ဝင်ရောက်လာပြီး နောက်ကြောင်းပြန်ဆုတ်မောင်းနှင်သည့် VTZ အမျိုးအစားခဲရောင်အိမ်စီးယာဉ်ငယ် တိုက်မိကြောင်း၊ ယင်းလမ်းသွယ်အတွင်း လမ်းတစ်ဖက်တစ်ချက်တို့တွင် ရပ်ထားသော အိမ်စီးယာဉ်ငါးစီး ထိခိုက်ပျက်စီးမှုကြုံတွေ့ရကြောင်း သွားရောက်ကြည့်ရှုသူများက ဆိုသည်။

ယာဉ်မဝင်ရ လမ်းညွှန်အသိပေးစိုက်ထူထားသော်လည်း လမ်းပေါ်မောင်းနှင်သော ယာဉ်မောင်းများအလွယ်တကူမြင်တွေ့နိုင်သည့် လမ်းထိပ်ဘက်ခြမ်းတွင်မရှိဖြစ်နေသည်။ ရန်ကုန်မြို့တွင်း လမ်းညွှန်တားမြစ်ချက် ဆိုင်းဘုတ်များစိုက်ထူရာတွင် ယာဉ်ကြောပေါ် မောင်းနှင်သူများသိသာမြင်သာနိုင်သည့် လမ်းထိပ်များ၏ လမ်းသွယ်လမ်းသားအလွန်ဘက်ခြမ်းတွင်ရှိရန်လိုသည်ဟု ယင်းနေရာအနီး လမ်းမတော်မြို့နယ်တွင်နေထိုင်သော ဆောက်လုပ်ရေးအငြိမ်းစားဝန်ထမ်းတစ်ဦးက ဆိုသည်။



လမ်းသွယ်များအတွင်းနှင့် လမ်းမဘေးရပ် ယာဉ်ငယ်များအနေဖြင့် ယခုရက်ပိုင်း လေးစီး၊ ငါးစီးအထိ ထိခိုက်ပျက်စီးခံရသော ယာဉ်တိုက်မှုများ လမ်းမတော်မြို့နယ်အတွင်း ကြုံတွေ့ရသည်။ အိမ်စီးယာဉ်ပိုင်ရှင်များအနေဖြင့် လမ်းသွယ်များနှင့် ကားလမ်းမဘေးရပ် ကိုယ်ပိုင်ယာဉ်ငယ်များအတွက် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

**(မောင်စေအောင်)**

■



# နိုင်ငံတော်အစိုးရက နွားနောက်မွေးမြူရေးလုပ်ငန်းကို မတည်ပေး

**လဟယ် စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် လဟယ်မြို့နယ် လောင်ဂီးကျေးရွာအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်အစိုးရက နွားနောက်မွေးမြူရေးလုပ်ငန်းကို မတည်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နွားနောက်မွေးမြူရေးတာဝန်များကို ခေါင်းလမ်းခါးငွေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးခဲ့ရာ ဒေသခံကျေးရွာသူ ကျေးရွာသားများအနေဖြင့် ယခုကဲ့သို့ နွားနောက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်ပေးခြင်းသည် မိမိတို့၏ လူမှုစီးပွားရေးအတွက် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်၍ အလွန်ဝမ်းမြောက်လျက်ရှိကြကြောင်း သိရသည်။ **(ကြေးမုံ)**

# မူးယစ်ဆေးဝါးများ လွှဲပြောင်းပေးအပ်

**မော်လူး စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးနှင့် ပင်ဝယ်ကြားတွင် နယ်မြေခံတပ်မှ သံလမ်းကင်းဆောင်ရွက်နေစဉ် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက ဂျို့ပင်ချောင်းအနီး၌ အမျိုးသားလေးဦးကို မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးမည်ပြုရာ ထိုအမျိုးသားလေးဦးမှာ ငါးဂါလန်ဆံ့ ပလတ်စတစ်ပုံးဝါငါးပုံးအား ပစ်ချပြီး ထွက်ပြေးသွားခဲ့သည်။ ထိုပလတ်စတစ်ပုံးဝါများကို ရှာဖွေရာ ဘိန်းဖြူမှုန့်များထည့်ထားသည့် ဆပ်ပြာခွက် စုစုပေါင်း ၁၇၄ ခွက်နှင့် စိတ်ကြွဆေးပြား ၆၉၅၀၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိခဲ့သော မူးယစ်ဆေးဝါးပါ ဆပ်ပြာခွက် ၁၇၄ ခွက်၊ စိတ်ကြွဆေးပြား ၆၉၅၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက မော်လူးစခန်းမှူး ရဲအုပ်အေးမင်းသိန်းထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

မော်လူးရဲစခန်းသို့ အပ်နှံခဲ့သော မူးယစ်ဆေးဝါးဆပ်ပြာခွက် ၁၇၄ ခွက်၊ (အလေးချိန် ၁၆၁၃ ဂရမ်)နှင့် စိတ်ကြွဆေးပြား ၆၉၅၀ တို့၏ ကာလပေါက်ဈေးမှာ စုစုပေါင်းငွေကျပ် ၁၉၆၀၅၀၀၀၀ ဖြစ်ကြောင်းနှင့် မူးယစ်ဆေးဝါးသယ်ဆောင်လာသူ အမျိုးသားလေးဦးအား ဖမ်းဆီးရမိရေး မော်လူးရဲစခန်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညိုမင်းထက်(မြန်မာစာ)**

# မော်လမြိုင်မြို့ ဆံတော်ရှင်ကျိုက်သုတ်စေတီ ဆေးပဒ္ဒာန်းပူဇော်ပွဲ ကျင်းပမည်

**မုဒုံ စက်တင်ဘာ ၅**

မွန်ပြည်နယ် မော်လမြိုင်မြို့ ကျက်သရေဆောင် ဆံတော်ရှင်ကျိုက်သုတ်စေတီတော်မြတ်ကြီးတွင် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်မှ စတင်ကာ နှစ်စဉ်မပျက်ကျင်းပခဲ့သော ဆေးပဒ္ဒာန်းပူဇော်ပွဲအခမ်းအနားကို ယခုနှစ်တွင် အကြိမ် (၁၃၀)မြောက်အဖြစ် ၁၃၇၇ ခုနှစ် ဝါခေါင်လကွယ် (စက်တင်ဘာ ၁၃ ရက် တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျိုက်သုတ်စေတီတော်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ယခုနှစ်ကျင်းပမည့် ဆေးပဒ္ဒာန်းပူဇော်ပွဲ အခမ်းအနားတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၁၄ ကျောင်းနှင့် သီလရှင်စာသင်တိုက် ၆ တိုက်တို့သို့ တိုင်းရင်းဆေးများ၊ နိုင်ငံခြားဆေးများဖြင့် အာယုဒါနဆေးအလှူတော် ဆေးပဒ္ဒာန်းပူဇော်ပွဲ ကျင်းပကာ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ ရပ်ဝေးရပ်နီးမှစေတနာရှင် ပါရမီရှင်များ၊ အလှူရှင်များ၊ အဝေးရောက် ဒေသခံအလှူရှင်များအားလုံး ကြွရောက်ကြည်ညိုကုသိုလ်သဒ္ဓါပွားနိုင်ကြောင်း စေတီတော်ဂေါပကအဖွဲ့က နှိုးဆော်ထားသည်။

**ကိုချစ်(မုဒုံ)**

# စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမတွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

**မုံရွာ စက်တင်ဘာ ၅**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများ၏ နဝမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းသည့်အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၅ ရက်က ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

အဆိုပါ ရှင်းလင်းပွဲတွင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဒေါ်ချယ်ရီကြည်က ထပ်ဆင့်ရှင်းလင်းမှာကြားပြီး စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းကော်မတီများဖွဲ့စည်း

**မြန်အောင် စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်မည့် ကျေးရွာ ၁၈ ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဖွဲ့စည်းခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီကို ကျေးရွာပြည်သူများ၏ ဆန္ဒနှင့်အညီ ကွင်းဆင်းဖွဲ့စည်းခဲ့ကြကြောင်း သိရသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြန်အောင်မြို့နယ်အတွင်း ကျေးရွာ ၁၈ ရွာကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး ယခုအခါ မြန်မာ့စီးပွားရေးဘဏ်တွင် ကျေးရွာတစ်ရွာချင်းအတွက် ဘဏ်စာရင်းတစ်ခုစီ ဖွင့်လှစ်ပေးပြီးဖြစ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများကို ရာသီချိန်အမီ ဆောလျင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဝင်းဗိုလ် (မြန်/ဆက်)**

# ခန္တီးမြို့ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

**နေပြည်တော် စက်တင်ဘာ ၅**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ၄ ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီးနောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

ပြည်တွင်းရေးရာ



ဒေါက်တာ သန်းထွဋ်။

# အစားအသောက်တွေ၊ ဆေးဝါးတွေ၊ အလှကုန်ပစ္စည်းတွေကို စိတ်ချယုံကြည်စွာနဲ့ တိုင်းသူပြည်သားတွေ ရရှိသုံးစွဲနိုင်မှာဖြစ်

တွေ့ဆုံမေးမြန်း - သီရိ၊ ဓာတ်ပုံ - သွန်း

**မြန်မာနိုင်ငံ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေးကြီးကြပ်ကွပ်ကဲဆောင်ရွက်မှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နှီးနွှယ်ပတ်သက်သော ပုဂ္ဂိုလ်များအားလုံး စုပေါင်း၍ နည်းလမ်းများစွာ ဖော်ထုတ်နိုင်ရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၃၀ရက်နှင့် ၃၁ရက်တို့တွင် ကန်တော်ကြီးပဲလေ့(စ်)ဟိုတယ်၌ ကျင်းပခဲ့သည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းထွဋ်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်တင်ပြလိုက်ပါသည်။**

**မေး။ ။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေနဲ့ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ပြောပြပေးပါ။**

ဖြေ။ ။ရည်ရွယ်ချက်ကတော့ နိုင်ငံတော်သမ္မတကြီးနဲ့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လမ်းညွှန်ထားတာရှိတယ်။ နိုင်ငံသူနိုင်ငံသားတွေ အစားအသောက်တွေ၊ ဆေးဝါးတွေ၊ အလှကုန်ပစ္စည်းတွေ၊ ဘေးကင်းလုံခြုံစွာ ရရှိသုံးစွဲနိုင်ဖို့ ဆောင်ရွက်ပါ။ အဲဒါအဓိကရည်ရွယ်ချက်ပဲ။ အဓိကရည်ရွယ်ချက်ကြီးကို အကောင်အထည်ဖော်ဖို့အတွက် ခေါင်းစဉ်သုံးခုနဲ့ ဆွေးနွေးခဲ့ကြတယ်။ တစ်က FDA ရဲ့လုပ်ငန်းဆောင်တာတွေကို အများပြည်သူ ပိုမိုသိရှိနားလည်လာဖို့ဖြစ်တယ်။ FDA ရဲ့ လုပ်ငန်းဆောင်တာတွေကို ပိုပြီးတော့ ကောင်းမွန်တဲ့ နည်းစနစ်တွေ အကြံပေးနိုင်ဖို့ဖြစ်တယ်။ နှစ်က စောစောကပြောတဲ့ အစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းတွေ အန္တရာယ်ကင်းစွာနဲ့ သုံးစွဲနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ဖို့ ကျွန်တော်တို့ဌာနရယ်၊ ကျန်တဲ့အရပ်ဘက်အဖွဲ့အစည်းတွေရယ်၊ ပြည်တွင်း ပြည်ပ လူမှုရေး အဖွဲ့အစည်းတွေရယ်၊ နှီးနွှယ်တဲ့ အစိုးရဌာနတွေရယ် ပေါင်းစပ်မယ့် ကွန်ရက်တစ်ခု ထူထောင်ဖို့ ဒါတွေဆွေးနွေးတယ်။ သုံးက အဲဒီထူထောင်လိုက်တဲ့ ကွန်ရက်ကြီးဟာ ဘာတွေလုပ်မယ်ဆိုတာကို နည်းလမ်းတွေပေါ့။ အဲဒီနည်းလမ်းတွေကိုရှာမယ်။

**မေး။ ။အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ လူသုံးကုန်၊ ဆေးပစ္စည်းတွေရဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးဟာ အမျိုးသားလုံခြုံရေးတစ်ရပ်ဖြစ်တဲ့အတွက် ဆရာတို့ဌာနအနေနဲ့ ဘယ်လိုမျိုး လုပ်ဆောင်နေလဲဆိုတာ ရှင်းပြပေးပါဦး။**

ဖြေ။ ။ အစားအသောက်တွေကို ဘေးအန္တရာယ်ကင်းဖို့အတွက် သွင်းလာရင် မှတ်ပုံတင်ခိုင်းတယ်။ စစ်ပေးတယ်။ ပြီးရင် ထုတ်လုပ်ဖို့အတွက် ကျန်းမာရေးနဲ့ညီညွတ်ရင် ထောက်ခံပေးတယ်။ အဲဒီတော့ အစားအသောက်တွေကို ထုတ်လုပ်ချင်ပါတယ်၊ တင်ပို့ချင်ပါတယ်ဆိုရင် import recommendation ပေးရတယ်။ အဲဒီအတွက် မှတ်ပုံတင်ရတယ်။ ဓာတ်ခွဲပေးတယ်။ ပြီးတော့မှ ညီညွတ်တယ်ဆိုရင် သူ့ကို သွင်းဖို့အတွက် ထောက်ခံပေးတယ်။ ရောက်လာရင်လည်း ကျန်းမာရေးနဲ့ညီညွတ်မညီညွတ်ကို ထပ်ပြီးတော့ ထောက်ခံချက်ပေးတယ်။ ဒါအစားအသောက်ပေါ့၊ ရေလည်း အလားတူပဲ။ ကောင်းမွန်တဲ့ ထုတ်လုပ်မှုကျင့်စဉ်နဲ့ လုပ်၊ မလုပ်စစ်တယ်။ သူတို့ပေးတဲ့ ရေနမူနာကိုလည်း စစ်တယ်၊ ပိုးစစ်တယ်၊ ဓာတုဗေဒပစ္စည်းပါ၊ မပါ စစ်တယ်။ အဲဒါတွေစစ်လို့ သန့်စင်တယ်ဆိုရင် ထုတ်လုပ်ဖို့အတွက် ထောက်ခံပေးတယ်။ ဒါက ရေနဲ့ ပတ်သက်လို့ပါ။ ဆေးနဲ့ပတ်သက်ရင်လည်း အလားတူပဲ။ ကော့စမတ်တစ်လည်း အလားတူပဲ။ အဓိကက ဒီပစ္စည်းတွေမှာ ပိုးမွှားနဲ့ ဓာတုပစ္စည်းတွေ ကင်းရှင်းဖို့အတွက် အဓိက ကြည့်ပေးရတယ်။ လူကို အန္တရာယ်ဖြစ်စေမယ့်အရာတွေပါ။ အဲဒါကို မြောက်မြားစွာသော နမူနာတွေ၊ လုပ်ငန်းတွေ၊ ဈေးကွက်တွေက စစ်ဆေးမှုတွေကို လုပ်နေပါတယ်။ ဒါက မထုတ်လုပ်ခင် စစ်ဆေးတာပါ။ ပြီးတော့မှ ဈေးကွက်ရောက်ပြီဆိုတော့လည်း ဈေးကွက်ထဲကို အခါအားလျော်စွာ ဆင်းပြီးတော့ စည်ပင်တို့၊ ရဲဌာနတို့ နှီးနွှယ်တဲ့ အဖွဲ့နဲ့ ပေါင်းစပ်ပြီးတော့ စစ်ဆေးတယ်။ စစ်ပြီးတော့မှ ကျန်းမာရေးနဲ့ မညီညွတ်တာတွေ တွေ့ရှိရင် ပထမဆုံး ပညာပေးတယ်၊ ဒုတိယ သတိပေးတယ်၊ တတိယကျတော့ ဥပဒေကြောင်းအရ တရားစွဲဆိုတယ်။ ဈေးကွက်ကို ထိန်းပေးတယ်။

**မေး။ ။ တချို့ဆိုင်တွေမှာ FDA လက်မှတ်ရဆိုပြီး လက်မှတ်ချိတ်ဆွဲထားပေမယ့် လက်တွေ့မှာ မညီညွတ်တာတွေ ရှိပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ဘယ်လိုလုပ်ဆောင်သွားဖို့ရှိပါသလဲ။**

ဖြေ။ ။ဈေးကွက်ဆင်းရင်းနဲ့တွေ့ရင် အရေးယူမှာပါ။ မသမာတဲ့သူတွေက အများကြီးရှိတယ်လေ။

မေး။ ။FDA ဌာနအနေနဲ့လမ်းဘေး ဈေးသည်တွေကို စစ်ဆေးသွားဖို့ ရှိပါသလား။

ဖြေ။ ။ လမ်းဘေးဈေးသည်က နက်ဝပ်ကြီးကနေပြီးတော့ စဉ်းစားမယ်၊ ထိန်းကျောင်းသွားမယ်။ နက်ဝပ်ကြီးက စဉ်းစားပြီးတော့ ဘယ်လိုလုပ်မယ်ဆိုတာ ပြောသွားမယ်။ လမ်းဘေးဈေးသည်ရယ် မဟုတ်ဘူး။ သူ့ရဲ့အရင်းအမြစ်တွေပါ။ ဒါတွေကိုပါ လိုက်ပြီးကြည့်မှာဖြစ်ပါတယ်။

**မေး။ ။ဆရာတို့FDA ရဲ့အောက်မှာ ရှိတဲ့ အစားအသောက်၊ ဆေးဝါး၊ ကော့စမတ်တစ် စသည်ဖြင့် ဌာနတွေမှာ မှတ်ပုံတင်ထားတဲ့အရေအတွက်နဲ့ ပြင်ပမှာရှိတဲ့ ပစ္စည်းအရေအတွက် အချိုးကွာဟချက်လေး သုံးသပ်ပေးပါ။**

ဖြေ။ ။အပြင်က ဘယ်လောက်ရောက်နေတယ်ဆိုတာ ကျွန်တော် မသိဘူး။ အများကြီးပဲ။ မသိနိုင်ဘူး။ မခန့်မှန်းနိုင်ဘူး။ ဘယ်လိုလုပ်ခန့်မှန်းနိုင်မလဲ။ မြောက်မြားစွာဝင်တယ်လို့တော့ သိရပါတယ်။

**မေး။ ။တချို့ဈေးကွက်တွေမှာ ISO ရထားပေမယ့် အဆင်မပြေတာတွေရှိတယ်။ ဒါတွေကိုရော ဘယ်လိုကိုင်တွယ်သွားဖို့ ရှိပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့ဆီကို လာပြီးတော့ မှတ်ပုံတင်ကြတဲ့အဖွဲ့တွေရှိတယ်။ သူတို့ပစ္စည်းတွေကို စစ်တဲ့အခါ စံမမီတာတွေ၊ အတုတွေတွေ့တယ်။ တွေ့တော့ ခင်ဗျားတို့ ပစ္စည်းကို ဈေးကွက်ကနေ ပြန်ရုပ်သိမ်းပါလို့ ပြောတယ်။ ပြောတော့ သူတို့က မရုပ်သိမ်းချင်ဘူး။ မရုပ်သိမ်းချင်တော့ မဟုတ်ဘူး ကျွန်တော်တို့စက်ရုံတွေက ISO ရပြီးသားတွေ၊ ခင်ဗျားတို့ Laboratory က ISO ရပြီးသား ဟုတ်လို့လား။ ကျွန်တော်တို့ပစ္စည်းက မှန်ပါတယ်။ ဒီတော့ ဟုတ်ပြီ၊ ခင်ဗျားတို့ Laboratory လည်းအမှန်၊ ကျွန်တော်တို့ Laboratory လည်း မှန်တယ်၊ ခင်ဗျားတို့ပေးထားတဲ့ Simple တွေ ကျွန်တော်တို့ စစ်ပေးမယ်။လာပူးပေါင်းပါဆိုတော့ သူတို့ လာမပူးပေါင်းရဲဘူး။ သူက ISO ရတာက ရတာပဲလေ။ ဒါပေမယ့် သူ့ပစ္စည်းက တစ်ခါတလေကျတော့ လည်း အကြောင်းပေါင်းစုံကြောင့် စံမမီတာဖြစ်တတ်တာပဲ။ သူ့ပစ္စည်းကို ဈေးကွက်က ပြန်မရုပ်သိမ်းချင်လို့သူက Complain လုပ်တာပါ။ ကျွန်တော်က အတူတကွစစ်ကြမယ်ဆိုတော့ သူတို့လည်း အစစ်မခံပါဘူး။

**မေး။ ။အစားအသောက်၊ ဆေးဝါး၊ အလှကုန် ဘေးအန္တရာယ်ကင်းရှင်းရေးဟာ အမျိုးသားလုံခြုံရေးဖြစ်တဲ့အတွက် ဥပဒေအပိုင်းကရော စားသုံးသူတွေအတွက် ဘယ်လောက်အထိ အကာအကွယ်ပေးထားပါသလဲ။**

ဖြေ။ ။ အစားအသောက်ဥပဒေဆိုတာရှိတယ်။ ၁၉၉၇ ခုနှစ်က ပြဋ္ဌာန်းထားတာ။ Update မဖြစ်တော့ဘူး။ ကျွန်တော်တို့ ပြန်ပြင်နေတယ်။

**မေး။ ။ဆရာတို့ ဌာနအနေနဲ့ ဝက်ဘ်ဆိုက်တစ်ခု ဖွင့်လှစ်သွားမယ်လို့ သိရပါတယ်။ အဲဒါနဲ့ ပတ်သက်လို့ လက်ရှိလုပ်ဆောင်နေမှု အပိုင်းလေးကို ရှင်းပြပေးပါဦး။**

ဖြေ။ ။ဝက်ဘ်ဆိုက်ကရေးပြီးပြီ။ အားလုံးပြင်ဆင်ပြီးသွားပြီ။ ခွင့်ပြုချက်ရရင် တင်လိုက်ဖို့ပဲ ရှိတော့တယ်။ အစိုးရလုပ်ထုံးလုပ်နည်းအရ ခွင့်ပြုချက် တောင်းခံမှာပါ။

**မေး။ ။ပြည်ပက တင်ပို့တဲ့ ထုတ်ကုန်တွေရဲ့ အညွှန်းတွေက အင်္ဂလိပ်ဘာသာရှင်းတွေဖြစ်နေတော့ မြန်မာနိုင်ငံထဲရောက်လာရင် မြန်မာဘာသာရှင်းတွေနဲ့ ပြောင်းသွားဖို့ရှိပါသလား။**

ဖြေ။ ။အဲဒါက သက်ဆိုင်ရာကော်မတီတွေနဲ့ ညှိနှိုင်းနေပါတယ်။ အများပြည်သူ သိနိုင်ဖို့အတွက် မြန်မာဘာသာနဲ့ ရေးပေးဖို့ဆိုပြီး ကုမ္ပဏီတွေကို တောင်းဆိုထားတယ်။ သူတို့နဲ့ အဲဒါညှိနှိုင်းနေတယ်။ အများနားလည်အောင် ရေးပေးမှာပါ။

**မေး။ ။မေးခဲ့တဲ့ မေးခွန်းတွေနဲ့ ပတ်သက်ပြီး ဘာများဖြည့်စွက်ပြောကြားလိုပါသလဲ။**

ဖြေ။ ။ဖြည့်စွက်ပြောကြားချင်တာက တစ်ခုပါပဲ။ အခု ကွန်ရက်ကြီး ထူထောင်ပြီးပြီ။ အကုန်လုံးလည်း ကန့်ကွက်သူမရှိ၊ အားလုံးသဘောတူပြီး ထူထောင်ကြတယ်။ အစိုးရဌာနအဖွဲ့အစည်းနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းတွေ ပေါင်းစပ်ပြီးတော့ လုပ်ကြမှာဖြစ်ပါတယ်။ အဓိကကတော့ ကိုယ့်ပြည်တွင်းအားတွေပါ။ အဲဒီအဖွဲ့တွေရဲ့ လုပ်ငန်းဆောင်တာတွေ အောင်မြင်ဖို့အတွက် လုပ်သား ပြည်သူအပေါင်းကလည်း ပါဝင်ပြီးတော့ ကူညီဆောင်ရွက်ပေးကြပါ။ အဲဒါဆိုရင် ကျွန်တော်တို့ တွေလိုချင်တဲ့ အစားအသောက်တွေ၊ ဆေးဝါးတွေ၊ အလှကုန်ပစ္စည်းတွေကို စိတ်ချယုံကြည်စွာနဲ့ တိုင်းသူပြည်သားတွေ ရရှိသုံးစွဲနိုင်မှာ ဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်။




# နိုင်ငံတကာဘောလုံးပြိုင်ပွဲများတွင် မြန်မာအသင်း ပါဝင်ယှဉ်ပြိုင်သည့်ပွဲစဉ်များကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်

**နေပြည်တော် စက်တင်ဘာ ၅**

FIFA နိုင်ငံတကာ ချစ်ကြည်ရေးပွဲစဉ်၊ အမျိုးသမီးအိုလံပစ်ဘောလုံးပွဲစဉ်များနှင့် AFC-U19 Championship (Group-G) ခြေစစ်ပွဲ ပွဲစဉ်များကို စက်တင်ဘာလအတွင်း ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ နိုင်ငံတကာဘောလုံးပြိုင်ပွဲများမှ မြန်မာအသင်းပါဝင်ယှဉ်ပြိုင်သည့် ပွဲစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

MRTV မှ ထုတ်လွှင့်ပြသရာတွင် မြန်မာအမျိုးသား လက်ရွေးစင်အသင်းနှင့် နယူးဇီလန်လက်ရွေးစင်အသင်းတို့၏ ဘောလုံးပွဲစဉ်အား MRTV News Channel တွင် လည်းကောင်း၊ ကျန်ပွဲစဉ်များကို MRTV Entertainment Channel တွင် လည်းကောင်း တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည်ဖြစ်သည်။

ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် စက်တင်ဘာ ၇ ရက် ညနေ ၄ နာရီ၌ မြန်မာလက်ရွေးစင်ဟောင်းအသင်းနှင့် ရုပ်ရှင်သရုပ်ဆောင်အဆိုတော်များအသင်း၊ ညနေ ၆ နာရီ၌ အမျိုးသားလက်ရွေးစင်အသင်းနှင့် နယူးဇီလန် လက်ရွေးစင်အသင်း၊ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၆ ရက်အထိ AFC-U19 Championship (Group-G)ခြေစစ်ပွဲပွဲစဉ်များ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ထို့အပြင် အမျိုးသမီးအိုလံပစ်ဘောလုံးပွဲစဉ်များကို စက်တင်ဘာ ၁၄ ရက်မှ ၂၂ ရက်အထိ မန္တလေးမြို့ မန္တလာသီရိကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# မြို့နယ်အဆင့် အနုစိတ်စီမံချက်ရေးဆွဲခြင်း သင်တန်းသားများ ကွင်းဆင်းလေ့လာ

**နေပြည်တော် စက်တင်ဘာ ၅**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အောက်ရှိ ညောင်လွန့်ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်၍ မြို့နယ်အဆင့် အနုစိတ်စီမံချက်ရေးဆွဲခြင်း ဆရာဖြစ်သင်တန်းမှ သင်တန်းသား သင်တန်းသူများ ကွင်းဆင်းလေ့လာမှုကို ကြည့်ရှုခဲ့သည်။

ထို့နောက် မြို့နယ်အဆင့် အနုစိတ်စီမံချက်များ ရေးဆွဲရာတွင် အဓိကကျသော ကျေးလက်ကျန်းမာရေးဌာနများ၏ အခန်းကဏ္ဍနှင့် ပေါင်းစည်းလုပ်ဆောင်ရန် နည်းလမ်းများကို ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဒေါက်တာစောလွင်တို့က ရှင်းလင်းပြောကြားပြီး ဆရာဖြစ်သင်တန်းမှ သင်တန်းသား သင်တန်းသူများသည် ကျေးလက်ကျန်းမာရေးဌာနရှိ လက်ထောက်ကျန်းမာရေးမှူး အမျိုးသမီးကျန်းမာရေးဆရာမ၊ သားဖွားဆရာမများ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို လေ့လာဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တပ်ကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် သင်တန်းသားများမှ ကွင်းဆင်းလေ့လာတွေ့ရှိချက်များအပေါ် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးတင်ပြမှုများအား ဒုတိယဝန်ကြီးက သုံးသပ်ဆွေးနွေးပြောကြားခဲ့သည်။ မြို့နယ်အဆင့် အနုစိတ်စီမံချက်ရေးဆွဲခြင်းလုပ်ငန်းကို သင်တန်းသားများက အဖွဲ့သုံးဖွဲ့ခွဲ၍ လက်တွေ့ဆောင်ရွက်ခဲ့ကြသည်။

**(ကြေးမုံ)**


# စီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းဖွင့်

**အင်္ဂပူ စက်တင်ဘာ ၅**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးတွင် ဩဂုတ် ၂၉ ရက်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီမံခန့်ခွဲမှု (ဆင့်ပွား) သင်တန်းဖွင့်လှစ်ရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးယဉ်မင်းဦးက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှဝန်ထမ်းများ မြစိမ်းရောင်စီမံကိန်းကိုနားလည်ပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအောင်မြင်ကာ ဝန်ထမ်းများ စွမ်းဆောင်ရည်တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီမံခန့်ခွဲမှု(ဆင့်ပွား) သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် မြို့နယ်ရုံးဝန်ထမ်းများအား မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေနှင့်ပတ်သက်သည့် လုပ်ငန်းများကို မြို့နယ်ဦးစီးမှူးက ရှင်းလင်းဆွေးနွေး သင်ကြားပေးခဲ့ကြောင်းသိရသည်။

**(မြို့နယ်ကျေးလက်)**



# လက်ထပ်မည့်ကိစ္စအားရွှေ့ဆိုင်းထားသော်လည်း အခြေအနေအားလုံးကောင်းနေတယ်ဆိုတဲ့ ရောဘတ်ပက်တီဆန်တို့စုံတွဲ

ရောဘတ်ပက်တီဆန်နဲ့ ချစ်သူတွင်းစ်တို့ဟာ လက်ထပ်ဖို့ အစီအစဉ်ကိုလောလောဆယ်ဆယ် ရွှေ့ဆိုင်းထားပေမယ့် သူတို့နှစ်ဦးကြားဆက်ဆံရေးကတော့ အကောင်းဆုံးအနေအထားတစ်ရပ်မှာရှိနေဆဲပါပဲလို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။အတွင်းသိတစ်ဦးကတော့ သူတို့နှစ်ဦးလောလောဆယ်လက်ထပ်ဖို့ကိစ္စ ရပ်ရွှေ့ဆိုင်းထားတာက သူတို့နှစ်ဦးကြားအဖုအထစ်တစ်စုံတစ်ခုရှိနေခဲ့တာကြောင့် မဟုတ်ဘဲ ပက်တီဆန်အနေနဲ့ ရိုက်ကူးရေးတွေတောက်လျှောက်ရှိနေတာကြောင့်ဖြစ်တယ်လို့ ဆိုလိုက်ပါတယ်။

ရောဘတ်ပတ်တီဆန်ဟာ အမ်မာဝက်ဘ်ဆန်နဲ့ ချစ်သူတွေအဖြစ်ပြတ်စဲခဲ့ပြီးနောက် တွင်းစ်နဲ့ လက်တွဲလာခဲ့တာဖြစ်ပါတယ်။ တွင်းစ်ဟာ သူကိုယ်တိုင်ကလည်း ဂီတလောကမှာ အောင်မြင်နေသူဖြစ်ပေမယ့် ပက်တီဆန်ရဲ့ လုပ်ငန်းကိစ္စတွေ၊ စိတ်ဆန္ဒတွေကို ပိုပြီးဦးစားပေးဆောင်ရွက်တတ်သူတစ်ဦးဖြစ်တယ်လို့လည်း သတင်းရင်းမြစ်တွေကဖော်ပြပါတယ်။

အခုအချိန်မှာ ပက်တီဆန်ဟာ ဘယ်လ်ဖက်မှာရောက်ရှိနေပြီး တွင်းစ်ကတော့ အမေရိကန်ပြည်ထောင်စုမှာကျန်နေပါတယ်။အကွဲအပြဲဇာတ်လမ်းတွေ မကြာခဏကြားနေရတဲ့ ဟောလိဝုဒ်မှာ သူတို့နှစ်ဦးဘာကြောင့် လက်ထပ်မယ့်အစီအစဉ်ကိုရွှေ့ဆိုင်းလိုက်တာလည်းလို့ ကောလာဟလတွေထွက်နေပေမယ့် သူတို့နှစ်ဦးကြားမှာ အမြဲတမ်းမပြောဘဲနားလည်တဲ့ အကြောင်းအရာတွေရှိတယ်လို့ ပက်တီဆန်က ဆိုလိုက်ပါတယ်။

## မိုင်လေဆိုင်းရက်စ်နှင့် ချစ်သူများမဟုတ်ဟု ငြင်းပယ်လိုက်သည့် ကော်ဒီစင်ပ်ဆန်

မိုင်လေဆိုင်းရက်စ်နှင့် ကော်ဒီစင်ပ်ဆန်တို့နှစ်ဦး ၂၀၁၅ ဂီတထူးချွန်ဆုအပြီး အတူတကွ ပြန်လည်ထွက်ခွာခဲ့ခြင်းမှာ မိုင်လေက သူ့အတွက် တည်ခင်းသော ဂုဏ်ပြုပါတီသို့ တက်ရောက်ရန်အတွက်သာဖြစ်သည်ဟု ကော်ဒီစင်ပ်ဆန်က ပြောကြားခဲ့သည်။ သူတို့နှစ်ဦး၏ ပွဲအပြီးလျှို့လျှို့ဝှက်ဝှက်ဖြင့် ထွက်ခွာသွားသည့် ပုံမှာ ကောလာဟလများကို မီးမောင်းထိုးပေးသကဲ့သို့ဖြစ်စေခဲ့ပြီးနောက် ချစ်သူများအဖြစ်ဇာတ်လမ်းစခဲ့ပြီဟူသော အသံများကျယ်ကျယ်လောင်လောင်ထွက်လာခဲ့ခြင်းဖြစ်သည်။

မိုင်လေနှင့်ကော်ဒီအပါအဝင် စုစုပေါင်း ၁၅ဦးခန့် ယင်းသီးသန့်ပါတီသို့ တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်းလည်း အီးအွန်လိုင်းသတင်းကဆက်လက်ဖော်ပြသည်။ မိုင်လေဆိုင်းရက်စ်သည် လက်ရှိတွင် ချစ်သူ ပက်ထရစ်ရှဝါဇင်ဂါနှင့် ပြတ်စဲပြီးနောက် ယခင်သူ၏ချစ်သူဟောင်းအချို့နှင့် ပြန်လည်တွဲနေသည်ဟု သတင်းများထွက်ခဲ့သော်လည်း တစ်ယောက်တည်းနေရသည်ကသာ အကောင်းဆုံးဖြစ်ကြောင်း မကြာသေးမီကပင် ပြောကြားထားခဲ့သူလည်းဖြစ်သည်။

## တေလာဆွစ်ဖ်၏ထာဝရအကောင်းဆုံးသူငယ်ချင်း

တေလာဆွစ်ဖ်သည် ၂၀၁၅ အမ်တီဗွီ ဂီတဆုရရှိပြီးနောက် ကန်းညီးဝပ်စ်က တေလာဆွစ်ဖ်အတွက် နှင်းဆီပန်းအဖြူရောင်များကို ပေးပို့ခဲ့ရာ တေလာက သူ၏အင်စတာဂရမ်ပေါ်မှတစ်ဆင့် "ဩော်. . အံ့ဖွယ်ကောင်းတဲ့ သူငယ်ချင်းဆိုတာ ကျွန်မဘာလိုချင်တယ်ဆိုတာသေချာပေးနိုင်တဲ့သူပဲပေါ့" ဟုရေးသားခဲ့သည်။

တေလာဆွစ်ဖ်သည် အလွန်အောင်မြင်လာပြီးနောက်ပိုင်း အမျိုးသမီးမိတ်ဆွေအချို့နှင့် ဆက်ဆံရေးမသင့်မြတ်ဘဲ ရန်သူသဖွယ်ဖြစ်လာခဲ့သော်လည်း ကမ်းညီးဝပ်နှင့်မူ အချစ်ခင်ဆုံးသူငယ်ချင်းအဖြစ် ရှိနေဆဲဖြစ်သည်။ ထို့ပြင် ကန်းညီးဝပ်၏ ဂီတအပေါ် ခံယူချက်ကို တေလာက နှစ်သက်သဖြင့် သူ၏နောက်ထပ်ထွက်ရှိမည့် တေးစီးရီးများတွင်လည်း တွဲဖက်သီဆိုရန် ကမ်းလှမ်းထားခဲ့သည်။




ထို့ပြင် တေလာက သူ၏ဘဝတွင် အင်တာနက်ပေါ်မှ ပထမဆုံးဝယ်ယူခဲ့သော တေးစီးရီးမှာ ကမ်းညီးဝပ်၏ College Dropout ဖြစ်သည်ဟုလည်း ဆိုခဲ့သည်။ ■

## တတိယမြောက်ရင်သွေးမွေးဖွားရန် ဆန္ဒရှိနေသည့် ကိတ်မစ်ဒယ်လ်တန်

ဗြိတိန်မင်းသား ဝီလျံနှင့် ကြင်ယာတော် ကိတ်မစ်ဒယ်လ်တန်တို့သည် ပြီးခဲ့သည့်မေလဆန်းပိုင်းကပင် ဒုတိယမြောက်ရင်သွေးဖြစ်သော မင်းသမီးလေးချာလော့တီအားမွေးဖွားခဲ့ပြီးနောက် ငါးလအကြာတွင် တတိယမြောက်သားသမီးတစ်ဦး ထပ်မံမွေးဖွားရန် ဆန္ဒရှိနေကြောင်းသိရသည်။ ကိန်းဘရစ်ချ်မြို့စားကတော်မစ်ဒယ်လ်တန်မှာ လက်ရှိတွင် အသက်(၃၃)နှစ်ရှိပြီဖြစ်သောကြောင့် အသက်(၃၅)နှစ်အရွယ်တွင် တတိယမြောက်ရင်သွေးကို မွေးဖွားရန် အစီအစဉ်ချထားပြီးဖြစ်သည်။

မစ်ဒယ်လ်တန်မှာ သာမန်မိသားစုကသာ ဆင်းသက်လာသူဖြစ်သဖြင့် မောင်နှမများ စုစုစည်းစည်းဖြင့် နေထိုင်ရသည်ကို နှစ်သက်သူဖြစ်ရာ လက်ရှိမိသားစုအင်အားတိုးပွားလာစေရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

တော်ဝင်မိသားစု အသိုင်းအဝိုင်းက "ကိတ်က မွေးချင်းမောင်နှမနှစ်ယောက်နဲ့အတူ ကြီးပြင်းလာရတာဆိုတော့ မိသားစုပုံစံကို သူ့ရဲ့အကြိုက်နဲ့အံဝင်အောင် အစီအစဉ်ချနေတာပါ။ ကျွန်မစိတ်ထင် သူဟာ ကလေးလေးယောက်လောက် လိုချင်နေတာပါ" ဟုဆိုခဲ့သည်။

## အထင်ရှားဆုံး ကိုရီးယားကြယ်ပွင့်စုံတွဲအဖြစ်ရပ်တည်နေတဲ့ တေးယောင်နှင့် မင်ကိုရင်တို့စုံတွဲ

Big Bang အဖွဲ့ဝင်တေးယောင်နှင့် မင်ကိုရင်တို့စုံတွဲသည် ကိုရီးယားကြယ်ပွင့်စုံတွဲအဖြစ်လူသိများသော ရိမ်းနှင့် ကင်တေဟီးတို့စုံတွဲအားဖြတ်ကျော်ကာ အထင်ရှားဆုံး ကြယ်ပွင့်စုံတွဲအဖြစ်ပရိသတ်များက မဲပေးရွေးချယ်ထားကြောင်းသိရသည်။ တေးယောင်တို့ စုံတွဲသည် စုစုပေါင်းမဲအရေအတွက်၏ ၅၇ဒသမ ၁ရာခိုင်နှုန်းအထိရရှိခဲ့ပြီး ရိမ်းတို့ စုံတွဲက ၃၅ဒသမ၅ရာခိုင်နှုန်းဖြင့် ဒုတိယနေရာ၊ တတိယနေရာတွင် လီဒေါင်ဂန်နှင့် ဂျီယွန်းတို့စုံတွဲက ၂ ဒသမ ၃ ရာခိုင်နှုန်းဖြင့် အသီးသီးရပ်တည်နေကြောင်း သိရသည်။

ကိုရီးယားမင်းသားဆောင်ဆမ်ဟွန်နှင့် တရုတ်မင်းသမီးလျူရီတို့စုံတွဲကမူ မဲအရေအတွက်၏ ၁ ဒသမ ၆ ရာခိုင်နှုန်းသာရရှိရာ တရုတ်ပရိသတ်များက ကိုရီးယားလူမျိုးများမှာ လူမျိုးရေးခွဲခြားမှုကြောင့်သာ ကျော်ကြားသော အနုပညာရှင်စုံတွဲမှာ ဇယားအောက်တွင်ရပ်တည်နေရခြင်းဖြစ်ကြောင်းဝေဖန်ခဲ့သည်။



ယုယ- စုစည်းသည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

၆ - ၉ -၂၀၁၅ (တနင်္ဂနွေနေ့)

### မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၂၀ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း (စတုတ္ထဆယ်စုနှစ်) (အပိုင်း-၁)
- ၈း၃၅ အောင်မြင်သူနှင့်အတူ
- ၁၀း၃၅ စာပေဗိမာန်၊ စာပေစကားဝိုင်း (စတုတ္ထပိုင်း) (အပိုင်း-၁)
- ၁၁း၁၅ စာပေဗိမာန်၊ စာပေစကားဝိုင်း (စတုတ္ထပိုင်း) (အပိုင်း-၂)
- ၁၁း၃၅ ချစ်သောဤကမ္ဘာမြေ
- ၁း၀၀ ဖြူ/မဲရုပ်ရှင် "တစ်ဦးက စေတနာ၊ တစ်ဦးက မေတ္တာ" (ပထမပိုင်း) (ကောလိပ်ဂျင်နေဝင်း၊ ဇော်ဝမ်း၊ မြင့်မြင့်ခင်၊ ခင်သီတာထွန်း) (ဒါရိုက်တာ-ဦးသုခ)
- ၅း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၅း၅၀ "နေဝင်ဆည်းဆာအလင်းဖြာ"
- ၆း၁၅ "ပညာမဲ့သောသူဌေးသားအကြောင်း" (ဇင်ဝင်းထက်၊ Laurel အဖွဲ့၊ ဒေါ်ထားအဖွဲ့) (ဒါရိုက်တာ-စောယုနန္ဒာ (Laurel Art))
- ၇း၁၅ "ရေဘေးသင့်ဒေသများတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၏ ပြန်လည်ပြုပြင်ရေးလုပ်ငန်း လုပ်ဆောင်မှုပုံရိပ်များ"
- ၇း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ -Tasty Trip -ဆိုကြမယ်၊ ပျော်ကြမယ်

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၅ မေတ္တာပို့
- ၆း၂၅ ဓမ္မပူဇာတေး
- ၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၅ မျိုးချစ်တပ်မတော်
- ၈း၁၅ စိုက်ပျိုးသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ အင်္ဂလိပ်စာသုတ
- ၁၁း၀၀ English For Myanmar
- ၁၁း၁၅ Lucky Door
- ၁၁း၅၀ တစ်ပတ်အတွင်း ပြည်တွင်း သတင်း
- ၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ် -နွေဦးဝေဒနာ
- ၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်သောကွန်မန်ဒို အပိုင်း(၉)
- ၄း၂၅ လျှပ်တစ်ပြက်
- ၄း၃၅ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၄း၅၅ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၁၀ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဂါလီမာ အပိုင်း(၅၉)
- ၅း၄၀ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆း၁၀ ဘဝကြေးမုံ
- ၆း၃၅ လူစွန့်စားခရီးသွားနေသည်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရာရာထက်မင်း အပိုင်း(၁၁) -VOA အင်္ဂလိပ်စာသင်ခန်းစာ -ပဟေဠိနန်းတော် -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အဆုံးမရှိ အပိုင်း(၁၈)

### MRTV-4 ရုပ်မြင်သံကြား

- ၅း၀၀ ပဌာန်းပါဠိတော်၊ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၄၀ "သဗ္ဗညုစေတီယပူဇာဒေသနာတရားတော်"(သီတဂူဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရ)
- ၉း၀၀ Dazzling Grand Opening Splendours Forever Gems by ရွှေနန်းတော် (LIVE)
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူစုန်းမလေး" (ဇာတ်သိမ်းပိုင်း)
- ၂း၂၀ World of Knowledge (Mega Factories ; Bentley)
- ၅း၁၀ Weekly Sports Diary
- ၅း၃၅ Star တို့ရဲ့လက်ရာ
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၄၅)
- ၇း၂၀ Fashion Week [မိတ်ကပ်ညီညီမောင်(စမ်းချောင်း) ]
- ၉း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၁)
- ၁၀း၂၀ တန်ဖိုးကြီးမားသောဘုရားစေတီပုထိုးများ (ရွှေနတ်တောင်စေတီတော်မြတ်ကြီး)
- ၁၀း၃၀ Europen Qualifiers Turkey Vs Netherlands (LIVE)
- ၀၀း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၂)
- ၁း၁၅ Europen Qualifiers Italy Vs Bulgaria (LIVE)
- ၄း၂၀ World of Knowledge (Mega Factories ;Bentley)

### mitv

- 07:26 My Travel In This Exceptional Place, Inle Lake
- 07:46 A Nun's Creation in Fruit Carving
- 07:53 My Life & My Art
- 08:26 Bogalay Tint Aung: A Man of versatility (Part-II)
- 08:54 Black Gold (Part-II)
- 09:26 To The Land Of Countless Temples - Bagan Trip (EP-1)
- 09:51 Gold from Garbage
- 10:26 Entrepreneur: Dr. Thin Nwe Win
- 10:34 Paper Products... Plain but Pretty
- 10:54 A Girl Guide
- 07:26 Food Trip (EP-4) (Part-1)
- 07:44 [Doctor] [Painter]
- 07:50 Today Myanmar
- 08:26 Myanmar National Poet And Literary Icon; Prolific Writer of Poems & Prose - Min Thu Wun (Ep-3) His Public Service & Literary World
- 08:52 Myanmar Masterclass: Still Life (Glass)

**အားကစား**

## မက်ဆီရဲ့ နောက်ကောက်ချခြင်းထပ်မံခံခဲ့ရသည့် စီရိုနယ်လ်ဒို

ဖီဖာ ၂၀၁၆ ဘောလုံးဂိမ်းထွက်ပေါ်လာချိန်မှာလည်း မက်ဆီကိုသာ အကောင်းဆုံးအဆင့်(၁)ကစားသမားအဖြစ်သတ်မှတ်ခဲ့ပြီး စီရိုနယ်လ်ဒိုကို အဆင့်(၂)နေရာမှာသာ သတ်မှတ်ခဲ့တာကြောင့် စီရိုနယ်လ်ဒိုအနေဖြင့် ယခုတစ်ကြိမ်တွင်လည်း မက်ဆီ၏နောက်ကောက်ချခြင်းကို ခံခဲ့ရသည်ဟု အွန်လိုင်းသတင်းများကဖော်ပြသည်။ ယင်း ဖီဖာသတ်မှတ်မှုအဆင့်အရ ဘာစီလိုနာတိုက်စစ်မှူး ဆွာရက်ဇ်မှာ အဆင့်(၃)၊ ပရီမီယာလိဂ်တစ်နှစ်တာအကောင်းဆုံး ဆုရ ချယ်လ်ဆီးကွင်းလယ်လူ ဟာဇက်မှာအဆင့်(၆)နေရာတို့တွင်အသီးသီး သတ်မှတ်ခံခဲ့ရသည်။

စီရိုနယ်လ်ဒိုသည် ၂၀၁၄ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကိုရရှိခဲ့သူဖြစ်သော်လည်း ၂၀၁၅တွင် မက်ဆီ၏ခြေစွမ်းပြမှုကြောင့် ပြိုင်ပွဲအရပ်ရပ်တွင် သူ၏အရှိန်အဝါမှာ မှေးမှိန်လာခဲ့သည်။ ၂၀၀၈ခုနှစ်ကတည်းက ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုကို အလှည့်ကျရယူနေခဲ့သော သူတို့နှစ်ဦးမှာ ဘယ်သူကပိုမိုကောင်းသည့်ကစားသမားဖြစ်သည်ကို ဘောလုံးလောကတွင် အငြင်းပွားနေခဲ့သော်လည်း ယခုသတ်မှတ်ချက်အရ မက်ဆီကို စီရိုနယ်လ်ဒိုအနေဖြင့် မယှဉ်နိုင်ခဲ့သည်ကို တွေ့ရသည်။

လေ့လာသုံးသပ်သူများ၏အဆိုအရ မက်ဆီမှာ ပင်ကိုပါရမီရှင်ဖြစ်ပြီး စီရိုနယ်လ်ဒိုမှာမူ စိတ်အင်အားပြင်းထန်လွန်းသူဖြစ်ခြင်းကြောင့် ခြေစွမ်းထက်နေသူဖြစ်သည်ဟု သုံးသပ်ဖော်ပြကြသည်။

## ဂေါ့ဇီကြောင့် ဇယားထိပ်ကို ပြန်လည်တက်လှမ်းနိုင်ခဲ့သည့် ဂျာမနီ

ဂျာမနီအသင်းသည် တိုက်စစ်မှူးသောမတ်မူလာနှင့် မာရီယိုဂေါ့ဇီတို့၏ သွင်းဂိုးများဖြင့် ပိုလန်အားအနိုင်ယူကာ အမှတ်ပေးဇယားထိပ်ဆုံးသို့ ပြန်လည်တက်ရောက်နိုင်ခဲ့သည်။ ပိုလန်သည် ပြီးခဲ့သည့်နှစ်က ကစားခဲ့သော ပထမအကျော့ခြေစစ်ပွဲတွင် ဂျာမနီအား နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ယူပြီး အမှတ်ပေးဇယားကို တောက်လျှောက်ဦးဆောင်နေခဲ့သည်။

ဂျာမနီအနေဖြင့်လည်း ၂၀၁၄ကမ္ဘာ့ဖလားချန်ပီယံဖြစ်ပြီးနောက် ခြေစွမ်းများပြန်လည်ကျဆင်းလာပြီး ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင်လည်း အဆင့်(၃)နေရာအထိ ကျဆင်းလာခဲ့သည်။ သို့သော်ယခုပွဲ၌ သောမတ်စ်မူလာက ပွဲချိန်၁၂မိနစ်တွင် ဂျာမနီအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီးနောက် ၇ မိနစ်အကြာတွင် မာရီယိုဂေါ့ဇီက တစ်ကိုယ်တော်အစွမ်းဖြင့် ဒုတိယဂိုးကို ထပ်မံသွင်းယူပေးခဲ့သည်။ပွဲချိန် ၃၆မိနစ်တွင် လီဝမ်ဒေါ်စကီးက ပိုလန်အတွက် ချေပဂိုးတစ်ဂိုး ထပ်မံသွင်းယူပေးခဲ့သော်လည်း ပွဲချိန် ၈၂ မိနစ်တွင် ဂေါ့ဇီကပင် ဂျာမနီအတွက် တတိယမြောက်ပွဲသိမ်းဂိုးကို ထပ်မံသွင်းယူပေးခဲ့သည်။

ထို့ကြောင့် ဂျာမနီအနေဖြင့် ပိုလန်ကို ကျော်တက်ကာ အမှတ်ပေးဇယားကို ပထမဆုံးအကြိမ်အဖြစ်ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။ ဂေါ့ဇီသည် ၂၀၁၄ကမ္ဘာ့ဖလားဗိုလ်လုပွဲတွင်လည်း အာဂျင်တီးနားဘက်သို့ တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူကာ ဂျာမနီအားကမ္ဘာ့ဖလား ချန်ပီယံဖြစ်စေခဲ့သူဖြစ်သည်။

## ဘော်ဘီချာလ်တန်ရဲ့ သွင်းဂိုးစံချိန်ကို ချိုးဖျက်ရန်ပစ်မှတ်ထားနေတဲ့ ရွန်းနီ

အင်္ဂလန်အသင်းခေါင်းဆောင် ရွန်းနီသည် ဆမ်မာရီယိုနှင့်ကစားရမည့်ပွဲစဉ်တွင် အင်္ဂလန်အသင်းအတွက် ဘော်ဘီချာလ်တန်သွင်းယူထားသော သွင်းဂိုးစံချိန်ကို ချိုးဖျက်ရန် စိတ်အားထက်သန်နေကြောင်းသိရသည်။ ဘော်ဘီချာလ်တန်သည် အင်္ဂလန်အသင်းအတွက် စုစုပေါင်း ၄၉ဂိုးသွင်းယူထားပြီး ရွန်းနီမှာ ဘော်ဘီချာလ်တန်၏ စံချိန်ကိုလိုက်မီရန် တစ်ဂိုးသာလိုတော့သည်။

ရွန်းနီသည် အသက်(၁၇)နှစ်အရွယ် ၂၀၀၃ ဖေဖော်ဝါရီလကတည်းက အင်္ဂလန်အတွက် ရွေးချယ်ခံခဲ့ရပြီး အင်္ဂလန်အသင်းနှင့်အတူ ၂၀၀၄ ဥရောပဖလား၊ ၂၀၀၆ ကမ္ဘာ့ဖလား၊၂၀၁၀ ကမ္ဘာ့ဖလား၊ ၂၀၁၂ ဥရောပဖလားနှင့် ၂၀၁၄ကမ္ဘာ့ဖလားတို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူဖြစ်သည်။ အင်္ဂလန်အသင်းသည် ဆမ်မာရီယိုအသင်းအား အနိုင်ရရုံဖြင့် ယူရို-၂၀၁၆ ခြေစစ်ပွဲအောင်မြင်တော့မည်ဖြစ်ရာ ယင်းပွဲစဉ်သည် အင်္ဂလန်အသင်းအတွက်သာမက ဝိန်းရွန်းနီအတွက်လည်း တစ်ဦးချင်း မှတ်တမ်းသစ်ရေးထိုးရန် အလွန်အရေးကြီးသော ပွဲစဉ်ဖြစ်သည်။

သို့သော်ရွန်းနီက သူ့အနေဖြင့်ဘော်ဘီချာလ်တန်၏ သွင်းဂိုးစံချိန်ကို ကျော်ဖြတ်နိုင်လျှင်လည်း ဘော်ဘီချာလ်တန်ကို ဘယ်သောအခါမျှလိုက်မီနိုင်မည်မဟုတ်ဟု ခံယူထားသူဖြစ်သည်။

"မက်ဆီဟာ အာဂျင်တီးနားအတွက် ကမ္ဘာ့ဖလား ရရှိအောင်မစွမ်းဆောင်ပေးနိုင်လို့ မာရာဒိုနာကို ဘယ်တော့မှလိုက်မမီမှာ မဟုတ်ဘူးလို့ လူတွေက ပြောကြတယ်။ ကျွန်တော်စိတ်ထဲမှာတော့ မက်ဆီဟာ မာရာဒိုနာထက် ပိုပြီးကောင်းတဲ့ကစားသမားပါ။ဒါဟာ ဘောလုံးလောကရဲ့ သဘောသဘာဝပါပဲ။ဒီလိုပါပဲ ကျွန်တော့်အနေနဲ့ အင်္ဂလန်အတွက် ကမ္ဘာ့ဖလားမရယူပေးနိုင်မချင်း ဘော်ဘီချာလ်တန်လို လူမျိုးနဲ့ ဘယ်တော့မှ နှိုင်းယှဉ်လို့ ရမှာမဟုတ်ပါဘူး" ဟု ရွန်းနီကပြောကြားခဲ့သည်။

ရွန်းနီသည် လက်ရှိတွင် အသက်(၂၉)နှစ်သာရှိသေးရာ အနှစ်၄၀ကျော်ကြာ ဘော်ဘီချာလ်တန်တင်ထားသော စံချိန်ကို ချိုးဖျက်ရန်အကောင်းဆုံးအနေအထား တစ်ရပ်ကို ပိုင်ဆိုင်ထားသည်။



## ပေါ်တူဂီမြေမှာ အိမ်ရှင်ကို အနိုင်ကစားတဲ့ ပြင်သစ်



ယူရို-၂၀၁၆အိမ်ရှင်အဖြစ်လက်ခံကျင်းပမယ့် ပြင်သစ်အသင်းဟာ ကမ္ဘာ့အင်အားကြီးအသင်းတွေနဲ့ ချစ်ကြည်ရေးခြေစမ်းပွဲတွေ တောက်လျှောက်ကစားနေခဲ့ပြီး အခုလည်း ဥရောပရဲ့ အစဉ်အလာပြိုင်ဘက်ပေါ်တူဂီကို ပေါ်တူဂီမြေမှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ကစားကာ ယူရို-၂၀၁၆အတွက် အဆင်သင့်ဖြစ်နေပြီဆိုတဲ့ အနေအထားကိုပြသနိုင်ခဲ့ပါတယ်။ ပြင်သစ်အသင်းဟာ အဝေးကွင်းမှာဖြစ်ပေမယ့် ပေါ်တူဂီကို ခြေစွမ်းအသာနဲ့ ပွဲချိန်တစ်လျှောက်လုံး တောက်လျှောက်ဖိပြီး ကစားနိုင်ခဲ့ပါတယ်။

ပြင်သစ်အသင်းဟာ ပွဲအစမှာ ၄-၂-၃-၁ကစားကွက်နဲ့ ပွဲထွက်လာခဲ့ပေမယ့် ပွဲချိန်၁၄မိနစ်နောက်ပိုင်းကတည်းက ၄-၄-၂ကစားကွက်ကိုပြောင်းကာ ပေါ်တူဂီကို ရင်ဆိုင်ခဲ့ပါတယ်။ ပေါ်တူဂီကလည်း ပြင်သစ်ကိုအိမ်ကွင်းမှာ အသာရဖို့ ၄-၂-၃-၁ကစားကွက်ကို ခင်းကျင်းကာ တောင်ပံနှစ်ဖက်မှာ စီရိုနယ်လ်ဒိုနဲ့ နာနီတို့ကလိုက်ပါကစားခဲ့ကြပါတယ်။

ဒါပေမယ့် ပွဲချိန်အစကတည်းက ပြင်သစ်အလယ်တန်းဟာ ပေါ်တူဂီရဲ့ ကွင်းသုံးပုံနှစ်ပုံလောက်အထိ လွှမ်းမိုးပြီး ကွင်းလယ်အသာစီးရယူကာ ပေါ်တူဂီနောက်တန်းကို တောက်လျှောက်ဖိအားပေးကစားနိုင်ခဲ့ပေမယ့် ပေါ်တူဂီနောက်တန်းနဲ့ ဂိုးသမားကောင်းလွန်တာကြောင့် ဂိုးပြတ်အနေအထားနဲ့ အနိုင်မရခဲ့တာဖြစ်ပါတယ်။ ပြင်သစ်ကွင်းလယ်ကစားသမား မာတူဒီအနေနဲ့ သေချာပေါက်ဂိုးရမယ့် အခွင့်အရေး နှစ်ကြိမ်ကို ပေါ်တူဂီဂိုးသမားလက်စွမ်းပြပြီး ကာကွယ်ခဲ့သလို ဆစ်ဆိုခိုအနေနဲ့ အပိုင်အခွင့်အရေးတချို့ကို ဖြုန်းတီးပြစ်ခဲ့တာကြောင့်လည်း ပေါ်တူဂီအသင်းအနေနဲ့ အိမ်ကွင်းမှာ အရှုက်မကွဲခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် မိနစ်၈၀မှာ ဆစ်ဆိုခိုအစားလူစားဝင်လာတဲ့ ဘယ်လ်ဘူနာက အံ့သြမှင်တက်ဖွယ်ကောင်းတဲ့ အလွတ်တည်ကန်ဘောကနေတစ်ဆင့် ပွဲချိန် ၈၅ မိနစ်မှာ ယခုပွဲရဲ့ တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူပေးခဲ့တာကြောင့် ပြင်သစ်အသင်းဂိုးစရပါတယ်။ ပြင်သစ်အသင်းမှာ ဘင်ဇီမာ၊ ဂရစ်ဇ်မန်းနဲ့ ဂီရော့ဒ်အပြင် မန်ယူကစံချိန်တင်ကြေးနဲ့ ခေါ်ယူထားတဲ့မာရှယ်လ်တို့ အားလုံးဝင်ရောက်ကစားခဲ့ကြပေမယ့် ဒီတိုက်စစ်မှူးတွေရဲ့သွင်းဂိုးတွေကို ပရိသတ်တွေအနေနဲ့ မြင်တွေ့ခဲ့ရခြင်းမရှိပါဘူး။

အခုပွဲမှာ ခြေစွမ်းမပြနိုင်တဲ့ ပေါ်တူဂီအသင်းခေါင်းဆောင် စီရိုနယ်လ်ဒိုကို ပွဲချိန်၆၇မိနစ်ကတည်းက ဂွါရက်ဇ်မာနဲ့လူစားလဲခဲ့ပါတယ်။ ဒါကြောင့် စီရိုနယ်လ်ဒိုအနေနဲ့ ပေါ်တူဂီမှာခြေစွမ်းပိုင်းရှုန်းကန်နေရဆဲ အနေအထားကို အခုထိပြင်ဆင်နိုင်ခြင်းမရှိတာကိုတွေ့ရပါတယ်။

ယူရိုခြေစစ်ပွဲပွဲစဉ်တွေမှာတော့ မြောက်အိုင်ယာလန်က ဖာရိုးကျွန်းစုကို သုံးဂိုး-တစ်ဂိုးနဲ့ လည်းကောင်း၊ ဂျော်ဂျီယာက စကော့တလန်ကို တစ်ဂိုး-ဂိုးမရှိနဲ့လည်းကောင်း အသီးသီးအနိုင်ယူခဲ့ကြပါတယ်။ ဒါကြောင့် ယခုယူရို-၂၀၁၆မှာ ဗြိတိန်နိုင်ငံရဲ့ အစိတ်အပိုင်းတွေဖြစ်တဲ့ မြောက်အိုင်ယာလန်၊ အင်္ဂလန်၊ဝေလတို့အားလုံး ဥရောပခြေစစ်ပွဲအောင်ဖို့အလားအလာကောင်းနေကြပြီဖြစ်ပါတယ်။

## ပေါ့ဘာပယ်ချခဲ့၍သာ ဖြစ်မြောက်မလာသည့် ချယ်လ်ဆီးသို့ အပြောင်းအရွှေ့

ဂျူဗင်တပ်အသင်းသည် ၎င်းတို့၏အဓိကကွင်းလယ်ကစားသမား ပေါ့ဘာအား ပေါင်၆၂သန်းဖြင့် ချယ်လ်ဆီးမှ ကမ်းလှမ်းစဉ်ကတည်းက ရောင်းချရန်သဘောတူခဲ့သော်လည်း ကစားသမားကိုယ်တိုင်က ပယ်ချခဲ့၍သာ အပြောင်းအရွှေ့မှာ ဖြစ်မြောက်မလာခဲ့ခြင်းဖြစ်သည်။ ပေါ့ဘာအား ချယ်လ်ဆီးဘက်မှ သေချာပေါက်ခေါ်ယူနိုင်မည်ဟု မျှော်လင့်ခဲ့သော်လည်း ပေါ့ဘာကိုယ်တိုင်က နှစ်ကြိမ်လုံးတွင် ပယ်ချခဲ့ခြင်းဖြစ်သည်ဟု အီတလီအားကစားစာစောင် ဒယ်လိုက ဖော်ပြသည်။

ပေါ့ဘာသည် သူ၏ကိုယ်စားလှယ်ဖြစ်သူနှင့်တိုင်ပင်ဆွေးနွေးပြီးနောက် ဂျူဗီအတွက်သာ ပေးဆပ်သွားရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ပေါ့ဘာအတွက် ချယ်လ်ဆီးဘက်မှ တစ်ပတ်လုပ်ခပေါင်သုံးသိန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း ကစားသမားကိုယ်တိုင်ကပင် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ခြင်း မပြုလို၍ ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

ပေါ့ဘာသည် ၂၀၁၅အစောပိုင်းကပင် အင်္ဂလန်မြေထက် စပိန်မြေသို့သာ အခြေချကစားရန် ပို၍နှစ်သက်ကြောင်း ပြောကြားထားပြီး ဖြစ်သည်။

**ရှိုင်ယန်ဟောင်- စုစည်းသည်။**

# ဆိုင်ကယ်ဖြင့် လုယက်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၅**

စက်တင်ဘာ ၂ ရက် ည ၇ နာရီခန့်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက်နေ မတင့်တင့်စိုး (၂၅)နှစ်သည် ဆိုင်ကယ်ဖြင့် ကလေး-ကလေးဝကားလမ်းအတိုင်း မြို့တွင်းသို့ မောင်းနှင်လာစဉ် အဆိုပါရပ်ကွက် သုံးဘီးဆိုင်ကယ်ဂိတ်အနီးအရောက် အမျိုးသားသုံးဦးစီးနင်းလာသည့် ဆိုင်ကယ်မှကျော်တက်ကာ မတင့်တင့်စိုး၏ ဝဲဘက်လက်တွင် ကိုင်ထားသည့် ငွေကျပ် ၆၀၀၀ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ ပိုက်ဆံအိတ်အားလုယူ၍ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

ထို့နောက် ပင်လုံလမ်းမတော်ထိပ် မီးပွိုင့်အရောက် အဆိုပါ ဆိုင်ကယ်တိမ်းမှောက်သွားစဉ် မတင့်တင့်စိုး၏ အော်ဟစ်အကူအညီ တောင်းခံမှုကြောင့် အနီးရှိပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ ပိုက်ဆံအိတ်လုယူသူ သုံးဦးအနက် ကလေးမြို့နယ် သာစည်ကျေးရွာနေ ချမ်းဝင်းအောင်(ခ)ချမ်းဝင်း (၁၇)နှစ်နှင့် မင်းမင်းဦး(၁၅)နှစ်တို့ နှစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး တစ်ရွာတည်းနေ မျောက်တောင်း(ခ) ဇင်ကိုအောင်(၁၇)နှစ် ထွက်ပြေးလွတ်မြောက်သွားသဖြင့် အရေးယူပေးရန် တိုင်တန်း၍ ချမ်းဝင်းအောင်(ခ)ချမ်းဝင်းပါ သုံးဦးအား ကလေးမြို့မရဲစခန်းက (ပ)၃၄၈/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

ဆက်လက်စစ်ဆေးချက်အရ ၎င်းတို့သုံးဦးသည် ဇူလိုင် ၂၅ ရက် မွန်းလွဲ ၁ နာရီခန့်က ချမ်းမြေ့အောင်စည်ရပ်ကွက်၊ အကောက်ခွန်ရုံးအနီး၌ အမျိုးသမီးတစ်ဦးမောင်းနှင်ပြီး နောက်မှတစ်ဦး လိုက်ပါလာသည့် ဆိုင်ကယ်နောက်သို့ ဆိုင်ကယ်ဖြင့်လိုက်ကာ နောက်ထိုင်လိုက်ပါလာသူ အမျိုးသမီး၏ လည်ပင်းတွင်ဆွဲထားသော အလေးချိန် (၁၂)ပဲခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံးအား လုယူခဲ့ကြောင်း သိရှိရသဖြင့် သက်သေခံရွှေဆွဲကြိုးကို လိုက်လံသိမ်းဆည်း၍ ၎င်းတို့သုံးဦးအား ကလေးမြို့မရဲစခန်း (ပ)၃၄၉/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၈၂ ဖြင့် ထပ်မံအမှုဖွင့်အရေးယူထားပြီး ထွက်ပြေးတိမ်းရှောင်နေသည့် မျောက်တောင်း(ခ)ဇင်ကိုအောင်အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# လားရှိုးနှင့် နောင်ချိုမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက် ရွှေလီစစ်ဆင်ရေး (၂)ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးနှင့် မူးယစ်တပ်ဖွဲ့စု(၁၀၂) နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုး-မိုင်းယော်သွားကားလမ်းပေါ်တွင် မန်မတ်ကျေးရွာမှ လားရှိုးမြို့သို့မော်တော်ဆိုင်ကယ်စီးလာသူ လီခိုက်ချန်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ သိမ်းဆည်းရမိသည်။



လီခိုက်ချန်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ စက်တင်ဘာ ၃ ရက်က ကျောက်မဲမြို့မှ နောင်ချိုမြို့သို့ မော်တော်ဆိုင်ကယ်စီးလာသူ စိုင်းချိန်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀ ကိုလည်းကောင်း၊ စက်တင်ဘာ ၁ ရက်က ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်အရှေ့ဘက်ပတ်လမ်း ပေါက်မြိုင်ဘုန်းကြီးကျောင်းရှေ့တွင် လွှမ်းမိုးအောင် မောင်းနှင်ပြီး မအောင်အေး(ခ)လင်းဇာနည်အောင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ မြန်မာငွေကျပ် ၁ ဒသမ ၂၉၉ သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံး၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ တို့ကို သိမ်းဆည်းရမိသဖြင့်၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

○

## နှစ်လုံးထီ လောင်းကစားသူများအား အရေးယူထား

**မကွေး စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ရဲတပ်ဖွဲ့ဝင်များပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂ ရက် နံနက် ၁၁ နာရီခွဲခန့်က မကွေးမြို့ ကန်သာရပ်ကွက်နေ မစန်းစန်းမြင့် (၄၃) နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသော စာရွက်စာတမ်းများအား စာရင်းရေးသွင်းနေပြီး ဆက်စပ် ၁ရွက်စာတမ်းများနှင့် ပစ္စည်းများနှင့် လောင်းကြေးငွေကျပ် ၂၁၁၆၀၀ တို့အားတွေ့ရှိသဖြင့် အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မကွေးခရိုင် ချောက်မြို့နယ် ငွေးပင်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် သတင်းအရ ချောက်မြို့နယ် သပြေပင်ရွာထိပ်ရှိ ရေကန်အနီး ခင်မွန်ရွာ- သပြေပင်ရွာသွား လမ်းပေါ်တွင် ခင်မွန်ရွာဘက်မှ ကျောက်ပန်းတောင်းမြို့နယ် ခင်မွန်ကျေးရွာနေသူ မျိုးဝင်း (၂၀) နှစ် မောင်းနှင်လာသော ရင်ဇင်း 125 ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသော စာရွက်စာတမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့် ငွေစက္ကူရောရာ ၄၁၄၀၀ ကျပ်တို့အား သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ (မြေလတ်)**



# ဓာတ်ကြိုးပြတ်ကျ၍ ကလေးငယ်တစ်ဦးထိခိုက်

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၆)ရပ်ကွက် ရမည်းသင်းလမ်းမပေါ်တွင် ဆော့ကစားနေသည့် အသက်(၅)နှစ်အရွယ် ကလေးငယ်တစ်ဦး ဓာတ်အားလိုင်းကြိုးပြတ်ကျရာက ပြင်းထန်စွာဒဏ်ရာများရရှိကာ သတိလစ်မေ့မျောသွားသည့် ဖြစ်စဉ်တစ်ခု စက်တင်ဘာ ၄ ရက် ညနေ ၅ နာရီခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ လှိုင်သာယာမြို့နယ် အမှတ်(၁၆)ရပ်ကွက် ရမည်းသင်းလမ်းမပေါ်တွင် ကလေးငယ်များဆော့ကစားနေခိုက် အသက်(၅)နှစ်အရွယ် မခိုင်နွယ်ဦးမှာ လျှပ်စစ်ဓာတ်အားလိုင်းကြိုး ပြတ်ကျနေသည်ကိုမသိရှိဘဲ ဝင်ရောက်တိုက်မိရာမှ ဓာတ်လိုက်ခံရခြင်းကြောင့် ယာလက်ဖျားနှင့် ခန္ဓာကိုယ်တွင် အပူလောင်ဒဏ်ရာများရရှိကာ သတိလစ်မေ့မျောသွားခဲ့သည်။

အဆိုပါ လမ်းအတွင်းရှိ ဓာတ်အားလိုင်းကြိုး သုံးကြိုးရှိသည့်အနက် ယင်းဓာတ်ကြိုးသည် အကြိမ်ကြိမ် ပြတ်ကျရခြင်းမှာ အနီးရှိသစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းမှု အားနည်းခြင်းကြောင့်ဖြစ်ကြောင်း ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**




## ရေကြောင်းရဲတပ်ဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လိုအပ်သော ရုံးသုံးစာရေးကိရိယာများ ဝယ်ယူရန် ရှိပါသဖြင့် ပြည်တွင်းနိုင်ငံသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | -၉-၉-၂၀၁၅ရက် |
| ၃။ | တင်ဒါပုံစံအရောင်းပိတ်မည့်ရက် | -၁၅-၉-၂၀၁၅ရက် |
| ၄။ | ကုမ္ပဏီ၏ အချက်အလက်ပုံစံတင်ပြရန် နောက်ဆုံးရက် | -၁၆-၉-၂၀၁၅ရက်၊ ၁၆း၀၀နာရီ |
| ၅။ | တင်ဒါဖွင့်မည့်ရက်/အချိန် | -၁၈-၉-၂၀၁၅ရက်၊ ၁၀း၀၀နာရီ |

၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)၊ ရုံးအမှတ်(၃၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက တယ်လီဖုန်းနံပါတ်-၀၆၇-၄၁၁၅၇၄၊ ၀၉-၅၀၈၅၅၉၇၊ ၀၉-၄၂၂၄၄၆၀၂၈သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့




**အမည်မှန်** မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ပိုက်သင်ရွာနေ ဦးကံဦး၏ အမည်မှန်မှာ ဦးဟံစိုး[၈/မမန(နိုင်)၁၅၀၈၉၆] ဖြစ်ပါသည်။



# မြန်မာနိုင်ငံစာရင်းအင်းဥပဒေကြမ်း

## ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

မြန်မာနိုင်ငံစာရင်းအင်းဥပဒေကြမ်း

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၇ ခုနှစ်၊ လ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ ဤဥပဒေကို **မြန်မာနိုင်ငံစာရင်းအင်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်** ဆိုသည်မှာ စာရင်းအင်းဆိုင်ရာ ကောက်ယူစုဆောင်းထားသည့် အချက်အလက်များ သို့မဟုတ် အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ သို့မဟုတ် အခြားစာရင်းအင်းဆိုင်ရာ ပြုစုထားရှိမှုများမှ မူလအချက်အလက်များကို ရည်ညွှန်းကိုးကားထားခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ တရားဝင်စာရင်းအင်းများကို ပြုစုရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသော စနစ်ကိုဆိုသည်။

(ခ) **တရားဝင်စာရင်းအင်း**ဆိုသည်မှာ မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်တွင် ဖော်ပြထားသော အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ၊ ဝန်ကြီးဌာနများမှ မှတ်တမ်းများနှင့် စာရင်းအင်းများ၊ သန်းခေါင်စာရင်းများ၊ စစ်တမ်းများအား ကောက်ယူစုဆောင်းခြင်း၊ ပြုစုခြင်း၊ တွက်ချက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ဝေခြင်းတို့ပါဝင်သော စာရင်းအင်းဆိုင်ရာအချက်အလက်စုဆောင်းမှု လုပ်ငန်းစဉ်များမှရရှိသော အချက်အလက် (Data) များကို ဆိုသည်။

(ဂ) **အရည်အသွေးပြည့်ဝသည့် စာရင်းအင်း** ဆိုသည်မှာ ဓမ္မဓိဋ္ဌာန်ကျမှု၊ တိကျမှန်ကန်မှု၊ စပ်ဆိုင်မှု၊ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်နိုင်မှုရှိသည့် စာရင်းအင်းကို ဆိုသည်။

(ဃ) **သန်းခေါင်စာရင်း** ဆိုသည်မှာ လူ၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ပစ္စည်း၊ လုပ်ငန်းစသည်တို့၏ စာရင်းအင်းဆိုင်ရာ အချက်အလက်များပါဝင်သည်။

(င) **စစ်တမ်း**ဆိုသည်မှာ ဦးရေဆိုင်ရာလက္ခဏာရပ်များကို ခန့်မှန်းသိရှိနိုင်ရန်အတွက် အချိန်ကာလတစ်ခုအတွင်း ဦးရေဆိုင်ရာ စာရင်းအင်းအချက်အလက်များကို နမူနာစာရင်းကောက်ယူခြင်းဖြင့် စုဆောင်းရယူထားသော စာရင်းအင်းဆိုင်ရာ အချက်အလက်ကိုဆိုသည်။

(စ) **အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်း (Administrative Record)** ဆိုသည်မှာ စာရင်းအင်းလုပ်ငန်းစဉ်အတွက် ရည်ရွယ်ထားခြင်း မဟုတ်သော်လည်း အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအတွက် ကောက်ယူစုစည်းထိန်းသိမ်းထားသော မှတ်တမ်းအချက်အလက်ကို ဆိုသည်။

(ဆ) **မေးခွန်းဖြေကြားသူ**ဆိုသည်မှာ စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ဖြေကြားဆောင်ရွက်သော ပုဂ္ဂိုလ်တစ်ဦးဦးကိုသော်လည်းကောင်း၊ တစ်ဦးချင်း ဖြစ်စေ၊ အိမ်ထောင်စုကိုဖြစ်စေ၊ ဌာနအဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့တစ်ရပ်ရပ်ကိုဖြစ်စေ ကိုယ်စားပြုဖြေကြားသူ တစ်ဦးဦးကိုသော်လည်းကောင်း ဆိုလိုသည်။

(ဇ) **စာရင်းအင်းအချက်အလက်ဖြန့်ဝေခြင်း** ဆိုသည်မှာ စာရင်းအင်းဆိုင်ရာ လျှို့ဝှက်ထိန်းသိမ်းခြင်းနှင့် သက်ဆိုင်ခြင်းမရှိသောအချက်အလက်ကို သုံးစွဲသူများသို့ ရယူအသုံးပြုခွင့်ပေးခြင်းကို ဆိုသည်။

(ဈ) **လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်** ဆိုသည်မှာ မြန်မာနိုင်ငံအမျိုးသား စာရင်းအင်းစနစ်ဖြင့် တရားဝင်စာရင်းအင်းများကို ပြုစုနိုင်ရန်ကောက်ယူရာတွင် လက်ခံရရှိထားသော ပုဒ်မ ၃၁နှင့် အညီ သတ်မှတ်ဖော်ပြထားသည့် ခွင့်ပြုချက် မပါရှိဘဲ ထုတ်ဖော်ခြင်း မပြုနိုင်သော ပုဂ္ဂိုလ်တစ်ဦးချင်းနှင့် သက်ဆိုင်သည့် အချက်အလက်ကို ဆိုသည်။

(ည) **မူလစာရင်းအင်းအချက်အလက်** ဆိုသည်မှာ စစ်တမ်း၊ သန်းခေါင်စာရင်းနှင့် အခြားစာရင်းအင်းဆိုင်ရာ အချက်အလက်ကောက်ယူစုဆောင်းမှု လုပ်ငန်းစဉ်များမှတစ်ဆင့် မေးခွန်းဖြေကြားသူထံမှ တိုက်ရိုက်ကောက်ယူ စုဆောင်းရရှိပြီး တရားဝင်စာရင်းအင်းအတွက် အသုံးပြုရန် ရည်ညွှန်းကိုးကားမည့် အချက်အလက်ကို ဆိုသည်။

(ဋ) **စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်** ဆိုသည်မှာ တရားဝင်စာရင်းအင်းများ ထုတ်ပြန်ရန် အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်းများ၊ သန်းခေါင်စာရင်းနှင့် စစ်တမ်းများမှ စာရင်းအင်းအချက်အလက်များကို ကောက်ယူစုဆောင်းခြင်း၊ ပြုစုခြင်း၊ ညွှန်ကိန်းများအား တွက်ချက်တိုင်းတာခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ သုံးသပ်ခြင်း၊ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ဝေခြင်း၊ သိမ်းဆည်းခြင်းတို့နှင့်သက်ဆိုင်သည့် တာဝန်ယူဆောင်ရွက်မှုများကို ဆိုသည်။

(ဌ) **စာရင်းအင်းဆိုင်ရာကိစ္စရပ်** ဆိုသည်မှာ တရားဝင်စာရင်းအင်းများကို ပြုစုရာတွင် အသုံးပြုဆောင်ရွက်ခြင်းကို ဆိုသည်။

(ဍ) **စာရင်းအင်းဆိုင်ရာ အချက်အလက်** ဆိုသည်မှာ တရားဝင်စာရင်းအင်းများကို ဖော်ပြသည့် အချက်အလက်ကို ဆိုသည်။

(ဎ) တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သောနှစ်စဉ်လုပ်ငန်းအစီအစဉ် ဆိုသည်မှာ မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်အရ အချက်အလက်ပြုစုထုတ်ပြန်သူများက ဆောင်ရွက်မည့် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များအားလုံးကို ဖော်ပြထားသည့် နှစ်စဉ်ဆောင်ရွက်မည့်လုပ်ငန်းကို ဆိုသည်။

(ဏ) စာရင်းအင်းပြုစုထုတ်ပြန်သူ ဆိုသည်မှာ တရားဝင်စာရင်းအင်းများကို ထုတ်ပြန်ရန်ရည်ရွယ်ချက်ဖြင့် မူလအချက်အလက် သို့မဟုတ် တစ်ဆင့်ခံ အချက်အလက် ကောက်ယူသည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကို ဆိုသည်။

(တ) အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူ (Stakeholder) ဆိုသည်မှာ အမျိုးသားစာရင်းအင်းစနစ် အကောင်အထည်ဖော်ရာတွင် အဓိကပါဝင်ဆောင်ရွက်သည့် ပုဂ္ဂိုလ်တစ်ဦးချင်း၊ အိမ်ထောင်စု၊ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ သမဝါယမ၊ ဖက်စပ်လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီအပါအဝင် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရည်အသွေးပြည့်ဝ၍ တိကျမှန်ကန်ပြီး ယုံကြည်စိတ်ချရသော စာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုစုပံ့ပိုးနိုင်သည့် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ် ပေါ်ပေါက်လာစေရန်၊

(ခ) အရည်အသွေးပြည့်ဝသော စာရင်းအင်းများရရှိခြင်းဖြင့် မူဝါဒနှင့် စီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း အထောက်အကူပြုစေရန်၊

(ဂ) အကျိုးသက်ရောက်မှုရှိပြီး နိုင်ငံတော်အစိုးရနှင့်အများပြည်သူတို့ အသုံးပြုနိုင်ရန်အတွက် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန်၊

(ဃ) စာရင်းအင်းနှင့်သက်ဆိုင်သော ဌာနများ/အဖွဲ့အစည်းများအကြား ထိရောက်မြန်ဆန်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရန်၊

(င) အရည်အသွေးပြည့်ဝပြီးတိကျမှန်ကန်သည့် စာရင်းအင်းများကို ရရှိအသုံးပြုနိုင်ခြင်းအားဖြင့် အစိုးရနှင့်ပြည်သူများအကြား၊ နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြှင့်စေရန်၊

**အခန်း (၃)**

**အခြေခံစည်းမျဉ်းများ**

၄။ တရားဝင်စာရင်းအင်းများ၏ အရည်အသွေးပြည့်ဝစေရန်နှင့် ပြည်သူများ၏ ယုံကြည်မှုကိုရရှိနိုင်စေရန် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အောက်ပါ အခြေခံစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်-

(က) မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်တွင် အရည်အသွေးပြည့်ဝသည့် စာရင်းအင်းများ ဖြစ်ပေါ်စေရန် တည်ဆဲဥပဒေများနှင့် တရားဝင်စာရင်းအင်းဆိုင်ရာ ကုလသမဂ္ဂအခြေခံ စည်းမျဉ်းများနှင့် ကိုက်ညီရမည်။

(ခ) အချက်အလက်များကို အနီးစပ်ဆုံး တိတိကျကျဖော်ပြ၍ အမှန်တကယ်တည်ရှိသည့် အခြေအနေများနှင့် ကိုက်ညီစေရမည်။

(ဂ) တူညီသော စာရင်းအင်းဆိုင်ရာ အချက်အလက်များ ထပ်မံကောက်ယူခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ရမည်။

(ဃ) အမျိုးသားစာရင်းအင်းများနှင့်စပ်လျဉ်း၍ အများပြည်သူ ယုံကြည်လက်ခံနိုင်မှု ရရှိစေနိုင်ရေးအတွက် စာရင်းအင်းပြုစုဆောင်ရွက်ရာတွင် နည်းလမ်းတကျစီမံဆောင်ရွက်မှုနှင့် အချက်အလက်များ ဖြန့်ဝေခြင်း၌ ပွင့်လင်းမြင်သာမှုရှိရမည်။

(င) စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များအတွက် ကောက်ယူစုဆောင်းထားသော ပုဂ္ဂိုလ်တစ်ဦးချင်း၊ လုပ်ငန်း/အဖွဲ့အစည်း တစ်ခုချင်းစီ၏ လျှို့ဝှက်ထိန်းသိမ်းထားရှိရမည့် အချက်အလက်များကို တိကျစွာ စောင့်ရှောက်ထိန်းသိမ်းပေးရမည်။

(စ) လျှို့ဝှက်ထိန်းသိမ်းရမည့် အချက်အလက်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာစည်းမျဉ်းများကို လိုက်နာ၍ စာရင်းအင်းဆိုင်ရာ အချက်အလက် သုံးစွဲသူများထံ ပြည်သူ့အရင်းအမြစ်တစ်ရပ် သို့မဟုတ် နိုင်ငံသားအခွင့်အရေးတစ်ရပ်အဖြစ်လည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်သူများအတွက် အထောက်အကူအဖြစ်လည်းကောင်း ဖြောင့်မှန်သောနည်းလမ်းဖြင့် လွတ်လပ်စွာ ဖြန့်ဝေပေးရမည်။

(ဆ) အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်းများသည် တရားဝင်စာရင်းအင်းများအတွက် အခြေခံအချက်အလက်များအဖြစ် အသုံးပြုနိုင်ရမည်။

**အခန်း (၄)**

**စာရင်းအင်းဆိုင်ရာ အကြီးအမှူးနှင့် ယင်း၏လုပ်ငန်းတာဝန်များ**

၅။ ဗဟိုစာရင်းအင်းအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်သည် စာရင်းအင်းဆိုင်ရာ အကြီးအမှူး (Chief Statistician) ဖြစ်သည်။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်၏ တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သော နှစ်စဉ်စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်နှင့် ကာလတို၊ ကာလရှည်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်သူများအား ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့်ကြီးကြပ်ခြင်း၊

(ခ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သော အခြေခံစည်းမျဉ်းများနှင့်အညီ စာရင်းအင်းဆိုင်ရာစံနှုန်းများကို သတ်မှတ်နိုင်စေရေးအတွက် ကြီးကြပ်ခြင်းနှင့်လမ်းညွှန်ခြင်း၊

(ဂ) သတ်မှတ်ထားသောစံနှုန်းများနှင့် ကိုက်ညီသောစာရင်းအင်းများ ပြုစုရာတွင် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ကြသည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ဆောင်ရွက်ထားသည့် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များအား လေ့လာစိစစ်အကဲဖြတ်ခြင်းတို့ကို ကြီးကြပ်ခြင်း၊

(ဃ) စာရင်းအင်းရလဒ်များကို မှားယွင်းဖော်ပြခြင်းမှ ရှောင်ရှားနိုင်ရေးအတွက် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သည့် နည်းပညာဆိုင်ရာ အကူအညီနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအချက်အလက်ပြုစုထုတ်ပြန်သူများ၊ စာရင်းအင်းဆိုင်ရာ အချက်အလက် သုံးစွဲသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(င) တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သော လုပ်ငန်းအစီအစဉ်များနှင့်အညီ မူလစာရင်းအင်းအချက်အလက်များကောက်ယူခြင်း၊ လူမှုစီးပွားဆိုင်ရာ စစ်တမ်းများကောက်ယူရန် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ကြသော အဖွဲ့အစည်းများအား တာဝန်ပေးအပ်ခြင်း၊

(စ) စာရင်းအင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ ညီလာခံများနှင့် အစည်းအဝေးများတွင် နိုင်ငံအတွက်ကိုယ်စားပြုဆောင်ရွက်ခြင်း၊

(ဆ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် လုံလောက်သော ဝန်ထမ်းများနှင့် ငွေကြေးခွင့်ပြုချက်များရရှိစေရန် ဆောင်ရွက်ခြင်းနှင့် အတည်ပြုချက်ရရှိရေးအတွက် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီသို့ တင်ပြခြင်း။

**အခန်း (၅)**

**ဗဟိုစာရင်းအင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၆။ ဗဟိုစာရင်းအင်းအဖွဲ့သည် မြန်မာနိုင်ငံ၏ အမျိုးသားစာရင်းအင်းဆိုင်ရာ အာဏာပိုင်အဖွဲ့ ဖြစ်စေရမည်။ အဆိုပါအဖွဲ့သည်စာရင်းအင်းဆိုင်ရာမူဝါဒနှင့် စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အမျိုးသားအဆင့်မဟာဗျူဟာ (National Strategy for the Development of Statistics –NSDS) အကောင်အထည်ဖော်ရေးအတွက် ရပ်တည်ဆောင်ရွက်ရမည်။ စာရင်းအင်းဆိုင်ရာ အကြီးအမှူးသည် ဗဟိုစာရင်းအင်းအဖွဲ့ကိုဦးဆောင်ရမည်။ ဗဟိုစာရင်းအင်းအဖွဲ့သည် အောက်ပါတာဝန်များကို ထမ်းဆောင်ရမည်-

(က) ဗဟိုစာရင်းအင်းအဖွဲ့သည် တရားဝင်စာရင်းအင်းနှင့် သက်ဆိုင်သော နှစ်စဉ်စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်နှင့် ကာလတို၊ ကာလရှည်စာရင်းအင်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(ခ) ဗဟိုစာရင်းအင်းအဖွဲ့သည် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ၏အတွင်းရေးမှူးရုံး (Secretariat)အဖြစ် ဆောင်ရွက်ရမည်၊

(ဂ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ၏ အတည်ပြုချက်ရရှိရေးအတွက် တင်ပြရမည်၊

(ဃ) အမျိုးသားစာရင်းအင်းစနစ်၏ တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သောအစီအစဉ်နှင့် စာရင်းအင်းအချက်အလက်များကို ဖြန့်ဝေခြင်း၊ စီမံချက်များ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို လေ့လာစိစစ်ကြီးကြပ်ရမည်၊

(င) စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသော အခြေခံစည်းမျဉ်းများနှင့်အညီ စာရင်းအင်းဆိုင်ရာစံနှုန်းများ ကိုက်ညီစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည်၊

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

(စ) အရည်အသွေးပြည့်ဝ၍ တိကျမှန်ကန်သော စာရင်းအင်းကိန်းဂဏန်း အချက်အလက်များအား ကောက်ယူစုစည်းနိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များတွင် ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(ဆ) ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များတွင် ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲများအကြား စာရင်းအင်းအချက်အလက်ပေးပို့ရန် ကွန်ရက် (Data Communication Network) ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် စုစည်းထိန်းသိမ်းထားရှိခြင်း၊

(ဇ) ဗဟိုစာရင်းအင်းအဖွဲ့က စာရင်းအင်းဆိုင်ရာ အချက်အလက်များကို အီလက်ထရွန်နစ်အချက်အလက်ဝန်ဆောင်မှုစနစ် ထူထောင်ခြင်းနှင့် လျှို့ဝှက်ကိစ္စရပ်မှအပ ထုတ်ပြန်သင့်သည့် စာရင်းအင်းများအား ဖြန့်ဝေခြင်း၊

(ဈ) စာရင်းအင်းများပြုစုရာတွင် စာရင်းအင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် အရည်အသွေးကို မြှင့်တင်ရန် သင်ရိုးညွှန်းတမ်းရေးဆွဲဆောင်ရွက်ခြင်း၊ စာရင်းအင်းနည်းပညာ ဖွံ့ဖြိုးရေး သင်တန်းများ ဖွင့်လှစ်ခြင်း၊

(ည) လူမှုစီးပွားအခြေအနေဆိုင်ရာ အညွှန်းကိန်းများနှင့် အထွေထွေစာရင်းအင်းများ ပြုစုနိုင်ရန် စစ်တမ်းနှင့်သန်းခေါင်စာရင်းများ ကောက်ယူရေးအတွက် ပြင်ဆင်ဆောင်ရွက်စေရန် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ကြသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သည့် စာရင်းအင်းလုပ်ငန်းစဉ်များကို ပြည်ထောင်စုအဆင့်၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ရှိ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဌ) တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သော လုပ်ငန်းအစီအစဉ်၏ စာရင်းအင်း အချက်အလက်ဖြန့်ဝေခြင်း၊ စီမံချက်နှင့်အညီ စာရင်းအင်းအချက်အလက်များအားလုံးကို သတင်းကဏ္ဍမျိုးစုံမှ တစ်ဆင့် ဖြန့်ဝေခြင်းတို့ကို ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဍ) မြန်မာအမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်သော အချက်အလက်များအား နည်းလမ်းတကျဖြင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်သော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနများဆောင်ရွက်ခြင်း၊ စာရင်းအင်းထုတ်ပြန်မှု အရည်အသွေးကို အကဲဖြတ်ခြင်း၊ လေ့လာစိစစ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊

(ဎ) စာရင်းအင်းဆိုင်ရာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ခေတ်နှင့်လျော်ညီသည့် လိုအပ်ချက်အပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဏ) ဗဟိုစာရင်းအင်းအဖွဲ့၏ လုပ်ငန်းတာဝန်များကို လိုအပ်ပါက နည်းဥပဒေအဖြစ် ထုတ်ပြန်ဖော်ပြနိုင်သည်၊

**အခန်း (၆)**

**ကဏ္ဍအလိုက်စာရင်းအင်းများ**

၇။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အမျိုးသားစာရင်းအင်းစနစ် အကောင်အထည်ဖော်ဆောင်ရာတွင် အဓိကပါဝင်ပတ်သက်သူများ (Main Stakeholders) အဖြစ် ဆောင်ရွက်ရမည်။

၈။ ဝန်ကြီးဌာနများသည် သက်ဆိုင်ရာကဏ္ဍအလိုက်စာရင်းအင်းများကို ပြုစုရမည့်အပြင် တည်ဆဲဥပဒေများ၌ သတ်မှတ်ဖော်ပြထားသော သီးခြားညွှန်ကြားချက်များအရ သန်းခေါင်စာရင်းများ၊ စစ်တမ်းများ၊ အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများထားရှိမှုစနစ်များမှ ကဏ္ဍအလိုက်အချက်အလက်များကို ကောက်ယူစုဆောင်းရမည်။ တရားဝင်စာရင်းအင်းများကို အဆိုပါအချက်အလက် ရင်းမြစ်များမှထုတ်နုတ်ရမည်။

၉။ ဝန်ကြီးဌာနများသည် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီမှအတည်ပြုထားသော တရားဝင်စာရင်းအင်းများနှင့်သက်ဆိုင်သော လုပ်ငန်းစဉ်နှင့်အညီ ဗဟိုစာရင်းအင်းအဖွဲ့နှင့်အတူ အရည်အသွေးပြည့်ဝသော သက်ဆိုင်ရာ စာရင်းအင်းများကို ပြုစုခြင်းနှင့် ဖြန့်ဝေခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ရမည်။

၁၀။ ဤဥပဒေပါ လုပ်ငန်းများအတွက် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်အတွင်း အချက်အလက်ပြုစုထုတ်ပြန်ရာတွင် အချိန်ကာလစည်းကမ်းသတ်မှတ်ချက် (Time Frame)၊ အဓိပ္ပာယ်ဖော်ပြချက်များ၊ စာရင်းအင်းဆိုင်ရာ နည်းလမ်းများ(Methodology)၊အချက်အလက်ကောက်ယူမည့် နမူနာပုံစံများ (Templates)စသည့် စာရင်းအင်းဆိုင်ရာ အချက်အလက်ကောက်ယူစုဆောင်းခြင်းနှင့်သက်ဆိုင်သော ကိစ္စရပ်များအတွက် စီမံချက်နှင့်အတူ စာရင်းအင်းဆိုင်ရာ အကြီးအမှူး၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၁၁။ စာရင်းအင်းပြုစုထုတ်ပြန်သူများနှင့် စာရင်းအင်းဆိုင်ရာအကြီးအမှူးတို့အကြား သဘောတူညီချက်ကို လိုက်နာရန်ပျက်ကွက်ပါက ၎င်းစီမံချက်အပေါ် စာရင်းအင်းဆိုင်ရာ အကြီးအမှူး၏ အတည်ပြုချက်အား ပြန်လည်ရုပ်သိမ်းနိုင်သည်။

**အခန်း (၇)**

**ကော်မတီဖွဲ့စည်းခြင်းနှင့် အဓိကတာဝန်များ**

၁၂။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့်အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ | နာယက |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေး<br>ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၄) | သက်ဆိုင်ရာဝန်ကြီးဌာနမှ<br>ဒုတိယဝန်ကြီး(၁၅)ဦး | အဖွဲ့ဝင် |
| (၅) | ဒုတိယစာရင်းစစ်ချုပ် | အဖွဲ့ဝင် |
| (၆) | ဝန်ကြီးများ<br>စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန<br>တိုင်းဒေသကြီးနှင့်<br>ပြည်နယ်အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေး<br>ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |

(ခ) တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရအဖွဲ့တို့သည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီကို ဖွဲ့စည်းရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) အရ ဖွဲ့စည်းထားသော ကော်မတီများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်၍ နည်းဥပဒေတွင် ထည့်သွင်းဖော်ပြနိုင်သည်။

၁၃။ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီက ချမှတ်ထားသော စာရင်းအင်းဆိုင်ရာမူဝါဒများကို ဗဟိုစာရင်းအင်းအဖွဲ့၊ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်တစ်ဦးချင်း၊ အိမ်ထောင်စု၊ သမဝါယမ၊ ဖက်စပ်လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီ အပါအဝင် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများတို့မှ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၄။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေတို့အကြား ထိရောက်သော စာရင်းအင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပေါ်ထွန်းလာစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းအင်း အချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များ၊ မြို့နယ်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် စာရင်းအင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန် အခွင့်အာဏာပေးအပ်ထားရမည်။

၁၅။ ဗဟိုစာရင်းအင်းအဖွဲ့သည် ဘဏ္ဍာရေးခွင့်ပြုချက်ရှိခဲ့လျှင် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လိုအပ်သလို ထောက်ပံ့ပေးရမည်။

၁၆။ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုခုသည် ပြည်ထောင်စုအစိုးရ၏ လက်ရှိစာရင်းအင်းဆိုင်ရာဆောင်ရွက်မှုများမှ လိုအပ်သော အချက်အလက်များကို ရရှိနိုင်ခြင်းမရှိခဲ့လျှင် မိမိဒေသဆိုင်ရာအဆင့်မှ စာရင်းအင်းများကိုရယူ၍ လုပ်ငန်းများဆောင်ရွက်နိုင်သည်။ သို့ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ၏ အတည်ပြုချက်ဖြင့်သာလျှင် ဆောင်ရွက်ရမည်။

**အခန်း (၈)**

**စာရင်းအင်းဆိုင်ရာအချက်အလက်များအား ကောက်ယူစုဆောင်းခြင်း**

၁၇။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသည် ဗဟိုစာရင်းအင်းအဖွဲ့၏ အရာထမ်း၊ အမှုထမ်းများ သို့မဟုတ် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်ရှိ စာရင်းအင်းပြုစုထုတ်ပြန်သူများမှတစ်ဆင့် သန်းခေါင်စာရင်း သို့မဟုတ် စစ်တမ်းနှင့်စပ်လျဉ်း၍ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပါဝင်ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

၁၈။ သန်းခေါင်စာရင်းနှင့်စစ်တမ်းများအတွက် မေးခွန်းဖြေကြားသူသည် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် အချိန်ကာလနှင့်လိုက်လျောညီသည့် တိကျပြည့်စုံသော စာရင်းအင်းဆိုင်ရာ အချက်အလက်များကို သတ်မှတ်သည့် အချိန်ကာလအတွင်း ရရှိနိုင်ခြင်းမရှိပါက အနီးစပ်ဆုံး ခန့်မှန်းခြေစာရင်းအင်းဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးအပ်ရမည်။

၁၉။ စာရင်းအင်းဆိုင်ရာအကြီးအမှူး သို့မဟုတ် ၎င်းက တာဝန်ပေးအပ်ခြင်းခံရသူ တစ်ဦးဦးသည် စစ်တမ်းနှင့် သန်းခေါင်စာရင်းများ ဆောင်ရွက်နိုင်ရန် အစိုးရဌာနအဖွဲ့အစည်းများရှိ သက်ဆိုင်ရာမှတ်တမ်းများ သို့မဟုတ် စာရွက်စာတမ်းများကိုရယူခွင့်ရှိသည့်အပြင် စာရင်းအင်းဆိုင်ရာကိစ္စရပ်များအတွက် ဤဥပဒေအရ လိုအပ်သည့် စာရင်းအင်းဆိုင်ရာ အချက်အလက်တစ်ခုခုအား ရရှိရန် လိုအပ်သော မေးခွန်းများကိုမေးမြန်းခွင့်ရှိသည်။

၂၀။ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများသည် ဤဥပဒေပါကိစ္စရပ်များ အလို့ငှာ စာရင်းအင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ထိန်းသိမ်းထားသည့် အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ (Administrative Records) မှ ရယူလိုသော စာရင်းအင်းဆိုင်ရာအချက်အလက်များအတွက် စာရင်းအင်းဆိုင်ရာ အကြီးအမှူးသို့မဟုတ် ၎င်းက တာဝန်ပေးအပ်ခြင်းခံရသူ တစ်ဦးဦးက တောင်းဆိုသည့်အချက်များကို ဆောင်ရွက်ပေးရမည်။

၂၁။ စာရင်းအင်းဆိုင်ရာအကြီးအမှူး သို့မဟုတ် ၎င်းကတာဝန်ပေးအပ်ခြင်းခံရသူ တစ်ဦးဦးသည် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ဘဏ္ဍာရေးဝန်ကြီးဌာနက ထိန်းသိမ်းထားသည့် သက်သေခံလက်မှတ်များ၊ တင်ပြချက်များ၊ နှစ်စဉ်အစီရင်ခံစာများနှင့်မှတ်တမ်းများကို စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များအတွက် ရယူပိုင်ခွင့်ရှိသည်။

၂၂။ စာရင်းအင်းဆိုင်ရာအကြီးအမှူး သို့မဟုတ် ၎င်းမှတာဝန်ပေးအပ်ခြင်းခံရသူတစ်ဦးဦးသည် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ကန့်သတ်ထားသော သတင်းအချက်အလက်များကို တောင်းဆိုရယူခွင့်ရှိရမည်။

**အခန်း (၉)**

**စာရင်းအင်းဆိုင်ရာ အချက်အလက်များအတွက်**
**မေးခွန်းဖြေကြားသူများ၏ အခွင့်အရေး**

၂၃။ မေးခွန်းဖြေကြားသူသည် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်အရ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်ရပ်က ဆောင်ရွက်ထားရှိရမည့် စစ်တမ်းနှင့် သန်းခေါင်စာရင်းတစ်ရပ်ရပ်အတွက် ယင်းထုတ်ဖော်ပြောဆိုထားသော လျှို့ဝှက်ထိန်းသိမ်းထားရှိရမည့် ပုဂ္ဂိုလ်ရေးရာအချက်အလက်များကို သက်ဆိုင်ရာ စာရင်းအင်းကောက်ယူသည့်ဌာနသို့ တောင်းဆိုခွင့်ရှိသည်။

၂၄။ မေးခွန်းဖြေကြားသူသည် စာရင်းကောက်ယူခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို သိပိုင်ခွင့်ရှိသည်-

(က) အချက်အလက်ကောက်ယူစုဆောင်းခြင်း၏ ရည်ရွယ်ချက်၊ ကောက်ယူသည့် အချက်အလက်များအားအသုံးပြုခြင်း ယင်းဖြေဆိုရမည့် မေးခွန်းအသုံးပြုခြင်းတို့တွင် မေးခွန်းဖြေကြားသူက ဖြေဆိုရန် တာဝန်ရှိသော မေးခွန်းများ၊

(ခ) ကောက်ယူစုဆောင်းရရှိသော အချက်အလက်များကို လျှို့ဝှက်အဆင့်ဖြင့် ထိန်းသိမ်းထားခြင်းအပါအဝင် မှတ်တမ်းတင်ထားမည့် လုပ်ထုံးလုပ်နည်းများနှင့် ပြုစုမည့်စာရင်းအင်းများကို ထုတ်ပြန်မည့်အချိန်ဇယား၊

(ဂ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အခြားသက်ဆိုင်သော စာရင်းအင်းအချက်အလက်များ၊

**အခန်း (၁၀)**

**စာရင်းအင်းဆိုင်ရာ အချက်အလက်များ ပံ့ပိုးပေးအပ်ရန်တာဝန်**

၂၅။ ပုဂ္ဂိုလ်တစ်ဦးဦးဖြစ်စေ၊ ပုဂ္ဂလိကအဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်း၊ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် အခြားစီးပွားရေးကိုယ်စားလှယ်များသည် ဗဟိုစာရင်းအင်းအဖွဲ့၏စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ရပ်အတွက်သော်လည်းကောင်း၊ ဤဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်အတွင်းမှ အချက်အလက်ဆိုင်ရာ အခြားလုပ်ထုံးလုပ်နည်းများအတွက်သော်လည်းကောင်း ပြည့်စုံမှန်ကန်သော စာရင်းအင်းဆိုင်ရာ အချက်အလက်များကို အချိန်မီအခမဲ့ ပံ့ပိုးပေးအပ်ရန် တာဝန်ရှိသည်။

၂၆။ လူဦးရေနှင့်အိမ်ထောင်စုသန်းခေါင်စာရင်းမှတစ်ပါး အခြားဖြေဆိုသည့် စာရင်းအင်းဆိုင်ရာ အချက်အလက်များသည် မေးခွန်းဖြေဆိုသူ၏အကျိုးအား ထိခိုက်စေနိုင်လျှင် ထိုသူအား စာရင်းအင်းဆိုင်ရာအချက်အလက် ပံ့ပိုးပေးအပ်ဖြေဆိုရန် တာဝန်ရှိခြင်းမှ အပြည့်အဝကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လိုအပ်ပါက ကင်းလွတ်ခွင့်ပြုနိုင်သည်။

**အခန်း (၁၁)**

**တရားဝင်စာရင်းအင်းများအား ထုတ်ပြန်ခြင်း**

၂၇။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် အချက်အလက်ပြုစု ထုတ်ပြန်သူများသည် အချက်အလက် အသုံးပြုသူများလိုအပ်သော တရားဝင်စာရင်းအင်းများနှင့် စပ်လျဉ်း၍ ပုံနှိပ်ထုတ်ဝေမည့် အမျိုးအစား၊ ပုံစံနှင့်နေ့ရက်တို့ကို ကြိုတင်ထုတ်ဝေသည့် လုပ်ငန်းအချိန်ဇယားတွင် ထည့်သွင်း ဖော်ပြရမည်ဖြစ်ပြီး ဇယားပါ ရည်ရွယ်ချက်များ၊ လုပ်ထုံးလုပ်နည်းများအတိုင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ လိုအပ်သည့် စာရင်းအင်းအချက်အလက်များကို ထုတ်ပြန်ရမည်။

၂၈။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် အချက်အလက်ပြုစု ထုတ်ပြန်သူများသည် သီးခြားဇယားများပြုစုခြင်း၊ သန်းခေါင်စာရင်းနှင့် စစ်တမ်းများအတွက် အသေးစိတ်အချက်အလက်များ ထုတ်ပြန်ခြင်းအပါအဝင် စာရင်းအင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရမည်။

၂၉။ တရားဝင်စာရင်းအင်းများ ထုတ်ပြန်နိုင်ရန် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်ရှိ အချက်အလက်ပြုစုထုတ်ပြန်သူများက သင့်လျော်သည့် သတင်းမီဒီယာများကို အသုံးပြုနိုင်သည်။

၃၀။ ဗဟိုစာရင်းအင်းအဖွဲ့သည် အမျိုးသားစာရင်းအင်းဆိုင်ရာ အချက်အလက်များ သိုမှီးရာ ဌာနအား တိုးတက်ကောင်းမွန်စေရန်၊ ပြုပြင်ထိန်းသိမ်းရန်၊ အများပြည်သူ ရယူအသုံးပြုခွင့်ရရှိစေရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန်တို့အတွက် တာဝန်ရှိသည်။

၃၁။ အချက်အလက်ထုတ်ပြန်ခြင်းဆိုင်ရာ မူဝါဒနှင့်အညီ စာရင်းအင်းပြုစုထုတ်ပြန်သူများသည် လျှို့ဝှက်ထိန်းသိမ်းသင့်သည့် အချက်အလက်များမှအပ သုံးစွဲလိုသူများထံ အဖိုးအခ တစ်စုံတစ်ရာဖြင့် သုံးစွဲခွင့်ပြုနိုင်သည်။

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

**အခန်း (၁၂)**

**တားမြစ်ချက်များ**

၃၂။ စာရင်းအင်းဆိုင်ရာအကြီးအမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများနှင့် စာရင်းအင်း အချက်အလက်ပြုစုထုတ်ပြန်သူမည်သူမျှ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ရပ်အတွက် မေးခွန်းဖြေကြားသူများထံမှရရှိသော လျှို့ဝှက်ထိန်းသိမ်းရမည့် အချက်အလက်ကို လျှို့ဝှက်ထိန်းသိမ်းထားရှိရန် ပျက်ကွက်ခြင်းမရှိစေရ။

၃၃။ ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်၏ လက်ဝယ်ရှိ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ရပ်အတွက် ပြုလုပ်ထားသော ပုဂ္ဂိုလ်တစ်ဦးချင်း၊ အိမ်ထောင်စုနှင့် အဖွဲ့အစည်းတစ်ခုခုနှင့်စပ်လျဉ်းသော စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်ပုံစံဖြင့်ဖြစ်စေ ပြုစုထားသည့် အများပြည်သူဆိုင်ရာ မှတ်ပုံတင်မှု အချက်အလက်သိုမှီးရာဌာန သို့မဟုတ် မွေးဖွားကြောင်း ကြေညာချက်ပုံစံ စသည့် အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်းရှိမည်သည့်အချက်အလက်ကိုမျှ သက်ဆိုင်ရာပုဂ္ဂိုလ်၊ အိမ်ထောင်စုနှင့်အဖွဲ့အစည်း၏ သဘောတူညီကြောင်း စာဖြင့်ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ထုတ်ဖော်ပြောဆိုခြင်း မပြုရ။

၃၄။ ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် အချက်အလက်ပြုစုထုတ်ပြန်သူသည် နမူနာစစ်တမ်းနှင့် သန်းခေါင်စာရင်းများမှ သတင်းအချက်အလက်များကို စာရင်းအင်းဆိုင်ရာ အကျဉ်းချုပ်များ သို့မဟုတ် စာရင်းအင်းဆိုင်ရာဇယားများ အနေဖြင့်သာလျှင် ထုတ်ပြန်ရမည်။ ယင်းထုတ်ပြန်ချက်တွင် ပုဂ္ဂိုလ်တစ်ဦးဦး၊ ကော်ပိုရေးရှင်း၊ အသင်းအဖွဲ့၊ ဖက်စပ်လုပ်ငန်း၊ စီးပွားရေး အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းများကို ဖော်ပြခြင်းမပြုရ။

၃၅။ အမျိုးသားစာရင်းအင်းစနစ်တွင်ပါဝင်သော ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် အချက်အလက် ပြုစုထုတ်ပြန်သူများသည် သုတေသနလုပ်ငန်းအတွက် ပြုစုသောစာရင်းအင်းဆိုင်ရာ မေးမြန်းချက်များ သို့မဟုတ် စစ်တမ်းအတွက် မေးခွန်းများမှ အသေးစိတ်အချက်အလက်များကို ပြုစုဆောင်ရွက်နိုင်သည်။ သို့ရာတွင် ပုဂ္ဂိုလ်တစ်ဦးချင်း၊ ကော်ပိုရေးရှင်း၊ အဖွဲ့အစည်း၊ ဖက်စပ်လုပ်ငန်း၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် အဖွဲ့အစည်းများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို မည်သည့်အကြောင်းနှင့်မျှ ထုတ်ဖော်ပြောဆိုခြင်း သို့မဟုတ် အပေးအယူ ပြုလုပ်ခြင်းမပြုရ။

၃၆။ ဤဥပဒေအရသော်လည်းကောင်း၊ ပြစ်မှုဆိုင်ရာဥပဒေအရသော်လည်းကောင်း တရားစွဲဆိုဆောင်ရွက်သည့် ကိစ္စရပ်မှတစ်ပါး ဤဥပဒေအရ အချက်အလက်များ ကောက်ယူစုဆောင်းခြင်း၊ ပြုစုခြင်းနှင့် တရားဝင်စာရင်းအင်းများကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း၊ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိသော မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပုဂ္ဂိုလ်တစ်ဦးချင်း၊ ကော်ပိုရေးရှင်း၊ အဖွဲ့အစည်း၊ ဖက်စပ်လုပ်ငန်း၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် အဖွဲ့အစည်းများနှင့် စပ်လျဉ်းသော သတင်းအချက်အလက်တစ်စုံတစ်ရာကို ကြည့်ရှုခွင့်မပြုရ။

၃၇။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ခြင်းမပြုရ-

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ကောက်ယူစုဆောင်းသည့် စာရင်းအင်း အချက်အလက်များကို ပံ့ပိုးပေးအပ်ရန် လုံလောက်သော အကြောင်းပြချက်မရှိဘဲ ပျက်ကွက်ခြင်း သို့မဟုတ် ငြင်းဆိုခြင်း၊

(ခ) တမင်ရည်ရွယ်ချက်ဖြင့် မမှန်ကန်သော စာရင်းအင်းအချက်အလက်များကို ပေးအပ်ခြင်း၊

(ဂ) စာရင်းအင်းအချက်အလက်များကို ကောက်ယူစုဆောင်းသူတစ်ဦးဦးက ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းခြင်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း။

**အခန်း(၁၃)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၃၈။ စာရင်းအင်းဆိုင်ရာအကြီးအမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများနှင့် စာရင်းအင်း ပြုစုထုတ်ပြန်သူ မည်သူမဆို ပုဒ်မ ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၉။ ဗဟိုစာရင်းအင်းအဖွဲ့၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် စာရင်းအင်းပြုစုထုတ်ပြန်သူ မည်သူမဆို ပုဒ်မ ၃၃၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၅ နှင့် ပုဒ်မ ၃၆ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၄၀။ မည်သူမဆို ပုဒ်မ ၃၇ ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုဖြစ်ပါက ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းဖြစ်ပါက ကျပ်တစ်သိန်းငါးသောင်းထက် မပိုသောငွေဒဏ်ကိုလည်းကောင်း ချမှတ်ရမည်။

၄၁။ မည်သူမဆို ပုဒ်မ ၄၀ အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီးနောက် ပုဒ်မ ၃၇၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဆက်လက်ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ဆက်လက်၍ ပျက်ကွက်သည့်နေ့ အသီးသီးအတွက် တစ်ရက်လျှင် ကျပ်ငါးထောင်ထက်မပိုသော ငွေဒဏ်ကို ချမှတ်ရမည်။

**အခန်း(၁၄)**

**အထွေထွေ**

၄၂။ ဤဥပဒေအရ စာရင်းအင်းဆိုင်ရာကိစ္စရပ်များအတွက် အချက်အလက်များ ပံ့ပိုးပေးအပ်ရန် တာဝန်ရှိသူသည် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကုမ္ပဏီတစ်ခုခုဖြစ်လျှင် အဆိုပါ အသင်းအဖွဲ့၏အဖွဲ့ဝင် တစ်ဦးချင်းစီ သို့မဟုတ် အဖွဲ့အစည်းကို ဦးဆောင်သောအဖွဲ့တွင် ပါဝင်သူတစ်ဦးချင်းစီ သို့မဟုတ် စီးပွားရေး လုပ်ငန်းတွင် ပါဝင်သူ တစ်ဦးချင်းစီ သို့မဟုတ် ကုမ္ပဏီဒါရိုက်တာ သို့မဟုတ် အစုရှယ်ယာရှင် တစ်ဦးချင်းစီတွင် တာဝန်ရှိသည်ဟုမှတ်ယူရမည်။ သို့ရာတွင် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းသို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကုမ္ပဏီ တစ်ခုခုသည် ယင်း၏ကိုယ်စား ဤဥပဒေပါ စာရင်းအင်းဆိုင်ရာကိစ္စရပ်များအတွက် အချက်အလက်များ ပံ့ပိုးပေးမည့်သူအဖြစ် တစ်ဦးတစ်ယောက်၏ အမည်စာရင်းကို စာရင်းအင်းဆိုင်ရာအကြီးအမှူး (Chief Statistician) ထံ သတ်မှတ်ချက်များနှင့်အညီ ပေးပို့ထားလျှင် ထိုသို့ အမည်စာရင်း တင်သွင်းခံရသူတွင်သာ တာဝန်ရှိစေရမည်။

၄၃။ ပုဒ်မ ၃၅ အရ တရားစွဲဆိုရာတွင် စာရင်းအင်းဆိုင်ရာအကြီးအမှူး၏ ကြိုတင်ခွင့်ပြုမိန့် မရရှိဘဲ တရားစွဲဆိုခြင်းမပြုရ။

၄၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၅။ ၁၉၅၂ ခုနှစ်၊ ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင်အက်ဥပဒေ (အက်ဥပဒေ အမှတ် ၃၄/၁၉၅၂) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။




စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ပြည်လမ်းမပေါ် ၃၆ ပေ × ၄၅ ပေ၊ (၈)ထပ် ကျယ်ဝန်းသောဧည့်ခန်းနှင့် ထမင်းစားခန်းများပါဝင်ပြီး အိပ်ခန်း(၃)ခန်း၊ စီးဒိုခန်း (၁)ခန်း၊ ရေချိုးခန်း၊ အိမ်သာ(၂)ခန်း အသင့်နေထိုင်နိုင်ပါသည်။
ဆက်သွယ်ရန် - 09-519 9697

**ဖုန်းကတ်များ**
**ဈေးကောင်းပေးဝယ်သည်**
၇၃၊ ၉၁၀------
၄၉၊ ၄၇--------
၆၄၊ ၆၅၊ ၆၈---
၂၀၊ ၂၀၀------
၅၀၊ ၅၁--------
ဖုန်း-၀၉-၂၀၉၈၈၈၈

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-6809893
09-6819020

**Access Cherry Travels & Tours Co.,Ltd. တွင် တာဝန်ထမ်းဆောင်ခဲ့သော မောင်သူရအောင်နှင့် အများသိစေရန်**

Access Cherry Travels & Tours Co.,Ltd ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

Access Cherry Travels & Tours Co.,Ltd တွင် Senior Operation အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ မောင်သူရအောင်သည် တာဝန်ထမ်းဆောင်စဉ်အတွင်း ငွေအလွဲသုံးစားပြုလုပ်ခြင်း၊ စာရွက်စာတမ်းအတုများပြုလုပ်ခြင်းတို့ကို စစ်ဆေးတွေ့ရှိရသဖြင့် စာရင်းရှင်းလင်းပေးပါရန် ကုမ္ပဏီမှ ဆက်သွယ်ခဲ့သော်လည်း လာရောက်ဆက်သွယ်ဖြေရှင်းခဲ့ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဝါးရုံဆိပ်ရပ်ကွက်၊ ဦးမောင်မောင်လမ်း၊ အမှတ်(၄၃၂)နေ ဦးမြင့်ခိုင်၏သား မောင်သူရအောင်[၁၂/ကမတ(နိုင်) ၀၇၇၃၆၉]အား ၁-၉-၂၀၁၅ရက်မှစ၍ Access Cherry Travels & Tours Co.,Ltd. ၏ဝန်ထမ်းအဖြစ်မှ ရပ်စဲပြီးကြောင်း၊ Access Cherry Travels & Tours Co.,Ltd.နှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝတို့ကို ကုမ္ပဏီမှ လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

Access Cherry Travels &Tours Co.,Ltd. နှင့်ဆက်သွယ်လိုပါက ဖုန်း- ၀၉-၄၃၀၅၃၀၆၆၊ ၂၆၀၀၄၂၂၉၇၊ ၀၁-၄၀၀၅၄၇၊ ၅၄၅၃၅၈များသို့ ဆက်သွယ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်မော်(စဉ်-၉၅၇၅)၊ ဒေါ်ခင်ပြည့်(စဉ်-၇၀၄၈)**
**တရားလွှတ်တော်ရှေ့နေများ**
**တိုက်(၆)၊ အခန်း(၇၀၃)၊ အထက်ပုဇွန်တောင်လမ်းမကြီး၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့**

# ကမ္ဘာကြီး တစ်သက်စံဖို့ မနက်ဖြန်သို့ မျှော်ရည်

à ကိုရင်ညြ

***မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည် မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်း စာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များ ကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)***

ကမ္ဘာ့စီးပွားရေး အကျဘက်သို့ ယိမ်းလုလု၊ ဘူမိ-နိုင်ငံရေး တင်းမာမှုများက အဆိုးဘက်သို့ တိမ်းလုလု ဖြစ်နေချိန်တွင် ကမ္ဘာ၏ အရှေ့အာရှရပ်ဝန်းတစ်နေရာ၌ လွန်ခဲ့သည့် ရက်သတ္တပတ်က လှုပ်လှုပ်ရွရွ ဖြစ်လာသည်ကို ကျွန်ုပ် လျှပ်တစ်ပြက် ရှုမြင်မိလေ၏။

အာရှ၏ မြို့မျက်နှာဖုံးဟု တင်စားအပ်သည့် ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး (ဂျပန်သံဖြင့် အနီးစပ်ဆုံး အသံထွက်ကြည့်လျှင် ရှင်ဇိုအာ့ဘဲ့)၏ အစိုးရအဖွဲ့က နိုင်ငံတော်၏ တပ်မတော်ကို ပြန်လည်သိဒ္ဓိတင်ပေးနိုင်စေရန် ရည်ရွယ်သည့် ဥပဒေကြမ်းများအား ပါလီမန်မှတစ်ဆင့် အတည်ပြုလာနိုင်စေရေးအတွက် တွန်းတွန်းတိုက်တိုက် လုပ်ဆောင်ရာမှ ပြည်တွင်း၊ ပြည်ပမှ တုံ့ပြန်မှု ပဲ့တင်သံများကို ကျယ်ကျယ်လောင်လောင် ကျွန်ုပ်ကြားသိရလေသည်။

ဂျပန်နိုင်ငံ၏ တပ်မတော်သည်ကား နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကာလရှည် စတုတ်တိုက်ခံခဲ့ရသည် (တစ်နည်း) ထိန်းချုပ်ကန့်သတ်ခံခဲ့ရသည်။ ဒုတိယကမ္ဘာစစ်အပြီး အမေရိကန်က ရေးဆွဲပေးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေပါ စည်းမျဉ်းသတ်မှတ်ချက်များနှင့်အညီ ဂျပန်တပ်မတော်မှာ ကျုံ့ကျုံ့ယုံ့ယုံ့နှင့် ပုံ့ပုံ့ထိုင်သလိုရှိနေခဲ့သည်။

တံခွန်မထူ ရန်မပြုရဟူသော စစ်ရေးမူဝါဒကို ကာလရှည် ကျင့်သုံးလာခဲ့သည့် ဂျပန်နိုင်ငံသည် နိုင်ငံတကာ ဘူမိ-နိုင်ငံရေး အရှေ့အရ ယင်း၏ စစ်ရေးအခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် ကြိုးပမ်းလာလေရာ ခါးသီးသော အတွေ့အကြုံများ ခံစားခဲ့ကြရဖူးသော ဒေသတွင်း နိုင်ငံများက 'ဂျပန်ဘာလဲ'၊ 'ဂျပန်ဘယ်လဲ' စသည်ဖြင့် စေ့ငုလျက်ရှိကြလေသည်။

ဂျပန်နိုင်ငံ၏ ကာကွယ်ရေးဝန်ကြီးဌာနသည် လာမည့်ဘဏ္ဍာရေးနှစ်အတွက် စစ်ရေးအသုံးစရိတ် ယန်းငွေ ၅ ဒသမ ၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄၂ ဘီလီယံ) အထိ တောင်းခံလိုက်ရာ ဒေသဆိုင်ရာ ကာကွယ်ရေးရှေ့ခရီး အဘယ်သို့နည်းဟူ၍ အနုလုံပဋိလုံ တွေးဆစရာဖြစ်ကြရလေပြီ။

ဒေါ်လာ ၄၂ ဘီလီယံသည်ကား စံချိန်တင်ကာကွယ်ရေးဘတ်ဂျက်၊ များမှများ၊ တင်းပြည့်ကျပ်ပြည့်ပမာဏ။ ယခင်ဘတ်ဂျက်ထက် ၂ ဒသမ ၂ ရာခိုင်နှုန်း တိုးမြှင့်လိုက်သည့် အခြေအနေ။ ကာကွယ်ရေးဘတ်ဂျက် တောင်လိုမောက်လာမည့် အရေး ချင့်ချိန်တွေးကာ ဝေဖန်သံများ စီစီညံညံပေါ်လာပြန်ပေါ့ဟု ကျွန်ုပ်ရေရွတ်မိ၏။

၂၀၁၂ ခုနှစ်တွင် လက်ယာယိမ်း အာဘေးအစိုးရအဖွဲ့ အာဏာရရှိခဲ့ပြီးချိန်နောက်ပိုင်း စစ်ရေးဘတ်ဂျက် မြှင့်တင်မှုကို စတုတ္ထအကြိမ် ပြုလုပ်ခြင်းဖြစ်ပေလိမ့်မည်။ ဆယ်စုနှစ် တစ်စုကြာမျှ ကာကွယ်ရေးအသုံးစရိတ် ကျုံ့နေခဲ့ပြီးနောက် သိသာထင်ရှားစွာ ပြန်လည်ဆူဖြိုးလာသည်။

တိုးမြှင့်တောင်းခံလိုက်သော ဘတ်ဂျက်ဖြင့် နည်းပညာတစ်ခေတ်ဆန်း လက်နက်အသစ်အဆန်းများ ဝယ်ယူလိမ့်မည်။ အက်ဖ်-၃၅ တိုက်လေယာဉ် ခြောက်စင်း၊ မိုးပျံမည့် Global Hawk မောင်းသူမဲ့လေယာဉ်သုံးစင်း၊ စစ်ထောက်လှမ်းရေးလုပ်ငန်းသုံး ရဟတ်ယာဉ် ၁၇ စီး၊ ကုန်းရေနှစ်သွယ် မောင်းနှင်နိုင်သည့် တိုက်ခိုက်ရေးယာဉ်များစသည်တို့ကို ဝယ်ယူမည်ဟု ကျွန်ုပ်သိရှိရပြီးလျှင် Soryu-Class ရေငုပ်သင်္ဘောတည်ဆောက်ရေး လုပ်ငန်းအတွက်လည်း ဘတ်ဂျက်မှကျခံနိုင်မည်ဟု ကျွန်ုပ်မှတ်သားရ၏။

အာရှကို ဗဟိုမဏ္ဍိုင်ပြုမူဝါဒ(Pivot to Asia) အရ အမေရိကန်သမ္မတ အိုဘားမားအစိုးရအဖွဲ့က အာဘေးအစိုးရအဖွဲ့ကို စစ်အင်အားမြှင့်တင်ရန် စွမ်းစွမ်းတမံအားပေးခဲ့သည်မှာလည်း သိသာထင်ရှားလှသည်။ စစ်အင်အားအရ ဂျပန်နိုင်ငံ ဒေါင်းတလူ မောင်းတလူ ရှိလာမည်ဆိုက စစ်အင်အားကြီးထွားလာနေသော တရုတ်နိုင်ငံကို အဟန့်ဖြစ်စေမည်ဟု သုံးချက် တွက်နည်းဖြင့် ကျွန်ုပ်တွက်ချက်မိလေသည်။

၂၀၁၂ ခုနှစ်မှစ၍ အရှေ့တရုတ်ပင်လယ်ရှိ ဆန်ကာကူး /ဒိုင်အိုယု ကျွန်းစုနယ်မြေလုအငြင်းပွားကိစ္စကို အကြောင်းပြုလျက် ဂျပန်နှင့် တရုတ်တို့ တင်းမာမှုရှိခဲ့ပုံမှာ တမာနှင့် ကြက်ဟင်းခါး အခါးပြိုင်ကြဘိသကဲ့သို့ တွေ့မြင်ခဲ့ကြရလေသည်။

တောင်တရုတ် ပင်လယ်ပြင်အတွင်း တရုတ်နိုင်ငံက ကျွန်းတုတည်ဆောက်မှုကို အမေရိကန်က မာဆတ်ဆတ် ဝေဖန်ခဲ့ပုံကိုလည်း ကျွန်ုပ်ပြန်လည်ကြားယောင်မိ၏။

ဂျပန်၏ ကာကွယ်ရေးအင်အား တိုးချဲ့မှုနှင့် အင်ဒို-ပစိဖိတ်ဒေသတစ်ကြော၌ အမေရိကန်၏ စစ်အင်အားတည်ဆောက်မှုတို့ ဒွယ်ဒွယ်အတူယှဉ်တွဲနေသည်ကို ကျွန်ုပ်သတိမူမိ၏။

ဂျပန်၊ တောင်ကိုရီးယားနှင့် ဂွမ်ကျွန်း(ဝါ)ဂူအမ်ကျွန်းတို့၌ အမေရိကန်က စစ်စခန်းများ ဖြန့်ကြက်ကာ လေကြောင်းနှင့်ရေကြောင်းတို့အရ စစ်ဗျူဟာခင်းမည့် ပင်တဂွန်၏ အစီအစဉ်တွင် ဂျပန်နိုင်ငံကို တစ်ပင်တိုင်မင်းသားကြီးအဖြစ် အလေးပေးထားသည်ဟု ကျွန်ုပ်လေ့လာမိ၏။

ဤနေရာတွင် စိန်ကဲရွှေကဲထက် စစ်ရေးအကဲခတ်ရခက်လှသည်ဟု ကျွန်ုပ်တွေးတောမိလေသည်။

ဂျပန်နိုင်ငံ၏ မဟာဗျူဟာဗဟိုချက်မှာ "ကျွန်းစုကာကွယ်ရေး" အတွက် စစ်အင်အား ခိုင်မာတောင့်တင်းစေရေး ဖြစ်လိမ့်မည်ဟု ယူဆရသည်။ တရုတ်ကုန်းမကြီးနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသော တောင်ပိုင်းကျွန်းစု အဝန်းအဝိုင်းအတွင်း စစ်ရေးအရ တည်ရှိမှုကို ခိုင်မာသည်ထက် ခိုင်မာအောင်ပြုလုပ်သွားမည်ဟုမျှော်လင့်ရလေသည်။

ဂျပန်ရေကြောင်းကာကွယ်ရေး တပ်ဖွဲ့နှင့် လေကြောင်းကာကွယ်ရေးတပ်ဖွဲ့တို့အတွက် စစ်သုံးယာဉ်များကို ဝယ်ယူမည်ဟု သိရှိရပြီး ယိုနဂူနိကျွန်း(Yonaguni Island)၌ ရေဒါစခန်းတစ်ခု တည်ဆောက်ရေးအတွက် ဘတ်ဂျက်ငွေမှ ကျခံသုံးစွဲမည်ဟု သတင်းတစ်ပုဒ်တွင် ဖတ်ရှုခဲ့ရလေသည်။

မိယကိုဂျီးမားကျွန်း၌ စစ်စခန်းတိုးချဲ့ရန်နှင့် အမာမိအိုရှီးမား(Amami-Oshima) ကျွန်း၌ စစ်စခန်းသစ် ထူထောင်ရန်တို့အတွက်လည်း ဘတ်ဂျက်မှ ငွေကြေးထောက်ပံ့ပေးမည်ဟု ဆိုသည်။

အာရှတိုက်ရှိ ဆီပူအိုးတစ်နေရာတွင် သာမန်မီးပွားလေးတစ်စ ကျရုံမျှဖြင့် စစ်ပွဲကြီးထဖြစ်ကြဦးမည်လောဟု တွေးဆပူပန်မှုများလည်း ပေါ်ထွက်လာသည်။ မယုံသင်္ကာအခြေအနေတွင် အမြင်စောင်းမှုနှင့် အတူ အတွက်တစ်ချက်လွဲချော်ရုံမျှဖြင့် စစ်ဖြစ်နိုင်သည့် အန္တရာယ်ရှိလာနိုင်သည်ဟု ကြိုတင် တင်ကူးလျက် ကတောင်ချောက်ချားဖြစ်သူများလည်း ရှိပေလိမ့်မည်။

## ■ လုံခြုံရေးမိတ်ဖက်ပြုခြင်း

ဂျပန်နှင့် အမေရိကန်တို့သည်ကား လုံခြုံရေးအရ မိတ်ဖက်နိုင်ငံများဖြစ်ကြပြီးလျှင် နိုင်ငံရေးနှင့် စစ်ရေးအရရော၊ စီးပွားရေးနှင့် ကုန်သွယ်ရေးအရပါ နှောင်ကြိုးတည်းထားကြလေသည်။

အမေရိကန်၏ အရှေ့အာရှဒေသဆိုင်ရာ လုံခြုံရေးမူဝါဒ၌ ဂျပန်ကို ဗဟိုပြုသည်။ ဒုတိယကမ္ဘာစစ်လွန်ကာလတွင် နှစ်နိုင်ငံလုံခြုံရေးမဟာမိတ်ပြုမှု သရုပ်ပေါ်လာသည်။ ၁၉၆၀ ပြည့်နှစ်တွင် ပြုပြင်မွမ်းမံထားသည့် စာချုပ်ဖြစ်သည့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးနှင့် လုံခြုံရေးစာချုပ်အရ ဂျပန်၌ အမေရိကန်စစ်စခန်းများ ဖွင့်ခွင့်ရရှိလာသည်။ ဂျပန်တိုက်ခိုက်ခံရလျှင် ခုခံကာကွယ်ပေးရန် အမေရိကန်က ကတိပြုသည်။

ကမ္ဘာစစ်လွန်ကာလ လုံခြုံရေးအခြေအနေနှင့် ဒေသဆိုင်ရာ ဘူမိ-နိုင်ငံရေး အသွင်ကူးပြောင်းမှု၊ စစ်အေးကာလ အုပ်စုအလိုက် ဒွန်တွဲလွန်ဆွဲမှု၊ ကိုရီးယားစစ်ပွဲလွန်ကာလ နိုင်ငံရေးဂယက်လှိုင်းထမှု၊ တရုတ်နိုင်ငံအင်အားကြီးထွားလာမှုနှင့် မြောက်ကိုရီးယားစွမ်းအားရှင်နိုင်ငံအဖြစ် မြောက်ကိုရီးယားရပ်တည်လာမှုစသည့် နောက်ခံအကြောင်းတရားများအရ ဂျပန်နှင့် အမေရိကန်တို့၏ လုံခြုံရေးမဟာမိတ်ပြုမှုမှာ ခိုင်မာလာခဲ့လေသည်။

## ■ ဂျပန်စစ်ရေးအသုံးစရိတ်

ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် စစ်ရေးအသုံးစရိတ် အကြီးမားဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။

သို့ဖြစ်စေကာမူ ဂျပန်ကာကွယ်ရေးတပ်ဖွဲ့အား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၉ အရ စစ်ကြေညာခြင်းနှင့် နိုင်ငံတကာ အငြင်းပွားမှုများတွင် စစ်ရေးအရ ကြားဝင်ဖြေရှင်းခြင်းကို တားမြစ်ထားသည်။

မျက်မှောက်ကာလတွင် ဂျပန်ကာကွယ်ရေးတပ်ဖွဲ့က နိုင်ငံတကာ ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

အီရတ်နိုင်ငံသို့ ဂျပန်ကာကွယ်ရေးတပ်ဖွဲ့စေလွှတ်ခြင်းမှာ ကမ္ဘာစစ်လွန်ကာလတွင် ပထမဆုံးအကြိမ် ပြည်ပသို့ တပ်ဖွဲ့စေလွှတ်ခြင်းဖြစ်ခဲ့လေသည်။

ပြောင်းလဲလာသော ဘူမိ-နိုင်ငံရေး အခြေအနေနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၉ ပါ အကန့်အသတ်ပြုမှုများကို ဖြေလျှော့ပေးရန် ဝန်ကြီးချုပ်အာဘေးက တစ်ချီတစ်မောင်း အဆိုပြုခဲ့ရာ တုံ့ပြန်သံများ မြည်ဟိန်းခဲ့လေသည်။

ဂျပန်အထက်လွှတ်တော်(ဒိုင်းယက်)၌ ဝန်ကြီးချုပ်အာဘေးထောက်ခံသော လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းများကို အချေအတင် ဆွေးနွေးငြင်းခုံနေကြချိန်တွင် အတိုက်အခံခေါင်းဆောင်များနှင့် စစ်ဆန့်ကျင်သူ ပြည်သူများသည် လွန်ခဲ့သည့် ရက်သတ္တပတ်က ဆန္ဒပြကန့်ကွက်ခဲ့ကြလေသည်။

## ■ ကမ္ဘာကြီး၏ မနက်ဖြန်များ

ပြောင်းလဲတိုးတက်နေသော ကမ္ဘာကြီး၏ ပဲ့ကိုင်ရှင်များမှာ ကျွန်ုပ်တို့ လူသားများသာလျှင်ဖြစ်သည်။

လူသားတို့၏ အတွေးအခေါ် အယူအဆများသည် အချိန်အခါ အခြေအနေနှင့် အညီ တိုးတက်ပြောင်းလဲလာကြသည်မှာလည်း ဓမ္မတာဟု ကျွန်ုပ်ရှုမြင်မိလေသည်။

တင်းမာမှုများ၊ ပဋိပက္ခများ၊ အကြမ်းဖက်မှုများ ပွမ်းတီးနေသော ကမ္ဘာကြီး၏ မနက်ဖြန်များမှာ လူတို့၏ ကံကြမ္မာထက် လူတို့၏ ကမ္မအပြုအမူများက ပြုပြင်စေစားလိမ့်မည်ဟု အနုမာန ယူဆမိလေသည်။

နိုင်ငံအလိုက် အမျိုးသားလုံခြုံရေးတည်ဆောက်မှုများ ပြုကြမည်မှာလည်း ဧကန်မုချပင်။


"ငြိမ်းချမ်းရေးအတွက် အချိန်ပေးလေလေ၊ စစ်ပွဲအတွက် အချိန်ပေးရမှု လျော့နည်းလေလေ" ဟု နိုင်ငံတကာ စကားပုံတစ်ခု ကျွန်ုပ်မှတ်သားရဖူးသည်။ အသွင်မတူ၊ သမိုင်းနောက်ကြောင်းကွဲပြားသည့် ကမ္ဘာ့နိုင်ငံများအကြား သဟဇာတရှိရှိ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ကြကာ သင်္ဂဟစိတ်ဓာတ်ကို မွေးမြူကြမည်ဆိုပါက ကမ္ဘာကြီး၏ ချိုမြိန်သော မနက်ဖြန်များအတွက် စွမ်းပကားသတ္တိများရဲရဲတောက် ပေါ်ထွက်လာကြပေလိမ့်မည်တကား။ ။



တိုကျိုမြို့သားတို့ စစ်ဆန့်ကျင်ရေး အင်အားပြကြစဉ်။


ဂျပန်ကာကွယ်ရေးတပ်ဖွဲ့ဝင်များ ကမ္ဘောဒီးယားနိုင်ငံ တာအိုမြို့၌ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည့်မှတ်တမ်းပုံ။ (၈-၁၀-၁၉၉၂)

## အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘ၀နှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘ၀အမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘ၀အတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

သက်ခိုက်က မဖြေ။ မျက်လုံးများကမူ ကိုဘမြိုင်ဆီ ရောက်သွား၏။

ကိုဘမြိုင်၏ အေးဆေးတည်ကြည်သော မျက်နှာသည် အလွန်အကဲခတ်ကြည့်နိုင်မှ မြင်နိုင်ရုံ လှုပ်ရှားသွား၏။ နှုတ်ခမ်းများက ပြုံးနေသော်လည်း မျက်လုံးများကမူ လျှင်မြန်စွာနှင့် သက်ခိုင်နှင့် မလေးနွယ်၏ မျက်နှာများကို အကဲခတ်ကြည့်လိုက်၏။

သက်ခိုင်သည် ပေါ့ပေါ့ဆဆဟန်နှင့် ရယ်မောလိုက်၏။

"မမနွယ်ကလည်း . . . ခွေးကိုက်ခံရတာကို အဆန်းလုပ် ပြောနေပြန်ပါပြီ၊ ဦးကြီးနဲ့ဒေါ်ကြီးကတော့ သိပြီးသားပါ၊ အစ်ကိုဘမြိုင်ရေ . . မမနွယ်က ငယ်ငယ်တုန်းက သိပ်ကဲတာ၊ သူ့ကို ခွေးလိုက်ကိုက်တာကို ကျွန်တော်က ဝင်တားမိလို့ ကျွန်တော် အကိုက်ခံရတာ၊ အဲဒါပဲ"

ကိုဘမြိုင်သည် သက်ခိုင်နှင့်အတူ လိုက်ရယ်၏။ ထိုအခါ အားလုံး လိုက်ရယ်ကြ၏။ ထမင်းဝိုင်းလည်း မကြာမီ ပြီးသည်။

ညဦး ရှစ်နာရီကျမှ ဦးချစ်တိုး မောင်းပို့ပေးသောကားနှင့် သက်ခိုင်သည် ပြည်ကျောင်းဆောင်သို့ ပြန်လာခဲ့၏။

ကျောင်းဆောင်ရှေ့၌ ကားရပ်မိစဉ် ဦးချစ်တိုးက ဆိုသည်။

"သက်ခိုင်ရေ . . မင်းကို ငါတစ်ခု ပြောစရာရှိတယ်"

"ပြောလေ . . ဦးလေးချစ်တိုး"

"အေးကွာ . . ပြောမှာပါပဲ၊ ဒါပေမယ့် မင်းက ကောလိပ်ကျောင်းသားကြီး ဖြစ်နေတော့ ငါ့စကားကို အလေးထားပါ့မလားမသိဘူး"

သက်ခိုင်၏ ရင်မှာ ထိခိုက်သွားသည်။ ထို့ကြောင့် အသံမာမာနှင့် ပြော၏။

"ကျွန်တော့်ကို တကယ်ချစ်ရင် ဦးလေးကိုချစ်တိုး ဒီစကား မပြောထိုက်ဘူးထင်တယ်"

ဦးချစ်တိုး ငိုင်ကျသွား၏။ ထိုနောက်မှ ခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး ဆိုသည်။

"အေးပါကွာ . . မင်းတို့ပြောတဲ့ အင်္ဂလိပ်စကားနဲ့ပြောရရင် ဆောရီးပဲ ဘဲရီး ဆောရီး . . . တောကြီးမြိုင်လယ်ဘဲ၊ အဲ . . ငါပြောချင်တာက တော့ ဟိုသင်း . . . မင်း ကိုဘမြိုင်ကို ဘယ်လိုထင်သလဲ"

"တွေ့စ ဥစ္စာ၊ ကျွန်တော် ဘယ်လိုလုပ် ထင်တတ်မလဲ"

"အဲဒါကိုပဲ ငါပြောနေတာ၊ ထင်တတ်အောင် ထင်ကြည့်၊ တစ်ခုတော့ရှိတယ်ကွာ၊ အစ်ကို စိုးခိုင်နဲ့ မမသက်သက်တို့လို မင်းနဲ့နွယ့်ကို ငါမဖြစ်စေချင်ဘူး၊ ဒါပါပဲကွာ . . ငါပြောတာ မင်းနားလည်ပါတယ်"

သက်ခိုင်သည်ခေတ္တငိုင်သွား၏။ ထို့နောက်မှ ပြုံးရယ်ပြီး။ သက်ခိုင်က ဦးချစ်တိုးကို ပြောသည်။

"ကျွန်တော်နားလည်ပါတယ်၊ ဦးလေးကိုချစ်တိုး၊ သတိပေးတာကို လည်းကျေးဇူးတင်ပါတယ်၊ ဦးလေးကို ချစ်တိုးရဲ့ သတိပေးချက်ကိုလည်း ကျွန်တော်မှတ်ထားပါ့မယ်၊ ကဲ . . ဂွတ်နိုက် . . ဦးလေးကိုချစ်တိုး"

"ရှီး . . မင်းကငါ့ကို ဘိုလိုနှုတ်ဆက်တယ်၊ အေးကွာ . . ဂွတ်တနိုက် . . ဂွတ်တနိုက် . . သွားပြီဟေ့ သက်ခိုင်"

သက်ခိုင်သည် ကားထွက်သွားသည်ကို မျက်စိတစ်ဆုံးကြည့်ကျန်ရစ်ပြီးမှ မိမိအခန်းဆီသို့ တက်လာခဲ့၏။

လှေကားအတက်အဆင်းတွင် ပျာသီးပျာယာ ဆင်းပြေးလာသော ဆံပင်တွန့်တွန့်နှင့်ကျောင်းသားတစ်ဦးက သူ့ကို တိုက်မိလု ဖြစ်သွား၏။

"ဟေ့ . . ဖိုးစံရွှေ . . လူတောင်မမြင်ဘူး၊ ဘာဖြစ်လာတာလဲ"

စံရွှေသည် သည်တော့မှ ရပ်ပြီးအားရပါးရ ပြော၏။

"တယောတစ္ဆေခြောက်နေတယ်၊ ကိုယ့်လူရေ . . မောင်ရင့်တို့အခန်းရှေ့မှာ တယောတစ္ဆေလေးမဟုတ်ဘူး၊ တစ္ဆေကြီး . . မောင်ရှိန်ရယ် . . စာကျက်လို့ မရလို့ ကိုယ်ဆင်းပြေးလာတာ"

စံရွှေသည် အောက်ထပ်သို့ ဒရောသောပါး ဆင်းပြေးသွား၏။ သက်ခိုင်က ဆက်တက်လာ၏ ။

စံရွှေပြောသည့်အတိုင်းပင် သူ့အခန်းရှေ့၌ လူစည်နေ၏။ ဝရန်တာလက်တန်းပေါ်၌ ထိုင်ရင်း မောင်ရှိန်က တယောထိုးနေ၏။ ယုမောင်က မင်ဒိုလင် တီးနေသည်။ တင်မောင်စိုးက ကြမ်းပြင်ပေါ်တွင်ထိုင်ရင်း စည်းတီးနေ၏။ သူ့ရှေ့တွင်သတ္တုခွက်တစ်လုံးရှိနေ၏။ ကျန်ပရိသတ်များကြားတွင် အေးဝင်းကိုသာမက လက်ပြင်ကုန်းကလေးနှင့် ထွန်းငွေကို အခြားသူများနှင့်အတူတွေ့ရ၏။

သက်ခိုင်လျှောက်လာသည်ကို မြင်သောအခါ အေးဝင်းကအော်၏။

"အဲ . . ဟိုမှာ သက်ခိုင်လာပြီ"

မောင်ရှိန်က ဝရန်တာလက်တန်းပေါ်မှ ဆင်းလိုက်၏။ ထို့နောက် မျက်မမြင်ဟန် ဟိုစမ်းဒီစမ်းလုပ်ပြီး တင်မောင်စိုးနား၌ ထိုင်လိုက်၏။ တင်မောင်စိုးကလည်း မိန်းကလေးတစ်ဦးဟန် ပုဆစ်တုပ်လေးထိုင်ပြီး ပြင်ထိုင်လိုက်၏။

မောင်ရှိန်က သူ့မျက်လုံးများကို အကန်းနှင့်တူစွာ လုပ်လိုက်ပြီး တယောစတီး၏။ တင်မောင်စိုးက စည်းကလေးတီးလိုက် . . သတ္တုခွက်ကို ခလောက်လိုက်နှင့် မိန်းမသံဖြင့် သီချင်းဆို၏။ သူ ဆို သည်မှာ ဂျပန်ခေတ်က နာမည်ကြီးခဲ့သော 'ဂုဏ်' ပြဇာတ်မှ ဂုဏ်မကြောင် သီဆိုသော သီချင်းဖြစ်၏။ ( ဆရာသုခက 'ဂုဏ်ရည်မတူလို့လား' ဝတ္ထုကို ရေးသည်။ ဂျပန်ခေတ်၌ထိုဝတ္ထုသည် 'ဂုဏ်' ပြဇာတ်အဖြစ် ထင်ရှားလာ၏။ နောင်အခါ 'ဂုဏ်ရည်မတူ' ဟူသော အသံထွက်ဇာတ်ကားပေါ်လာသည်။ ဤဇာတ်လမ်း၏ အချိန်၌ 'ဂုဏ်ရည်မတူ' ဇာတ်ကားမပေါ်လာသေး။ ။ ဤကား စကားချပ်။)

တင်မောင်စိုးက ချွဲချွဲနွဲ့နွဲ့ဆိုသည်။

"ပုဗ္ဗေစ . . . အခြေမလှတဲ့သူကို သဒ္ဒါတတ်အားနည်းများမဆို သနား . . ဂုဏာ . . စေတနာတွေပို၊ ပေးကမ်းစေလို့ . . သနားကြပါ အစ်ကိုကြီး အစ်ကိုလေးတို့ရာ . . မရှိလို့ မဟုတ်ပါဘူး . . . ဝါသနာပါလို့ တောင်းစားရတဲ့ကျွန်တော်မျိုး အကောင်းစားလေးတွေပါ"

သက်ခိုင်သည် သူတို့ကိုကြည့်၍ ရယ်လည်းရယ်ချင်မိ၏။ ဒေါသလည်း ထွက်သွား၏။

"ငါ မပြောပါဘူး၊ မောင်ရှိန် ပြောတာ"

မောင်ရှိန်က ပျာပျာသလဲ ဝင်ရှင်းပြ၏။

"ဟေ့ ဟေ့ . . . ပိုက်ဆံရှာတဲ့အထဲသာ မပါတာ၊ ပိုက်ဆံသုံးတဲ့အထဲတော့ ပါမယ်ကွ"

တင်မောင်စိုးက အရှုံးပေးပြီး ဆို၏။

"ကဲပါကွာ . . . လှည်းတန်းထိပ်သွားကြမယ်၊ ငွေတစ်ကျပ်ခွဲ နဲ့ဆို တော့ ဘူးသီးကြော်နည်းနည်းပဲ ရမယ်၊ ဆလတ်ရွက် များများတောင်းပြီး အ၀စားကြရအောင်"

သူငယ်ချင်းတစ်သိုက် တယောသံတကျွီကျွီ၊ သီချင်းသံတစီစီနှင့်ထွက်ခွာသွားကြ၏။

သက်ခိုင်က သူတို့နှင့်မလိုက်တော့ဘဲ အခန်း၌ နေရစ်၏။

အ၀တ်အစားလဲပြီး ခုတင်ပေါ်တွင် လှဲ၍ ဤညနေ၌ ကြုံခဲ့သမျှကို အစီအရီ တွေးနေမိသည်။ သူ့ရင်တွင်း၌ ကြည်နူးဝမ်းသာမှုနှင့် ကြေကွဲဝမ်းနည်းမှုတို့သည် ဆတူရောပြွမ်းနေ၏။

သက်ခိုင်သည် လှဲရာမှ ထပြီး သေတ္တာတွင်းမှ ထူထဲသော ဒိုင်ယာရီစာအုပ်တစ်အုပ်ကို ထုတ်ယူသည်။

စားပွဲတွင် ထိုင်ပြီး ဒိုင်ယာရီစာအုပ်တွင်း၌ တစ်စုံတစ်ရာကို စိတ်ပါဝင်စားစွာ မှတ်တမ်းတင် ရေးသားသည်။ ထို့နောက် ဒိုင်ယာရီစာအုပ်ကို ပြန်သိမ်းထားလိုက်ပြီး ကုတ်အင်္ကျီဝတ်သည်။ နံရံ၌ ချိတ်ထားသော တယောကို ယူပြီး မီးမှိတ်၊ တံခါးပိတ် သော့ခတ်ကာ ကျောင်းဆောင်ပေါ်မှ ဆင်းလာခဲ့လေသတည်း။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

CONGRATULATIONS
ALL LUCKY WINNERS
Columbus TRAVELS
Columbus Travels ၏ မိုးရာသီလေယာဉ်လက်မှတ်ကံစမ်းမဲအစီအစဉ်မှကံထူးရှင်များ



U KHANT NAING
MA 249965



MR CHO HYAN OH
M 56089631



DAW PHYU PHYU

လေယာဉ်ပျံလက်မှတ်ကိုလံဘတ်(စ်) T: 229245, 378535

DoZo
FASHION DESIGN TECHNICAL SCHOOL
Daw Thida Win B.Sc (Dip in Fashion Design, Japan)
Thet Hnin Aye (BA.Fashion Design, Japan)
1991 ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖွင့်လှစ်ခဲ့သော နိုင်ငံတကာအဆင့်မီ Fashion Design School ဖြစ်သည်။Design,Pattern,Cutting,Sewing များကိုတိကျမှန်ကန်သော Japan နိုင်ငံမှ နောက်ဆုံးပေါ်နည်းစနစ်များဖြင့် သင်ကြားပေးလျက်ရှိသည်။
Courses - Basic, Advance, Fashion Illustration, Pattern Magic, Drapping, Hand Made, Wedding Dress, Children Wear's, မြန်မာပွဲတက်နှင့် ထိုင်မသိမ်း
Start Date - 26.9.2015 (Sat,Sun) "မန္တလေးတွင် သင်တန်းကျောင်း ဖွင့်လှစ်နေပါပြီ"
"DoZo ကျောင်းဆင်းပွဲ ရှိပါသဖြင့် ကျောင်းသား/ကျောင်းသူဟောင်းများ ဆက်သွယ်ကြပါရန်"
Yangon - No.506, Damaryone St, Hlaing T/S, 10 Qr, 6 ½ Miles
Mandalay - No. (Nagyi-2/94), Between 63 × 64Street, Chan Mya Thar Zi T/S
Phone - 09 49237715, 09 73034877
www.dozofashion.com

PINLON HOSPITAL
CANCER CENTRE
ပင်လုံဆေးရုံ ကင်ဆာအထူးကုဌာန
အမေရိကန်နိုင်ငံ မှ
ကင်ဆာအထူးကုဆရာဝန်ကြီး(Medical Oncologist)
Myo Thant,MD,MES
လက်ထောက်ပါမောက္ခ
University Of Maryland Cancer Centreသည်
ပင်လုံဆေးရုံတွင်
၂၀၁၅၊ ဩဂုတ်လ ၁၇ရက် မှ စက်တင်ဘာလ ၃၀ရက် နေ့အထိ -ကြည့်ရှုကုသပေးပါမည်။
လူနာများလာရောက်ဆွေးနွေးနိုင်ပါသည်။ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
အသေးစိတ်သိရှိလိုပါက ၀၉ ၅၁၉၂၄၅၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။



# မွန်ပြည်နယ် ပေါင်မြို့နယ် အုန်းတပင် ကျေးရွာတွင် လျှပ်စစ်မီးရရှိနေပြီဖြစ်



**ပေါင် စက်တင်ဘာ ၅**

မွန်ပြည်နယ် ပေါင်မြို့နယ် အုန်းတပင်ကျေးရွာ၌ ဇူလိုင် ၁၆ ရက်မှစတင်၍လမ်းမီးများရရှိပြီး ဩဂုတ်လကုန်ပိုင်းတွင် ကျေးရွာအတွင်း လျှပ်စစ်မီးများရရှိခဲ့သည်။

ပေါင်မြို့နယ် အုန်းတပင်ကျေးရွာ၌ယခုနှစ် ဇန်နဝါရီ ၆ ရက်မှ စတင်၍ ကျေးရွာအတွင်း မီးလင်းရေးကော်မတီဖွဲ့ စည်းကာ ၂၀၀ K VA ထရန်စဖော်မာ တစ်လုံး တည်ဆောက်ပြီး ၁၁KV ဓာတ်အားလိုင်း ၂၄ တိုင်နှင့် ကျေးရွာအတွင်း ဓာတ်အားဖြန့်ဖြူးသည့်ဓာတ်အားလိုင်းတိုင် ၅၀ တည်ဆောက်ပြီးစီးခဲ့သည်။

မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးပြည်တော်သာက "လျှပ်စစ်မီးကိုလိုချင်လို့ တစ်အိမ်ကိုကျပ်လေးသိန်းနှုန်းနဲ့ လူ ၁၀ ဦးလောက်စုပြီး မတည်ဆောင်ရွက်ခဲ့တာ အခုအိမ်ခြေ၁၅၀ ခန့် မီးလင်းနေပြီ။ အိမ်ခြေ ၂၇၀ခန့်ရှိလို့ ရွာလုံးကျွတ်မီးရရှိအောင် ဆောင်ရွက်နေပါတယ်။ မီးရရှိဖို့ ကုန်ကျငွေက ကျပ်သိန်း ၆၂၀ ခန့်ကုန်ကျပါတယ်။ အခု ပိုတဲ့ငွေ သိန်း ၂၀ ကျော်ရှိတဲ့အတွက် ကျေးရွာသာယာလှပဖို့အတွက် ဘက်ဟိုးတစ်စီးငှားရမ်းပြီး လမ်းဘေးဝဲယာ ရေနုတ်မြောင်းတွေ တူးဖော်နေပါတယ်"ဟုပြောသည်။

လျှပ်စစ်မီးရှိသူ ဒေသခံတစ်ဦးက" လျှပ်စစ်မီးထည့်ဝင်ငွေမီးကြိုး၊ မီးပစ္စည်း၊မီးတပ်ဆင်ခ အားလုံးပေါင်းကျပ်ရှစ်သိန်းခန့် ကုန်ကျပြီး မီးတစ်ယူနစ် ၃၅ ကျပ် နှုန်းနဲ့တစ်လကို ကျပ် ၃၀၀၀ ကျော်သာ ကုန်ကျတာဆိုတော့ အရင် မီးစက်နဲ့သုံးတာထက်စာရင် အလွန်ကိုအဆင်ပြေပါတယ်" ဟုပြောသည် ။

ယခုကဲ့သို့ ကျေးလက်တောရွာများ လျှပ်စစ်မီးများ ရှိနေပြီဖြစ်သောကြောင့် ဒေသခံပြည်သူများ၏လူနေမှုအဆင့်အတန်း၊ စီးပွားရေး၊ လူမှုရေးဘဝများတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ကျောက်ပန်းတောင်းမြို့နယ် သဘင်ပညာရှင် သမဝါယမအသင်းဝင်များအား ချေးငွေစတင်ထုတ်ချေး

**ကျောက်ပန်းတောင်း စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သဘင်အနုပညာရှင်များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် မြန်မာ့ယဉ်ကျေးမှုအနုပညာလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရေးတို့အတွက် ရည်ရွယ်၍ မြို့နယ်သဘင်ပညာရှင်များ ငွေစုငွေချေးသမဝါယမအသင်းကို သဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)၏ လမ်းညွှန်မှုဖြင့် ၂၀၁၅ ခုနှစ် ဇွန် ၆ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ယခုအခါ မြို့နယ်သမဝါယမအသင်းစု၏ပံ့ပိုးကူညီမှုဖြင့်စက်တင်ဘာ၁ရက်တွင်အသင်းဝင်အနုပညာရှင်များအား ချေးငွေများစတင်ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

ဇာတ်အဖွဲ့တစ်ဖွဲ့လျှင် ကျပ်သိန်း ၃၀၊ ဆိုင်းတစ်ဖွဲ့လျှင် ကျပ်၁၅သိန်း၊ အငြိမ့်၊ တီးဝိုင်းတစ်ဖွဲ့လျှင် ကျပ်ငါးသိန်း၊ ဆိုင်း၊ အငြိမ့်လုပ်သားတစ်ဦးလျှင် ကျပ်နှစ်သိန်းနှင့် ဇာတ်သဘင်လုပ်သားတစ်ဦးလျှင် ကျပ်တစ်သိန်း၊ ဘိသိက်ဆရာတစ်ဦးလျှင်ကျပ် သုံးသိန်းနှုန်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်ပြီး၊ ဇာတ်အဖွဲ့နှစ်ဖွဲ့၊ ဆိုင်း ၃၉ ဖွဲ့၊ အငြိမ့် ၃၅ ဖွဲ့၊ ဘိသိက်ခြောက်ဦး၊ တီးဝိုင်းခြောက်ဦးနှင့် သဘင်လုပ်သား ၁၂၈ ဦး စုစုပေါင်း သဘင်အနုပညာရှင်၂၁၆ ဦးတို့အား မြို့နယ်သမဝါယမအသင်းစုမှ ငွေကျပ် ၁၁၁၃ သိန်းကို ထုတ်ချေးပေးနိုင်ခဲ့ကြောင်းသိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# မိတ္ထီလာတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာရန်ပုံငွေပေး

**မိတ္ထီလာ စက်တင်ဘာ ၅**

မိတ္ထီလာတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ရန်ပုံငွေကျပ်သိန်းတစ်ထောင်အား တတိယအကြိမ် ပေးအပ်ပွဲကို စက်တင်ဘာ၃ ရက်နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးခြင်းဖြစ်သောကြောင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ပြီး စာရင်းစစ်ခံနိုင်အောင်လည်း ပြင်ဆင်လုပ်ဆောင်ရမှာဖြစ်ကြောင်း၊ ရန်ပုံငွေကျပ်သိန်းတစ်ထောင်ထဲမှ ရရှိသည့်ငွေဖြင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်သည့်အခါ အများပြည်သူအား ပွင့်လင်းမြင်သာစွာ အသိပေးဆောင်ရွက်ကြရန်နှင့်အတူတကွပူးပေါင်းကူညီအောင် တိုက်တွန်းကြရန်လည်း လိုအပ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်က ပြောကြားခဲ့သည်။

မိတ္ထီလာတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာရန်ပုံငွေကျပ်သိန်းတစ်ထောင်ဖြင့်လမ်းတံတားပြုပြင်ဆောက်လုပ်သည့်လုပ်ငန်း ၁၉ ခု၊ သောက်သုံးရေရရှိရေးလုပ်ငန်း ၁၄ ခု၊ ပညာရေးအဆောက်အအုံ ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်း ၁၈ ခု၊ မီးလင်းရေးလုပ်ငန်း နှစ်ခု၊ အခြားဖွံ့ဖြိုးရေးလုပ်ငန်းနှစ်ခုတို့ကို ကျေးရွာ ၃၅ ရွာနှင့် ရပ်ကွက်သုံးခုတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# မွေးကင်းစကလေး ရေမွန်းအသက်ကယ်နည်းသင်တန်းဖွင့်

**ကန့်ဘလူ စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့တွင် မွေးကင်းစကလေး ရေမွန်းမှုအား အသက်ကယ်ပြုစုနည်းဆင့်ပွားသင်တန်းကို စက်တင်ဘာ ၂ ရက်နံနက် ၁၀ နာရီက ခုတင် ၁၀၀ ပြည်သူ့ဆေးရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် သားဖွားနှင့်မီးယပ်အထူးကုဒေါက်တာနန်းမြသူဇာမောင်က သင်ထောက်ကူပစ္စည်းများဖြင့် ရေမွန်းသော မွေးကင်းစကလေးအား အသက်ကယ် ပြုစုစောင့်ရှောက်ခြင်းနည်းလမ်းများကို လက်တွေ့သရုပ်ပြသခဲ့သည်။

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ဗိုလ်သူရလမ်း၊ အမှတ်(၇၇)နေ (ဦးမောင်မောင်ကြီး-ဒေါ်တင်လှ)တို့၏သမီး၊ ဦးကာစီ (ဘုရင့်နောင်ဈေး) (မြို့မိမြို့ဖ-ကြည့်မြင်တိုင်မြို့နယ်)၏ဇနီး၊ ဦးနေမျိုးဇော်-Dr. တင်မိုးအေး(ကထိက၊ ရောဂါဗေဒ၊ ဆေးတက္ကသိုလ်-၂ ရန်ကုန်)၊ ကိုစည်သူအောင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်ဖွဲ့ခန့်ဇော် (Grade-III-A၊ အလက-၁၊ ဒဂုံ)၏ဘွားဘွားကြီး၊ ဦးစောမောင်-ဒေါ်ယဉ်ကြည်၏အစ်မ၊ ဒေါ်ရီရီ၊ ဒေါ်ကြည်ကြည်(ကြည့်မြင်တိုင်ညဈေး)တို့၏အစ်မ၊ မောင်စောထက်လင်း၏အဒေါ်သည် ၄-၉-၂၀၁၅(သောကြာနေ့) ည ၁၀း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၅(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## စောဒီစိန်ကြီး (၈၉)နှစ်
## (အငြိမ်းစား၊ ဗဟိုဘဏ်)

(ဦးစိန်ကြီး-နော်အေးရင်)တို့၏သား၊ (ဦးထွန်းမြတ်-နော် Ella Kate)တို့၏ သားသမက်၊ (နော်မင်းနာ)၏ ချစ်လှစွာသောခင်ပွန်း၊ (နော်ရှဲစေး-စောဂျိုးဇက်လွင်)၊ (စောကေစိန်ကြီး-နော်ဂျဲစေ)တို့၏ ညီ/မောင်၊ နော်ခူဒို-(Thra S.D Po)၊ စောအာရ်စိန်ကြီး-(နော်အယ်မာစမစ်)၊ နော်အယ်လင်စိန်ကြီး-စောဂျော့လွင်တို့၏အစ်ကို၊ နော်မာသာ၊ နော်မာရီ၊ (စောအီဒင်)၊ နော်နီးနာတို့၏ဖခင်၊ စောဒေးဗစ်၊ စောဒီဂီယန်တို့၏အဘိုး စောဒီစိန်ကြီးသည် ၄-၉-၂၀၁၅ (သောကြာနေ့) ည ၁၀း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၉-၂၀၁၅(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်ခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (တိုက်-၃၂၈၊ အခန်း-၂၂၊ ရန်အေးလမ်းသွယ်(၁)၊ ရန်ကင်းဗဟိုဘဏ်ရိပ်သာဝင်း၊ ရန်ကင်းမြို့နယ်နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
## ဒေါ်အေးအေးမူ (၅၃)နှစ်
**ဘီလစ်စာရေးကြီး၊**
**အလုံမြို့နယ်တရားရုံး**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ယိုးဒယားတက်ကျေးရွာနေ ဦးမြင့်လွင်-(ဒေါ်ဝင်းစိန်)တို့၏ ချစ်လှစွာသော သမီးချွေးမ၊ ဦးကျော်မိုးလွင်-ဒေါ်ခင်မာသီ၊ ဦးကျော်လင်းရှိန်-ဒေါ်သဉ္ဇာလွင်(လ/ထ မန်နေဂျာ၊ စက်မှုဝန်ကြီးဌာန)တို့၏ချစ်လှစွာသောအစ်မ၊ ဒုရဲအုပ်ကျော်မင်းလွင်(လမ်းမတော်မြို့နယ်၊ ယာဉ်ထိန်း)၏ ချစ်လှစွာသောဇနီး၊ မောင်ဟိန်းမင်းသော် (Grade-VIII၊ အထက-၁၊ လသာ)၏ ချစ်လှစွာသောမွေးသမိခင် ဒေါ်အေးအေးမူသည် ၄-၉-၂၀၁၅(သောကြာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၅(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်အေးမေ(ခ)ဒေါ်အေးလှ
## အသက်(၈၅)နှစ်
## (စစ်တွေ)

စစ်တွေမြို့၊ ဘောင်းဒွတ်သားစုရပ်ကွက်နေ ဦးကျော်ဇရီ-ဒေါ်မနော်တို့၏ သမီး၊ ဒေါ်မြဦး၊ ဒေါ်သိန်းမေ ဦးအောင်ကျော်မြ၊ ဒေါ်နှင်းမြခိုင်၊ ဒေါ်အောင်မဖြူတို့၏ညီမ၊ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၁၉)ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် (၅၃၂/က)နေ [ဦးဘစိန်(ဆသရ-၁၊ ရန်ကုန်)]၏ဇနီး ဒေါ်ခင်မြင့်မေ၊ တပ်ခွဲတပ်ကြပ်ကြီးကျော်ဟိုး၊ တပ်ကြပ်အေးချို(ငြိမ်း)၊ ဦးအေးသိန်း(ပန်းပု)၊ ဦးဗိုလ်သိန်းထွဋ်-မမြတ်သူဇာ၊ ကိုရဲကျော်သူ၊ ကိုကျော်မင်းသူတို့၏မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၄-၉-၂၀၁၅ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၂)တပ်မတော်စစ်ဆေးရုံ ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၅(တနင်္ဂနွေနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)
## ဦးတင့်ထူး(ပုသိမ်) (၆၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၊ ဇီဇဝါအိမ်ရာဝင်း၊ အမှတ်(၄၂)နေ (ဦးထွန်းငွေ-ဒေါ်လှငွေ)တို့၏ သား၊ (ဦးခင်မောင်မြ-ဒေါ်သန်းရှင်)တို့၏ သားသမက်၊ ဒေါ်ဥမ္မာမြ၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူး ကျော်အောင်ဆန်း-ဗိုလ်ကြီးမေထူးမာ၊ ဦးမင်းသူရတို့၏ဖခင်၊ ပုသိမ်မြို့နယ်အသင်း(ရန်ကုန်) ရာသက်ပန်အသင်းဝင် ဦးတင့်ထူးသည် ၄-၉-၂၀၁၅(သောကြာနေ့) နံနက် ၆နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၁) ခုတင်(၁၀၀၀) မင်္ဂလာဒုံစစ်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၅ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံအေးငြိမ်းဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှမြိုင်(ရမ်းဗြဲ) (၈၂)နှစ်
**အထက-၄၊ အလုံ၊ ကျောင်းဆရာမ(ငြိမ်း)**

ရန်ကုန်မြို့၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ဓမ္မိကဝတီလမ်း၊ အမှတ်(၂၅)နေ (ဦးဘရဲ-ဒေါ်ပုတို)တို့၏သမီး၊ (ဦးဘတင်)၏ဇနီး၊ မောင်ရဲသီဟတင်-မစိုးသဥ္ဇာအောင်တို့၏မိခင်၊ မောင်ကျော်ဇင်သန့်(အထက-၄၊ အလုံ)၊ မစုရတီခင်၊ မခိုင်ယုယတို့၏အဘွား ဒေါ်လှမြိုင်သည် ၅-၉-၂၀၁၅(စနေနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၁၅(တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက်၁၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ရွှေ (၇၉)နှစ်
**အလပြ-ငြိမ်း၊ မုဒုံမြို့**

မွန်ပြည်နယ်၊ အမှတ်(၆၄)၊ မြစေတီလမ်း၊ စက်သစ်ရပ်၊ မုဒုံမြို့နေ (ဦးထွန်းတင်-ဒေါ်ခွေးမ)တို့၏သမီး၊ (ဦးပါငယ်-ဒေါ်အေးကြိုင်)တို့၏သမီးချွေးမ၊ ဦးစိုးဝင်း(အထပြ-ငြိမ်း)၏ဇနီး၊ ဒေါ်လှကြွေ၏ညီမ၊ ဒေါ်သန်းရီ(ထ/အုပ်-ငြိမ်း)၊ ဦးမင်း အုန်းသွင်(စက်မှု-၁ငြိမ်း)-ဒေါ်မာမာအေးတို့၏အစ်မ၊ ဒေါ်မိုးသီတာ(ကထိက၊ ဓာတုဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်)၊ ဦးဝင်းကျော်သက်(Raffles Shipping)-ဒေါ်အိမွန်ကျော်၊ မောင်အောင်ဆန်းထွန်းတို့၏ မွေးသမိခင်၊ မောင်ရှိန်းခန့်ကျော်၏အဘွားသည် ၄-၉-၂၀၁၅(သောကြာနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၆-၉-၂၀၁၅(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် မုဒုံကန်ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၅ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းယဉ် (၇၈)နှစ်

ရန်ကုန်မြို့ ၊ ကျောက်မြောင်း၊ မြို့သစ် (၁)လမ်း၊ အမှတ်(၅၃)၊ ငါးလွှာနေ (ဦးသာရ-ဒေါ်အေးခင်)တို့၏သမီး၊ ဦးအောင်သန်း၏ညီမ၊ ဒေါ်သန်းခင်၏အစ်မ၊ ဦးသန်းရွှေ (ကုန်သွယ်/ဦးစီး-ငြိမ်း)၏ဇနီး၊ ဦးစိုးညွန့်-ဒေါ်ခင်နုဆွေ၊ ဦးမင်းဆွေ-ဒေါ်သီတာစိုး၊ ဦးမင်းဝေ-ဒေါ်အေးအေးမာဆွေ၊ ဦးမင်းနိုင်-ဒေါ်လေးသူဇာတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၅-၉-၂၀၁၅(စနေနေ့) နံနက် ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၁၅(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၉-၂၀၁၅ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးချမ်းငြိမ်း (၆၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သီရိလမ်း၊ တိုက် (၁၂၅၃)၊ အခန်း(၃၀၁)နေ (ဦးရွှေဖိုး-ဒေါ်ခင်မြ)တို့၏သား၊(ဦးမြင့်ငွေ-ဒေါ်အေးသန့်)တို့၏သားသမက်၊ (ဦးမြလင်း)-ဒေါ်တင်စိန်၊ ဦးအေးသိန်း-(ဒေါ်တင်ရှိန်)၊ (ဦးအေး)-ဒေါ်တင်မြိုင်တို့၏မောင်၊ ဦးခင်ဇော်၊ ဦးသောင်းဝင်း၊ ဒေါ်ခင်မဥ္ဇူ၊ ဦးဇော်ဝင်း-ဒေါ်အေးဆယ်၊ ဦးသူရအောင်၊ ဦးသူရနိုင်-ဒေါ်ချောချောတို့၏အစ်ကို၊ ဒေါ်ခင်ခင်ကြီး(ကျန်းမာရေးဦးစီးဌာန-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ကေခိုင်ချမ်းငြိမ်း-ဦးအောင်မြင့်၊ ဒေါ်မြတ်သီရိငြိမ်း-နီကိုလပ်ဆင်းတို့၏ချစ်လှစွာသောဖခင်၊ မရွှန်းလက်အောင်မြင့်၊ မလင်းလက်အောင်မြင့်တို့၏ဘိုးဘိုးကြီးသည် ၄-၉-၂၀၁၅(သောကြာနေ့) ည၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၅ (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ၄နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၅(ကြာသပတေးနေ့) နံနက်၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးအောင်မင်း(ခ)ဗိုလ်သံခဲ (၆၇)နှစ်
**ဓာတ်ခွဲခန်းမှူး(ငြိမ်း)၊ ကလေးဆေးရုံကြီး**

ရန်ကုန်မြို့နေ (ဦးထွန်းစိန်-ဒေါ်လှရှင်)တို့၏ သား၊ (ဦးဘရင်-ဒေါ်မြနှစ်)တို့၏သားသမက်၊ (ဦးအောင်သာ-ဒေါ်တင်ရီ)၊ ဦးစိန်ဝင်း-(ဒေါ်ရင်လှ)၊ (ဦးမြင့်ဆွေ)-ဒေါ်စန်းမြင့်တို့၏ ညီ/မောင်၊ ဦးစိုးဝင်း-ဒေါ်ရင်သန်း၊ ဒေါ်ညိုရင်၊ ဒေါ်နှင်းအေးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဝေဠုဝန်မြောက်ပိုင်းရပ်ကွက်၊ ဦးညိုလမ်းသွယ်(၅)လမ်း၊ အမှတ် (၁၀၁)နေ ဒေါ်ယဉ်မြင့်၏ ချစ်လှစွာသောခင်ပွန်း ဦးအောင်မင်းသည် ၄-၉-၂၀၁၅(သောကြာနေ့) ညနေ ၅း၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၅(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၅(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
## ဦးအောင်မင်း(ခ)ဗိုလ်သံခဲ (၆၇)နှစ်
**ဓာတ်ခွဲခန်းမှူး(ငြိမ်း) ကလေးဆေးရုံကြီး**

ရန်ကုန်မြို့နေ (ဦးထွန်းစိန်-ဒေါ်လှရင်)တို့၏သား၊ (ဦးဘရင်-ဒေါ်မြနှစ်)တို့၏သားသမက်၊ (ဦးကိုကိုလှိုင်-ဒေါ်ကြည်ကြည်မာ)၊ ဦးသောင်းကြွယ်-(ဒေါ်တင်ရီ)၊ ဦးခင်မောင်ဦး-ဒေါ်ဟန်နွဲ့၊ ဦးစံရင်-ဒေါ်အမာကြည်တို့၏ညီ/မောင်၊ ဦးကျော်မင်း-ဒေါ်အေးမြင့်ချို၊ (ဦးအောင်မြင့်သိန်း)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(မြောက်)ရပ်ကွက်၊ ဦးညိုလမ်းသွယ်(၅)လမ်း၊ အမှတ် (၁၁၀)နေ ဒေါ်ယဉ်မြင့်၏ ချစ်လှစွာသောခင်ပွန်းသည် ၄-၉-၂၀၁၅(သောကြာနေ့) ညနေ ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၅(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [၁၀-၉-၂၀၁၅(ကြာသပတေးနေ့) နံနက်ပိုင်းတွင် စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(မြောက်)ရပ်ကွက်၊ ဦးညိုလမ်းသွယ်(၅)လမ်း၊ အမှတ်(၁၁၀) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ဖုန်းမြင့် (၆၆)နှစ်
**ABM ကျောင်းသူဟောင်း-B.Sc(Zoology)**
**မိုးဆေးဆိုင်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ဗိုလ်သူရလမ်း၊ အမှတ်(၇၇)နေ (ဦးမောင်မောင်ကြီး-ဒေါ်တင်လှ)တို့၏သမီး၊ ဦးကာစီ (ဘုရင့်နောင်ဈေး) (မြို့မိမြို့ဖ-ကြည့်မြင်တိုင်မြို့နယ်)၏ဇနီး၊ (ဦးတင်မောင်ဦး)-ဒေါ်တင်တင်မြ၊ ဦးခင်မောင်ဆွေ-ဒေါ်မြင့်မြင့်သန်း၊ (ဦးမျိုးမြင့်မောင်-ဒေါ်ခင်အုန်းမြင့်)တို့၏ညီမ၊ ဦးနေဦး-(ဒေါ်အေးအေးမြင့်)၏အစ်မ၊ ဦးနေမျိုးဇော်-Dr. တင်မိုးအေး(ကထိက၊ ရောဂါဗေဒ၊ ဆေးတက္ကသိုလ်-၂ ရန်ကုန်)၊ ကိုစည်သူအောင်တို့၏ချစ်လှစွာသောမိခင်ကြီး၊ မောင်ဖွဲ့ခန့်ဇော်(Grade-III-A၊ အလက-၁၊ ဒဂုံ)၏ ဘွားဘွားကြီးသည် ၄-၉-၂၀၁၅(သောကြာနေ့) ည ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၅(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ကြေးမုံ

စက်တင်ဘာ ၆၊ ၂၀၁၅

Hot Line No-0930500100

## ယနေ့ မာတိကာ

ရုရှားအရှေ့ဖျားဒေသ ဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံကြရန် သမ္မတ ပူတင် တိုက်တွန်း
စာမျက်နှာ - ၄

နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများတွင် မြန်မာအသင်း ပါဝင်ယှဉ်ပြိုင်သည့် ပွဲစဉ်များကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်
စာမျက်နှာ - ၁၁

ပေါ်တူဂီမြေမှာ အိမ်ရှင်ကို အနိုင်ကစားတဲ့ ပြင်သစ်
စာမျက်နှာ - ၁၃




# သူတို့က သူတို့ရွာကို ပြန်လို့မရတော့ဘူး

**မြေနေရာသတ်မှတ်ချက်အတည်ပြုပြီးတာနဲ့ နေရာချထားပေးဖို့ဆောင်ရွက်မှာဖြစ်ပြီး အိမ်ဆောက်လုပ်ဖို့ ပွင့်လင်းရာသီမှ စတင်လို့ရမှာဖြစ်ပါတယ်**

**တွေ့ဆုံမေးမြန်း ဆုနှင်းလှဲ့**

**ချင်းပြည်နယ်အတွင်း ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ တီးတိန်မြို့နယ်အတွင်းရှိ ကျေးရွာအချို့အား မြေပြိုမှုများကြောင့် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ကူညီစောင့်ရှောက်ထားရာ တီးတိန်မြို့နယ် ကယ်ဆယ်ရေးစခန်း အမှတ်(၁)နှင့်(၂)တာဝန်ခံ ဒေါ်ခင်စန်းကြွယ် (လူမှုဝန်ထမ်းဦးစီးဌာန၊ ဦးစီးမှူး)နှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။**

စာမျက်နှာ ၅ ကော်လံ ၁ သို့



# မြန်မာလူငယ်များကို နယူးဇီလန်အသင်း လေ့ကျင့်ပေး

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားရန်ရောက်ရှိနေသည့် နယူးဇီလန်လက်ရွေးစင်အသင်းသည် ယနေ့နံနက်ပိုင်းက မြန်မာလူငယ်ကစားသမားများကို ဘောလုံးအခြေခံနည်းစနစ်များ သင်ကြားပေးခဲ့သည်။

နယူးဇီလန်လက်ရွေးစင်အသင်းမှ အုပ်ချုပ်နည်းပြအဖွဲ့ဝင်များနှင့် ကစားသမားများမှာ အား/ကာသိပ္ပံ(ရန်ကုန်)သို့ လာရောက်ကာ လူငယ်ကစားသမားများအား လေ့ကျင့်မှုများ ပြုလုပ်ပေးခြင်းဖြစ်သည်။ အား/ကာသိပ္ပံ(ရန်ကုန်)တွင် ဘောလုံးအားကစားနည်း သင်ကြားလျက်ရှိသော လူငယ်ကစားသမားများနှင့် ကျိုက်ဝိုင်းမိဘမဲ့ကျောင်းမှလူငယ်လေးများ စုစုပေါင်း ၁၀၀ ဝန်းကျင်ကို နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ တစ်နာရီကြာ လေ့ကျင့်ပေးခဲ့ခြင်း ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့

# ရန်ကုန်မြို့ပေါ်ရှိ ကန်ထရိုက်တိုက်ဆောက်လုပ်မှုများပြားလာခြင်းအပေါ် လူနေထိုင်ခွင့်စည်းကမ်းချက်နှင့်အညီ လျင်မြန်စွာချပေးမည်

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်မြို့ပေါ်တွင် လူဦးရေ ထူထပ်များပြားလာသည်နှင့်အမျှ ကန်ထရိုက်တိုက်ဆောက်လုပ်မှုများသည်လည်း များပြားလာလျက်ရှိရာ လူနေထိုင်ခွင့်များ လျှောက်ထားလာလျှင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ စည်းကမ်းချက်များနှင့် ကိုက်ညီလျှင် အမြန်ဆုံး ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ပေါ်ရှိ ဆင်ခြေဖုံးရပ်ကွက်များနှင့် အခြားမြို့နယ်များတွင် ကန်ထရိုက်ပွဲစားများ၏ စည်းရုံးမှုအရ မြေပိုင်ရှင်များနှင့် အခန်းပေး၊ အခန်းယူစနစ် ရရှိသည့် အိမ်ရှင်များအနေဖြင့် တိုက်ခန်းအငှားချခြင်း၊ ရောင်းချခြင်းတို့ ရှိနေပြီး မိမိတို့နေရေးအတွက် အခန်းများရရှိကြသဖြင့် အဆင်ပြေကာ ကန်ထရိုက်တိုက်ဆောက်လုပ်မှု ပိုမိုများပြားလာကြောင်း၊ ကန်ထရိုက်တိုက်လုပ်ငန်းရှင်များ အနေဖြင့်လည်း ရရှိသောအခန်းများ ရောင်းချခြင်းဖြင့် အဆင်ပြေကြကြောင်းနှင့် ရန်ကုန်မြို့ပေါ်တွင် နှစ်စဉ် လူနေထူထပ်မှု ပိုမိုများပြားလာခြင်းကြောင့် တိုက်ခန်းရောင်း၊ ဝယ်၊ ငှားရမ်းလုပ်ငန်းများ ပိုမိုတွင်ကျယ်လာပြီး ဆောက်လုပ်မှုလုပ်ငန်းများ ပိုမိုများပြားလာကြောင်း မရမ်းကုန်းမြို့နယ်မှ ကန်ထရိုက်လုပ်ငန်းရှင် တစ်ဦးက ပြောသည်။

ရန်ကုန်မြို့ပေါ်နှင့် ဆင်ခြေဖုံးရပ်ကွက်များရှိ ကန်ထရိုက်တိုက်များအား အဆောက်အအုံ လုပ်ငန်းပြီးစီး၍ လူနေထိုင်ခွင့်လျှောက်ထားလာမှုအပေါ် သတ်မှတ်စည်းကမ်းချက်၊ လုပ်ထုံးလုပ်နည်းများအတိုင်း စစ်ဆေးပြီး အထပ်နိမ့်အဆောက်အအုံဖြစ်လျှင် သုံးရက်အတွင်း ခွင့်ပြုချပေးပြီး အထပ်မြင့်ဖြစ်လျှင် အင်ဂျင်နီယာများ လိုက်ပါစစ်ဆေး၍ အမြန်ဆုံး ခွင့်ပြုပေးကြောင်း ရန်ကုန်မြို့တော်

စာမျက်နှာ ၃ ကော်လံ ၃ သို့

**နတ်ဆေးလို့ပင်သူတင်စား 'ရွှေပြည်နန်းနံ့သာဖြူသနပ်ခါး' အိမ်တိုင်းထား**


ဒေါက်တာဒေါ်ကေသီ

ကျွန်မအလုပ်စဝင်တဲ့ ရေနံချောင်းမြို့ဟာ အလွန်ပူပြင်းခြောက်သွေ့တဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ပူပြင်းသောနေဒဏ်ကြောင့် ကျွန်မပါးပြင်ပေါ်မှာ အမည်းကွက်တွေပေါ်လာသလို အညာမြေရဲ့ ဆောင်းရာသီအအေးဒဏ်ကြောင့်လည်း ကျွန်မပါးပြင်ပေါ်မှာ အဖြူကွက်တွေပေါ်လာခဲ့ပါတယ်။ ကျွန်မက နံ့သာဖြူသနပ်ခါးကို အရမ်းကြိုက်နှစ်သက်သူတစ်ယောက်ပါ။ 'ရွှေပြည်နန်းနံ့သာဖြူသနပ်ခါး' ပေါ်လာတော့ ခြေဆုံးခေါင်းဆုံးလိမ်းခဲ့တာဖြင့် ကျွန်မပင်စင်ယူတဲ့ အထိပါပဲ။ ထိုသို့လိမ်းခဲ့တဲ့အကျိုးအားဖြင့် ကျွန်မမျက်နှာပေါ်က တင်းတိပ်၊ နေလောင်ကွက်တွေနဲ့ ဆောင်းရာသီ အအေးဒဏ်ကြောင့်ဖြစ်သော အဖြူကွက်များ သိသိသာသာ ပျောက်ကင်းသွားတာ ကျွန်မကိုယ်တွေ့ပါပဲ။ မြင့်မားစွာကျရောက်နေတဲ့ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ဖို့ဆိုရင် 'ရွှေပြည်နန်းသနပ်ခါး'သာ အကောင်းဆုံးဖြစ်ကြောင်း ကျွန်မကိုယ်တွေ့ဖြစ်ရပ်များဖြင့် ထောက်ခံတင်ပြအပ်ပါသည်။ ရွှေပြည်နန်းသနပ်ခါးဟာ မျက်နှာမှာ တင်းတိပ်၊ နေလောင်ကွက်နဲ့ အဖြူကွက်တွေ ပျောက်ကင်းရုံသာမက ရေချိုးပြီးတိုင်း မျက်နှာနဲ့ လက်တွေကို မထူမပါးလေးလိမ်းထားမယ်ဆိုရင်လည်း စိတ်ရောကိုယ်ပါ ကြည်လင်လန်းဆန်းမှုကို ခံစားရပါတယ်။ **ကျွန်မအတွက်ကတော့ 'ရွှေပြည်နန်းနံ့သာဖြူသနပ်ခါး'ဟာ နတ်ဆေးတစ်ပါးပါပဲ . . .**

ဒေါက်တာဒေါ်ကေသီ၊ ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ သတ္တဗေဒဌာန၊ စစ်တွေတက္ကသိုလ်။

ထပ်ဆင့်ထောက်ခံသူ ။ ။ ဒေါက်တာနှင်းခိုင်စိုး၊ ကထိက၊ သတ္တဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ တန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)

themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ The Mirror

တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL

2015 SEPTEMBER 6, SUNDAY

STI MYANMAR UNIVERSITY
IMBA IBBA IMED IBE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

သဘာဝပတ်ဝန်းကျင်

# ဆည်မြောင်းလုပ်ငန်းဆိုသည်မှာ...

ဘုန်းတင်လှိုင်

**ဆည်မြောင်းလုပ်ငန်းမှာ ကန္တာရဖြင့်အတိပြီးသော တိုင်းပြည်များနှင့် ပူပြင်းခြောက်သွေ့သော တိုင်းပြည်များအဖို့ ရှေးဟောင်းအနုပညာတစ်ရပ်ဖြစ်ပြီး ယဉ်ကျေးမှုနှင့်အတူ ပေါက်ဖွားတတ်မြောက်လာခဲ့ကြသည့်ပညာရပ်ဖြစ်သည်။ ကမ္ဘာကြီးတစ်ခုလုံးအဖို့မူ ဆည်မြောင်းပညာရပ်သည် အမြဲတစေတိုးတက်နေသောလူဦးရေအတွက် စားနပ်ရိက္ခာလုံလောက်မှုရှိစေရန် အထူးဦးစားပေးလေ့လာနေရသော သိပ္ပံပညာရပ်ဖြစ်သည်။ ကမ္ဘာကြီး၏ ကြီးမားမြောက်မြားလှစွာသော မြေမျက်နှာပြင်ဧရိယာအစိတ်အပိုင်းတို့တွင် ဆည်မြောင်းလုပ်ငန်းများ၏ အထောက်အကူပြုချက်မရရှိပါက အောင်မြင်ဖြစ်ထွန်းသောစိုက်ပျိုးရေး လုပ်ကိုင်ရရှိနိုင်မည်မဟုတ်ပါ။**

မြန်မာနိုင်ငံရှိ မြစ်ချောင်းကြီးများသည် လက်များယှက်ထားသကဲ့သို့ တောင်တန်းကြီးများ၏ ကြားတစ်လျှောက် ဖြတ်သန်းစီးဆင်းကြပြီး တောင်တန်းတောအုပ်များသည် အဓိကရေဝေဧရိယာများဖြစ်ကြသည်။ အဆိုပါမြစ်လက်တက်များမှတစ်ဆင့် ရေပေးသွင်းရေးစနစ်များကို ထူထောင်ခဲ့ကြသည်။ ထိုသို့ထူထောင်ရာတွင် ရေသွင်းဧရိယာများကို ထိန်းသိမ်းလိုသည့်အတွက်ကြောင့်လည်းကောင်း၊ တစ်နှစ်ပတ်လုံး ရေလုံလောက်စွာရရှိရေးအတွက်ကြောင့်လည်းကောင်း၊ ရေကူဆည်များ၊ တူးမြောင်းများ၊ ရေလွှဲဆည်များ၊ ရေထိန်းတံခါးများနှင့် တာတမံများကို အစုအဖွဲ့ဖြင့် ခေတ်အဆက်ဆက်က တည်ထောင်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ဆည်မြောင်းလုပ်ငန်းကို စိတ်ဝင်စားကြသူများသည် ဆည်မြောင်းပညာရပ်ကို လေ့လာလိုက်စားပြီး လုံးဝနားလည်သဘောပေါက်မှသာ ပြည်သူလူထုသို့ ချပြ၊ တင်ပြသင့်ပါသည်။ ကြားဖူးနားဝဖြင့် မိမိထင်သလို ရေးသားလိုက်လျှင် အပြစ်ဖြစ်နိုင်ပါသည်။ ရေလှောင်တမံများကို ဒီဇိုင်းပုံစံပြုရာတွင် ရေလှောင်တမံ၏ အသုံးပြုနိုင်မည့်ကာလကို အနည်းဆုံး နှစ် (၅၀) ကြာ အသုံးချနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်ပါသည်။ ရေလှောင်တမံတည်ဆောက်မည့် မြစ်၊ ချောင်းများအတွင်း သဲနုန်းပါဝင်မှုပမာဏကို တည်ဆောက်မည့်နေရာ၏ အထက်ပိုင်းရှိ ရေဆင်းဧရိယာအကျယ်အဝန်း၊ ရေလှောင်တမံ တည်ဆောက်အသုံးပြုမည့် အချိန်ကာလ အနည်းဆုံး နှစ် (၅၀) ကာလတို့နှင့်ဆက်နွယ်၍ တွက်ချက်မှုများ ဆောင်ရွက်ကာ ရေလှောင်တမံ၏ ရေသေမှတ် (Dead Storage Level) ကို တွက်ချက်သတ်မှတ်ဆောင်ရွက်ပါသည်။ ယင်းရေသေမှတ်အောက်ဘက်တွင်ရှိသော ရေပမာဏကို အသုံးပြုရန်မရည်ရွယ်ဘဲ တမံတည်ဆောက်အသုံးပြုပြီး အနည်းဆုံးနှစ် (၅၀) အချိန်ကာလအတွင်း သဲနုန်းများ အနည်ကျ၊ အနည်ထိုင်စေမည်ဟု ခန့်မှန်းတွက်ချက်ထားရှိပါသည်။ အသုံးပြုရန်ရည်ရွယ်ထားသော ကာလမတိုင်မီ သဲနုန်းအနည်ကျမှုကြောင့် ရေလှောင်တမံကောသွားခြင်း၊ အသုံးမပြုနိုင်တော့ခြင်းမျိုး မြန်မာနိုင်ငံတွင် မရှိသေးပါ။ အချို့ရေလှောင်တမံများဆိုလျှင် နှစ် (၅၀) ကျော်သည့်တိုင် ဆက်လက်အသုံးပြုလျက်ရှိသည်ကို တွေ့ရှိရပါသည်။ အကယ်၍ သဲနုန်းပြည့်ခဲ့သည်ရှိသော်လည်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီး ဆက်လက်အသုံးပြုသွားနိုင်မည်ဖြစ်ပါသည်။

ဧရာဝတီ၊ ချင်းတွင်းကဲ့သို့သော မြစ်ကြီးများအတွင်းသို့စီးဝင်သည့် ချောင်းကြီး၊ ချောင်းငယ်များအပေါ်တွင် ဆည်တာတမံများ တည်ဆောက်ထားခြင်းဖြစ်ပါ၍ မြစ်များအတွင်း အနည်ကျရောက်စေမှုကို ထိုက်သင့်လျော့ပတ်သော အခြေအနေအထိ ထိန်းသိမ်းထားနိုင်မှုရှိပါကြောင်းကိုလည်း လေးစားစွာ တင်ပြလိုပါသည်။

ဆည်မြောင်းစကားရပ်သည် အတိုကောက်ခေါ်ဝေါ်ခြင်းဖြစ်ပြီး အရှည်မှာ ဆည်၊ မြောင်း၊ တာ၊ တမံ(Weir, Canal, Embankment, Dam)ဖြစ်ပါသည်။ ရေလှောင်ဆည်ကြီးများဆိုသည့် ဝေါဟာရမရှိပါ။ ရေကာတာများချိုးဖောက်ခြင်းမဟုတ်ပါ။ ရေလှောင်တမံများ၏ မူလရေအမြင့်ဆုံးသိုလှောင်ရန် သတ်မှတ်ထားသည့် ထုထည်ပမာဏထက်ပို၍ မိုးရွာသွန်းမှုကြောင့်လည်းကောင်း၊ မြစ်ချောင်းများမှ စီးဝင်လာမှုကြောင့်သော်လည်းကောင်း၊ သိုလှောင်နိုင်မှုပမာဏထက် ကျော်လွန်လာသော စီးဝင်ရေများကို တမံခိုင်ခံ့မှုမထိခိုက်စေရန် အလိုအလျောက်ရေကျော်စီးဆင်းထွက်သွားနိုင်ရေးအတွက် တည်ဆောက်ထားသော အဆောက်အအုံကို ရေပိုလွှဲဟုခေါ်ပါသည်။ တစ်နည်းဆိုရလျှင် ရေလှောင်တမံမှ သတ်မှတ်ထားသည့် ရေအမြင့်ပေ(R.L) နှင့် သိုလှောင်ရေထုထည်ပမာဏ (Storage Capacity)ထက် ပိုလျှံရေများ တမံအောက်ဘက်သို့ လုံခြုံစိတ်ချစွာကျော်ကျစီးဆင်းသွားနိုင်ရန် ရေလှောင်တမံနှင့် ဆက်နွယ်တည်ဆောက်ရသော အဆောက်အအုံဖြစ်ပါသည်။ ရေလျှံမှုကြောင့် ရေကာတာများကိုချိုးဖောက်ရခြင်းဆိုသည်မှာ မမှန်ကန်ပါ။ ချိုးဖောက်၍လည်း မရပါ။ ရေပိုလွှဲမှ ကျော်ကျစီးဆင်းသွားသည့် ရေပမာဏမှာ ရေလှောင်တမံကြောင့် တိုးလာခြင်းလည်းမရှိနိုင်ပါ။ မိုးရွာသွန်းသည့် ပမာဏအတိုင်းစီးဆင်းသွားခြင်းသာဖြစ်ပြီး ရေလှောင်တမံတည်ဆောက်ထားခြင်းမရှိပါကလည်း အဆိုပါ ရေထုပမာဏအတိုင်းသာ စီးဆင်းလာမည်ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ »»

> ကမ္ဘာကြီးတစ်ခုလုံးအဖို့မူ ဆည်မြောင်းပညာရပ်သည် အမြဲတစေတိုးတက်နေသော လူဦးရေအတွက် စားနပ်ရိက္ခာလုံလောက်မှု ရှိစေရန် အထူးဦးစားပေးလေ့လာနေရသော သိပ္ပံပညာရပ်ဖြစ်သည်။



# နိုင်ငံရေးလုံခြုံမှုနှင့် စီးပွားရေးလုံခြုံမှုတို့အား ပြန်လည်ချိန်ညှိခြင်း


သီဟဇော်
(နေပြည်တော်)

၂၀၁၁ ခုနှစ် ဒီမိုကရေစီအစိုးရသစ်စတင်တာဝန်ယူချိန်မှစခဲ့သော မြန်မာ့ရွှေဦးဇာတ်လမ်းသည် မင်းသား၊ မင်းသမီး၊ ဇာတ်ပို့၊ ဇာတ်ရန်အစုံအလင်ဖြင့် ခရီးစခဲ့ရာ ယခုအခါ ပထမပိုင်းဇာတ်ပေါင်းခန်းသို့ ရောက်လုပြီဖြစ်ပါသည်။ ဒီမိုကရေစီလမ်းစဉ်နှင့်အညီ တိုင်းပြည်အတွင်း လုံခြုံရေးဆိုင်ရာ အယူအဆအခင်းအကျင်းများမှာလည်း တစ်ကွက်ပြီးတစ်ကွက် ပြောင်းလဲလျက်ရှိပါသည်။ ယခင်အစိုးရလက်ထက်အထိ တစ်သမတ်တည်း လက်ကိုင်ပြုခဲ့သော လုံခြုံရေးဆိုသည်မှာ နိုင်ငံတော်အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကာကွယ်ရေးသာလျှင် အဓိကဟူသော သမားရိုးကျ လုံခြုံရေးအယူအဆမှ ဖောက်ထွက်ကာ အစိုးရသစ် တာဝန်ယူပြီးနောက်ပိုင်းတွင် ယနေ့ခေတ်ကာလနှင့် လိုက်လျောညီထွေဖြစ်သော လူသားလုံခြုံရေးအယူအဆကိုလည်း လက်ခံကျင့်သုံးလျက်ရှိပါသည်။ လူသားလုံခြုံရေးအယူအဆကို ၁၉၉၄ ခုနှစ်တွင် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်မှ စတင်ဖော်ထုတ်ခဲ့ပြီး ကြောက်ရွံ့ခြင်းမှကင်းဝေးခြင်း (Freedom from fear) နှင့် လူသားဘဝအခြေခံလိုအပ်ချက်များ ပြည့်စုံခြင်း (Freedom from want)ဟု အဓိကအားဖြင့် နှစ်ပိုင်းခွဲခြားနိုင်ပါသည်။

ကြောက်ရွံ့ခြင်းမှကင်းဝေးခြင်းဟူသော Freedom from fear တွင် အကြမ်းဖက်ခြင်းမှကင်းဝေးသော ပုဂ္ဂလိကလုံခြုံမှု၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်နိုင်သော လူ့အဖွဲ့အစည်းလုံခြုံမှုနှင့် လွတ်လပ်စွာယုံကြည်ခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အဆိုပါဆောင်ရွက်ချက်များအပေါ် အရေးယူခံခြင်းမှကင်းဝေးသော နိုင်ငံရေးလုံခြုံမှုတို့ ပါဝင်ပါသည်။ လိုအပ်ချက်မှကင်းဝေးခြင်း(Freedom from want)တွင် လုံလောက်မျှတသော လုပ်ခလစာရရှိ ခံစားပိုင်ခွင့်ဟူသော စီးပွားရေးလုံခြုံမှု၊ အစားအစာ ဖူလုံမှု၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှု ရရှိခံစားပိုင်ခွင့်နှင့် ကူးစက်ရောဂါများမှ ကင်းဝေးခြင်းဟူသော ကျန်းမာရေးလုံခြုံမှုနှင့် သန့်ရှင်းသော မြေထု၊ လေထုနှင့်သောက်သုံးရေ ရရှိသုံးစွဲပိုင်ခွင့်ဟူသော ပတ်ဝန်းကျင်လုံခြုံမှုနယ်ပယ်လေးရပ်ပါဝင်ပါသည်။

လိုအပ်ချက်မှကင်းဝေးခြင်းဟူသော စီးပွားရေးလုံခြုံမှု၊ အစားအစာလုံခြုံမှု၊ ကျန်းမာရေးလုံခြုံမှုနှင့် ပတ်ဝန်းကျင်လုံခြုံမှုတို့သည် ကမ္ဘာပေါ်ရှိမည်သည့်နေရာဒေသမှ လူသားများအတွက်မဆို ရာနှုန်းပြည့်မှန်ကန်မှုရှိသော်လည်း လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုပိုင်ခွင့်ဟူသော နိုင်ငံရေးလုံခြုံမှုကိုမူ နိုင်ငံတိုင်း၊ လူတိုင်းအတွက် တစ်တန်းတစ်စားတည်း၊ တစ်ပုံစံတည်း သတ်မှတ်၍မရပါ။ သမိုင်းတစ်လျှောက် အနောက်တိုင်းပုံစံ ဒီမိုကရေစီစံနှုန်းနှင့်တန်ဖိုးများကို အရမ်းကာရော လက်ခံကျင့်သုံးခဲ့သောကြောင့် သို့မဟုတ် ဇာတ်အသွင်းခံရသောကြောင့် တိုင်းပြည်ပြိုကွဲပျက်စီးပြီး ပြည်သူလူထုအပေါင်း ဒုက္ခပင်လယ်ဝေခဲ့ရသော သာဓကအမြောက်အမြား တွေ့ရှိခဲ့ရပါသည်။ ဆိုဗီယက်ယူနီယံ၏ နောက်ဆုံးနေ့ရက်များတွင် သမ္မတ ဂေါ်ဘာချက်က စစ်စရိတ်ထောင်းနေသော ဆိုဗီယက်ပြည်ထောင်စုကို စီးပွားရေးအရ ဦးစားပေးပြန်လည်ထူထောင်ရမည့်အစား ပြုပြင်ပြောင်းလဲရေး(Perestroika)နှင့် ပွင့်လင်းမြင်သာမှု (Glasnost)တို့ကို ဟန်ချက်ညီညီ မချိန်ဆနိုင်ခဲ့သောကြောင့် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီး ရုရှားပြည်သူများ ပေါင်မုန့်တစ်လုံးရရန်ပင် တစ်နေကုန် တန်းစီရသော ကပ်ဆိုးကြီးထဲသို့ ကျရောက်ခဲ့သည်။

အလားတူပင် အာရပ်လူ့အဖွဲ့အစည်းအတွင်း နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေသော လူမျိုးရေးနှင့် ဘာသာရေးအားပြိုင်မှုနှင့် အလုပ်လက်မဲ့ အာရပ်လူငယ်များ၏ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေးကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ဒီမိုကရေစီဇာတ်သွင်းခဲ့ရာဝယ် ၂၁ ရာစု၏ စိတ်ညစ်ညူးဖွယ်ရာ အကောင်းဆုံးသော အာရပ်နွေဦးအရေးတော်ပုံကြီးနှင့် နောက်ဆက်တွဲကမ်းကုန်အောင် ရက်စက်သော ဘိုကိုဟာရမ်နှင့် ISIS အဖွဲ့ကဲ့သို့ ဘာသာရေးအစွန်းရောက်လှုပ်ရှားမှုများပေါ်လာကာ ကမ္ဘာ့နေရာအနှံ့အပြားမှ လူသားတို့၏ လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိပါသည်။




အခြားတစ်ဖက်တွင် လေ့လာပါက တရုတ်နှင့် ဗီယက်နမ်ခေါင်းဆောင်များသည် နိုင်ငံရေးလုံခြုံမှုထက်စာလျှင် စီးပွားရေးလုံခြုံမှုကို ဦးစားပေးကျင့်သုံးခဲ့သဖြင့် ဒေသတွင်းသာမက ကမ္ဘာ့စီးပွားရေးတွင်ပါ ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်လာပြီး ၎င်းတို့ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းတစ်စထက်တစ်စ မြင့်မားလျက်ရှိသည်မှာ နေ့စဉ်လိုပင်မြင်တွေ့နေရပါသည်။ အကယ်၍ တစ်စုံတစ်ယောက်သောသူက ဒါတွေဟာ ငါ့စကား နွားရလိုရာဆွဲပြောတာပါကွာဟု ငြင်းချက်ထုတ်လျှင် သက်သေသာဓကများနှင့် ရှင်းပြလိုပါသည်။ ၂၀၀၉ ခုနှစ်(The American Economic Review)စာစောင်တွင် Acemoglu နှင့် အဖွဲ့က ပြည်သူတစ်ဦးချင်းဝင်ငွေနှင့် (Freedom House)၏ ဒီမိုကရေစီခိုင်မာမှုရေချိန်နှစ်ခု၏ ဆက်စပ်မှုကို လေ့လာရာ နှစ်ခုတိုက်ရိုက်အချိုးကျကြောင်း တွေ့ရှိရပါသည်။ ဆိုလိုသည်မှာ ဝင်ငွေမြင့်မားသောတိုင်းပြည်များတွင် ဒီမိုကရေစီပိုမိုခိုင်မာကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့တွေ့ရှိချက်အရ ဒီမိုကရေစီခိုင်မာမှုသည် လူတစ်ဦးချင်းဝင်ငွေသာမက နိုင်ငံတစ်ခုချင်းစီ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များအပေါ်တွင်လည်း တည်မှီနေကြောင်း ဖော်ပြခဲ့ပါသည်။ အာရပ်ကမ္ဘာ၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ မြန်မာ စသည့် နိုင်ငံအသီးသီး၏ ဒီမိုကရေစီခိုင်မာမှုကို တွက်ချက်ရာတွင် သမိုင်းကြောင်းဆိုင်ရာအချက်အလက်များကို ပစ်ပယ်၍ မရကြောင်း သုံးသပ်ရပါသည်။ အကယ်၍ တစ်စုံတစ်ယောက်သောသူက မည်သည့်နိုင်ငံမှာမဆို ဒီမိုကရေစီပန်းတိုင်သို့ လျှောက်လှမ်းသော ခရီးလမ်းကြောင်းသည် တစ်ပုံစံတည်းသာ ရှိကိုရှိရမည်ဟု ငြင်းချက်ထုတ်ပါက အဆိုပါပုဂ္ဂိုလ်သည် အဆိုပါခိုင်လုံသော သက်သေသာဓကများကို မလေ့လာဖူးသေးသောကြောင့်သာ ဖြစ်ပါမည်။

အခြားလေ့လာတွေ့ရှိချက်တစ်ခုမှာ Adam Przewoski က ၂၀၀၀ ပြည့်နှစ်ထုတ် Journal of Democracy တွင် ဖော်ပြခဲ့ပါသည်။ ၎င်းက ဒီမိုကရေစီခိုင်မာမှုအတွက် နိုင်ငံသားတစ်ဦးချင်းစီရရှိရမည့် တစ်ဦးချင်းဝင်ငွေကို လေ့လာတွက်ချက်ခဲ့ရာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၄၀၀၀ အထက်ရှိမှသာ ဒီမိုကရေစီခိုင်မာကြောင်း၊ နောက်ကြောင်းပြန်မှုကင်းဝေးကြောင်း ဖော်ထုတ်ခဲ့ပါသည်။ ခြွင်းချက်များမရှိ မဟုတ်၊ ရှိပါသည်။ ဥပမာအားဖြင့် ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးစနစ်ကို ကောင်းစွာအမွေဆက်ခံသော နိုင်ငံများ၊ လူမျိုးကွဲပြားခြားနားမှု အနည်းဆုံးနိုင်ငံများနှင့် လူဦးရေနည်းသောနိုင်ငံများသည် ပြည်သူတစ်ဦးချင်း ဝင်ငွေမမြင့်မားမီမှာပင် ခိုင်မာသော ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိခဲ့ကြောင်း တွေ့ရပါသည်။

အကောင်းဆုံးဥပမာအနေဖြင့် အိန္ဒိယနိုင်ငံသည် လူတစ်ဦးချင်းဝင်ငွေ တစ်နှစ်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၅၀၀ သာရှိပြီး လူမျိုး၊ ဘာသာ၊ ဇာတ်အရ အမျိုးစုံကွဲပြားခြားနားနေစေကာမူ ဒီမိုကရေစီခိုင်မာနေခြင်းမှာ အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးစနစ်ကို တင်းပြည့်ကျပ်ပြည့်ဆက်လက်ဆုပ်ကိုင်ခဲ့ခြင်းနှင့် လွတ်လပ်ရေးရစဉ်ကပင် ကွန်ဂရက်ပါတီက အိန္ဒိယအရပ်ဘက်နိုင်ငံရေးအဖွဲ့အစည်းများ အားကောင်းမောင်းသန်ဖြစ်စေရန် ထိထိရောက်ရောက်နှင့် ညီညီညွတ်ညွတ် စည်းရုံးလုပ်ဆောင်နိုင်ခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကွန်ဂရက်ပါတီနှင့်ခေတ်ပြိုင်ဖြစ်သော ဖဆပလအဖွဲ့ချုပ်သည် နေရူးပုံစံအတိုင်း မလုပ်ဆောင်နိုင်ခဲ့သောကြောင့် နိုင်ငံရေးအာဏာကို ရွေးကောက်ခံ အရပ်သားအစိုးရလက်ထက်တွင် လွတ်လပ်ရေးရပြီး ဆယ်စုနှစ်တစ်ခုကျော်ကြာခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားနိုင်ခြင်းမရှိခဲ့ပါ။ အခြားသော ဥပမာတစ်ခုမှာ လူမျိုးရေးကွဲပြားမှုမရှိသလောက်ဖြစ်သော တောင်ကိုရီးယားနိုင်ငံဖြစ်ပါသည်။ တောင်ကိုရီးယားနိုင်ငံ သည် Przewoski ၏ ဒီမိုကရေစီခိုင်မာသောရေချိန်ဖြစ်သော တစ်နှစ်တစ်ဦးချင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၀၀၀ ကို ၁၉၇၂ ခုနှစ်တွင်ရရှိခဲ့သော်လည်း နောက်ထပ် ၁၈ နှစ်အကြာ ၁၉၉၂ ခုနှစ်ကျမှသာ ရွေးကောက်ခံအရပ်သား အစိုးရလက်ထက်သို့ အာဏာလွှဲပြီး တင်းပြည့်ကျပ်ပြည့်ခိုင်မာသော ဒီမိုကရေစီလူ့ဘောင်ကို ထူထောင်နိုင်ခဲ့ပါသည်။

နိုင်ငံတိုင်းအနေဖြင့် မိမိနိုင်ငံရှင်သန်ရပ်တည်ရေးအတွက် တိုင်းပြည်အပေါ် ဖိအားများတတ်နိုင်သမျှ အနည်းဆုံးဖြစ်သည့် နိုင်ငံရေးတည်ငြိမ်မှုနှင့် ပြည်သူလူထု၏ နိုင်ငံရေးလွတ်လပ်ခွင့်ဟူသော လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ဖြစ်သည့် နိုင်ငံရေးလုံခြုံမှုကို မိမိအနေအထားနှင့် ချိန်ဆဆောင်ရွက်ခွင့်ရှိရပါမည်။ အလားတူပင် ပြည်သူလူထု၏ နိုင်ငံရေးလုံခြုံမှုနှင့် စီးပွားရေးလုံခြုံမှုကို မျှမျှတတ ချိန်ဆဆောင်ရွက်ခွင့်ရှိရပါမည်။ ထိုသို့ချိန်ဆရာတွင် အရေးကြီးသောအချက်မှာ အစိုးရအပေါ် ဆင်ခြင်တုံတရားဖြင့် စနစ်တကျထိန်းကျောင်းပေးနိုင်သော လူလတ်တန်းစားတစ်ရပ်ပေါ်ထွက်လာရေးဖြစ်ပြီး အဆိုပါနည်းလမ်းမှာ ဒီမိုကရေစီလမ်းစဉ်သို့ချီတက်နေသော နိုင်ငံတိုင်းမဖြစ်မနေဆောင်ရွက်ရမည့် အဂ္ဂမဟာဗျူဟာလမ်းစဉ်ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံရေးသမိုင်းတွင် ထိုသို့သော လူလတ်တန်းစားမတည်ဆောက်နိုင်သေးပါက ဒီမိုကရေစီနောက်ကြောင်းပြန်နိုင်သောအခြေအနေများကို တွေ့ရှိရပါသည်။ ဥပမာအားဖြင့် တိုင်းပြည်အတွင်း လူတစ်ဦးချင်း တစ်နှစ်အမေရိကန်ဒေါ်လာ ၅၈၀၀ ရရှိနေသော ထိုင်းနိုင်ငံသည်ပင်လျှင် ဒီမိုကရေစီ နောက်ကြောင်းပြန်မှုများနှင့် မလွတ်ကင်းနိုင်သေးသည်မှာ ကျွန်ုပ်တို့ မျက်မြင်ဖြစ်သည်။

မိမိတို့မှ လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ၊ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ယနေ့အာရှပစိဖိတ်ဒေသတွင် မြန်မာနိုင်ငံသည် အလွန်အရေးကြီးသော ပထဝီနိုင်ငံရေးအားပြိုင်မှုကွင်းအဖြစ်သို့ ရောက်ရှိလာသည်။ နိုင်ငံအတွင်း တိုင်းရင်းသားလူမျိုးများ ကွဲပြားခြားနားမှုမှာလည်း ကမ္ဘာတွင် စံချိန်တင်လောက်အောင်များပြားပြီး နိုင်ငံသားတစ်ဦးချင်းတစ်နှစ်ပျမ်းမျှဝင်ငွေမှာလည်း Przewoski စံနှုန်း၏ ၂၅ ရာခိုင်နှုန်းမျှသာဖြစ်သော အမေရိကန်ဒေါ်လာ ၁၀၀၀ မျှသာရှိသည်။ အဆိုပါ အချက်အလက်များအပြင် သမိုင်းကြောင်းနှင့် လူမျိုးများ၏ ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များကို ထည့်သွင်းစဉ်းစားပါက မြန်မာနိုင်ငံသည် အသွင်ကူးပြောင်းရေးကာလမှစ၍ ဆယ်စုနှစ်တစ်ခုအတွင်း တင်းပြည့်ကျပ်ပြည့် လွတ်လပ်သော အနောက်တိုင်းစံနှုန်းနှင့်ကိုက်ညီသော ဒီမိုကရေစီလူ့ဘောင်သို့ နောက်ကြောင်းမပြန်စတမ်း ရောက်ရှိသွားနိုင်ခြေမှာ အခက်အခဲနှင့် စိန်ခေါ်မှုများစွာရှိနိုင်ကြောင်း ထင်ရှားသည်။

လက်ရှိအခြေအနေတွင် တာဝန်ရှိပုဂ္ဂိုလ်အားလုံးသည် နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံရေးလွတ်လပ်ခွင့်၊ နိုင်ငံရေးလုံခြုံမှုနှင့် စီးပွားရေးလုံခြုံမှုကို အကောင်းဆုံးမျှခြေတွင် ထားရှိရန် ကြိုးစားလျက်ရှိသော်လည်း ပြည်တွင်းပြည်ပအခြေအနေနှင့်ဖိအားများကြောင့် အခက်အခဲပေါင်းများစွာဖြင့် ရုန်းကန်လှုပ်ရှားလျက်ရှိသည်။ အဆိုပါ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံရေးလွတ်လပ်ခွင့်၊ နိုင်ငံရေးလုံခြုံမှုနှင့် စီးပွားရေးလုံခြုံမှုကို အကောင်းဆုံးမျှခြေသို့ရောက်ရှိရန် အာဏာပိုင်အဖွဲ့အစည်း(၃)ရပ်သာမက ပြည်သူလူထုနှင့် ပြည်သူလူထုအများစုအပေါ် ဩဇာလွှမ်းမိုးနိုင်သော စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာများမှလည်း သဘောပေါက်နားလည်လက်ခံထားမှသာလျှင် ခိုင်မာသော ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ ။

နိုင်ငံတိုင်းအနေဖြင့် မိမိနိုင်ငံရှင်သန်ရပ်တည်ရေးအတွက် တိုင်းပြည်အပေါ် ဖိအားများတတ်နိုင်သမျှ အနည်းဆုံးဖြစ်သည့် နိုင်ငံရေးတည်ငြိမ်မှုနှင့် ပြည်သူလူထု၏ နိုင်ငံရေးလွတ်လပ်ခွင့်ဟူသော လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ဖြစ်သည့် နိုင်ငံရေးလုံခြုံမှုကို မိမိအနေအထားနှင့် ချိန်ဆဆောင်ရွက်ခွင့်ရှိရပါမည်။ အလားတူပင် ပြည်သူလူထု၏ နိုင်ငံရေးလုံခြုံမှုနှင့် စီးပွားရေးလုံခြုံမှုကို မျှမျှတတချိန်ဆဆောင်ရွက်ခွင့်ရှိရပါမည်။

»»» တနင်္ဂနွေအထူးထုတ် စာမျက်နှာ ၈ မှ

## အမြဲအတူရှိနေသည့် ဘဝရဲ့အဖော်မွန်

မလိုလားသောအန္တရာယ်များနှင့် ရင်ဆိုင်ရခြင်း၊ လက်တွေ့ကမ္ဘာကိုမေ့ပျောက်ကာ တစ်ကိုယ်တည်း အွန်လိုင်းတွင်သာ နေထိုင်ကျင်လည်လာပြီး လူမှုကမ္ဘာနှင့် ဆက်ဆံရေး အေးစက်တင်းမာလာခြင်းစသော ဆိုးကျိုးများရှိသည်ကိုလည်း သတိပြုသင့်ပါသည်။

မည်သို့ဖြစ်စေ မိုဘိုင်းဖုန်းသည် လက်ရှိခေတ်သစ်ကမ္ဘာတွင် မရှိမဖြစ် ပစ္စည်းဖြစ်နေရာ လူတိုင်းအနေဖြင့် မဖြစ်မနေကိုင်ဆောင်နေကြရဦးမည်မှာ မလွဲပေ။ သို့ဖြစ်ရာ စာဖတ်သူများအနေဖြင့် မိုဘိုင်းဖုန်းနှင့်ပတ်သက်၍ သိရှိထားသင့်သည့်အချက်များကို ဖော်ပြလိုက်ပါသည်။

၁။ ဖုန်းဝယ်ယူလျှင် ဖုန်းတွင်ပါဝင်သော CPU နှင့် RAM ပမာဏများကို အဓိကထား စစ်ဆေးသင့်ပါသည်။ စီပီယူသည် စက်၏ အမြန်နှုန်းကိုဖော်ပြပြီး ရမ်မှာ အချိန်တစ်ခုတွင် စက်တွင်းအလုပ်လုပ်နိုင်သည့် ဒေတာပမာဏကို ညွှန်းခြင်းဖြစ်သည်။ ဈေးကွက်တွင် Quad core, Octa Core CPU များအထိ ပေါ်ထွက်နေပြီဖြစ်သလို RAM အနေဖြင့်လည်း 4GB ပမာဏအထိပါရှိသော မိုဘိုင်းဖုန်းများကို မြင်တွေ့နေရပြီဖြစ်သည်။ RAM ပမာဏများပါက ဆော့ဝဲလ်အမြင့်များနှင့် ဂရပ်ဖစ်အသုံးများသော အက်ပလီကေးရှင်းများအထိ ပေါ့ပေါ့ပါးပါး အသုံးပြုနိုင်ပါသည်။ CPU,RAM မြင့်လျှင် ဖုန်း၏ ဈေးနှုန်းမြင့်တတ်ပါသည်။

၂။ နောက်တစ်ခုသတိပြုရန်မှာ ဖုန်းတွင်းသိမ်းဆည်းနိုင်သည့် မှတ်ဉာဏ်နှင့် ဖုန်းထဲသို့မန်မိုရီကတ်ဖြင့် ထပ်မံစိုက်သွင်းနိုင်သည့် မန်မိုရီပမာဏကို စစ်ဆေးဝယ်ယူဖို့ပင် ဖြစ်သည်။

၃။ မိမိဖုန်းအတွင်းသို့ မလိုအပ်ဘဲ အက်ပလီကေးရှင်း ဆော့ဝဲလ်များစွာ ထည့်သွင်းအသုံးပြုခြင်းမျိုးကို ရှောင်ကြဉ်ပါ။ အကြောင်းက အက်ပလီကေးရှင်းတစ်ခုနှင့်တစ်ခု အဆင်မပြေမှု Conflict ဖြစ်တတ်ကာ ဖုန်း၏အမြန်နှုန်းကိုလည်း လေးလံ နှေးကွေးသွားတတ်ခြင်းကြောင့်ဖြစ်သည်။ အထူးသဖြင့် ထည့်သွင်း ထားသော နောက်ခံပရိုဂရမ်များက အလိုအလျောက် အပ်ဒိတ် ပြုလုပ်နေတတ်ခြင်းကြောင့် ဒေတာအသုံးပြုခများ မိမိမသိလိုက်ဘဲ ကုန်ကျနေတတ်ခြင်းဖြစ်ပါသည်။

၄။ ဖုန်း၏သဘောမှာ ကွန်ရက်မမိလေ လိုင်းကိုရှာဖွေမှုပြုလုပ်လေဖြစ်သဖြင့် Network လိုင်းမမိတမိနေရာများတွင် အသုံးပြုမှုများလာပါက ဖုန်း၏ စွမ်းဆောင်ရည်သည် တဖြည်းဖြည်းကျဆင်းတတ်ပါသည်။ထိုအချိန်တွင် ဘက်ထရီသုံးစွဲမှုသည်လည်း ပိုမိုမြင့်မားစေပါသည်။ ထို့ပြင် အခြားသော ဂရပ်ဖစ်အသုံးများခြင်း (ဂိမ်းကဲ့သို့)၊ စက်၏ခံနိုင်ရည်ထက် မနိုင်မနင်းအသုံးပြုခြင်းများသည် ဖုန်း၏ ဂရပ်ဖစ်ဂျီယူအိုင်စနစ်ကို ကျဆင်းပျက်စီးတတ်ပါသည်။

၅။ အင်တာနက်သုံးခြင်းကဲ့သို့ အခြေအနေများတွင် ဖုန်းအလွန်ပူလာပါက အင်တာနက်သုံးခြင်းကို ခေတ္တရပ်နားသင့်ပါသည်။ ထို့ပြင် အခြားသော ဘလူးတု ဗျူလန်များအားမသုံးပါက ပိတ်ထားဖို့ မမေ့သင့်သလို မလိုအပ်သော ဒေတာလွှဲပြောင်းမှုများသည်လည်း ဖုန်းတွင်းဗိုင်းရပ်စ်ဝင်ကာ စက်လည်ပတ်မှုစနစ်များကို ထိခိုက်နိုင်ပါသည်။

၆။ ဖြစ်နိုင်လျှင် ဖုန်းကို နားဖြင့်ကပ်၍ ကြာရှည်အသုံးမပြုသင့်ပါ။ အကယ်၍ မဖြစ်မနေ သုံးရမည်ဆိုလျှင် နားကြပ်တပ်၍ သုံးဖို့လိုပါသည်။နောက်တစ်ချက်မှာ ညအိပ်ရာဝင်ချိန်တွင် မိမိနှင့်ဖုန်း နီးကပ်စွာရှိမနေဖို့ဖြစ်သည်။ အကြောင်းက ဖုန်း၏သဘောသည် နီးရာ တာဝါနှင့် ရေဒီယိုလှိုင်းများ အဆက်မပြတ် ချိတ်ဆက်နေသောကြောင့်ဖြစ်သည်။

၇။ ဖုန်းတွင်ရေဝင်ခဲ့လျှင် ပါဝါကိုအမြန်ပိတ်၍ ဓာတ်ခဲကိုဖြုတ်ထားပါ။ ဖုန်းတွင်း၌ရေမကျန်အောင်ဖုန်းထဲမှ ရေထွက်သွားစေမည့် သင့်လျော်သော အနေအထားဖြင့်ထားပါ။ ရေဝင်မှုကိုလိုက်၍ ထိုက်သင့်သည့်အချိန်ထိ အသုံးမပြုဘဲ ထားသင့်ပြီး အနေအထားကို လိုက်၍ ရက်ပိုင်းအထိကြာမြင့်နိုင်ပါသည်။ ပါဝါပြန်တပ်ချိန် ဖုန်းတွင်း ရေကျန်နေလျှင် ဖုန်းပျက်ဖို့က ရာနှုန်းများနိုင်ပါသည်။ ဖြစ်နိုင်လျှင် ကျွမ်းကျင်သည့် ဆားဗစ်ဆိုင်သို့သာ ပြသသင့်ပါသည်။

၈။ နောက်တစ်ခုမှာ ပြည်တွင်းအသုံးပြုမှုများသော ဖေ့စ်ဘွတ်နှင့် ပတ်သက်၍ဖြစ်ပါသည်။ အထူးသဖြင့် ယခုနောက်ပိုင်းတွင် ဖေ့စ်ဘွတ်အကောင့်ကို ဖုန်းနံပါတ်ဖြင့် အများဆုံးဖွင့်လျက်ရှိသည်။ လွယ်လွယ်ကူကူ ဖြစ်တာကြောင့်လည်း ပါမည်ထင်ပါသည်။ ထိုကဲ့သို့ ဖုန်းဖြင့် ဖွင့်ထားချိန်မှစကာ အဆိုပါဖုန်းထံ ဖေ့စ်ဘွတ်က မက်ဆေ့ချ်များ ပေးပို့နေပေရာ ထိုသို့ပေးပို့ခြင်းမျိုးကို ဆက်တင် Setting တွင် ပိတ်မထားပါက မိမိဖုန်းဘေထဲမှ ငွေများဖြတ်တောက်နေလိမ့်မည်ဖြစ်ပါသည်။ အထူးသဖြင့် ပြောလိုသည်မှာ ဖေ့စ်ဘွတ်အသုံးပြုသူများသည် မိမိ၏ အကောင့်ဆက်တင်နှင့် အေပီပီဆက်တင် Account setting , App Setting များအား ဝင်ရောက်ကာ လိုအပ်သလို ဆက်တင်ချိန်ထားပေးရမည် ဖြစ်ပါသည်။

ဆိုခဲ့ပါအချက်များသည် မိုဘိုင်းအသုံးပြုသူတိုင်းမဖြစ်မနေ သိရှိဆောင်ရွက်ထားရမည့်အချက်များ ဖြစ်ပါသည်။ ယနေ့ကာလတွင် ဆက်သွယ်ရေးအဖြစ်သာမက ဖျော်ဖြေရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သတင်းအချက်အလက် ဆက်သွယ်မှုတွင်ပါ အရေးပါလာသော စမတ်ဖုန်းသည် ကျွန်ုပ်တို့၏ နေ့စဉ်လူမှုဘဝအတွက် မခွဲမခွာ ရှိနေသည့် အဖော်မွန်တစ်ခုလည်း ဖြစ်ပါသည်။

ဆိုရလျှင် သစ္စာရှိရှိ စေလိုရာစေ ထားရာနေသည့် အဖော်မွန်ဟု ဆိုရပေမည်။ ။

# မိုဘိုင်းဖုန်းနှင့် သတိပြုဆင်ခြင်ပတ်ဝန်းကျင်

နေသန့်



လွန်ခဲ့သော ၁၀ စုနှစ်တစ်ခုစာကာလက ကျွန်ုပ်တို့၏ အိပ်မက်၊ လွန်ခဲ့သော ငါးနှစ်တာကာလအတွင်းက မျှော်လင့်ချက်ဖြင့် စိတ်ကူးယဉ်ခဲ့ရသောအရာ ယနေ့ အတားအဆီးမဲ့ ပိုင်ဆိုင်ခွင့်ရခဲ့ပြီဖြစ်သော၊ ကျွန်ုပ်တို့ လက်တွင်းမှ မိုဘိုင်းလ်ဖုန်းအကျိုးကျေးဇူးများကတော့ ပြောစရာမလိုပေ။ သို့သော် တစ်ချိန်တည်းမှာပင် လူမှုဘဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအလေ့အထများကိုလည်း နှောင့်ယှက်ထိပါးလာသည်ဖြစ်ရာ မိမိ၏ ကိုယ်ရေးကိုယ်တာ ဖုန်းအသုံးပြုမှုသည် ပတ်ဝန်းကျင်ကို အနှောင့်အယှက်မပြု၊ အန္တရာယ်မဖြစ်စေရေးသတိပြု၍ သုံးစွဲကြစေချင်သည့် အသံများကြားလာပြီဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် အမ်ပီတီ၊ တယ်လီနောနှင့် အူရီဒူးဟူ၍ ဆက်သွယ်ရေးအော်ပရေတာ သုံးခုရှိပြီး လုပ်ငန်းများလုပ်ကိုင်လျက်ရှိသည်။ ယင်း အော်ပရေတာများအနေဖြင့် မိမိတို့ဈေးကွက် ပိုမို ပြန့်ပွားရေးအတွက် ဖုန်းခေါ်ဆိုခများနှင့် အင်တာနက်သုံးစွဲခများ အပြိုင်အဆိုင်လျှော့ချဆွဲဆောင်လျက်ရှိ သလို မိုဘိုင်းလ်ဖုန်းအသုံးပြုသူဦးရေမှာလည်း လျင်မြန်စွာ တိုးပွားလျက်ရှိသည်။ မိုဘိုင်းလ်ကွန်ရက်၏အကျိုးကျေးဇူးများကား ပြောမကုန်ပါ။ ထူးခြားဖြစ်စဉ်များ၊ သဘာဝဘေးအန္တရာယ်စသည်ဖြင့် အကြောင်းအရာမျိုးစုံကို အချိန်နှင့်တစ်ပြေးညီ သိခွင့်ရသည်။ ငွေကြေးအနည်းငယ်ကုန်ရုံဖြင့် ကမ္ဘာသည်လည်းကောင်း၊ မြန်မာသည်လည်းကောင်း ကျွန်ုပ်တို့ထံသို့ သတင်းအချက်အလက်များ ဝင်လာပေမည်။ လူတန်းစားအသီးသီးလက်တွင်း အလွယ်တကူ သက်ဆင်းရောက်ရှိချိန်တွင် ‘ဟဲလို’ ခေါ်သံသောသည်းလျက် ဖုန်းပြောသူတို့ကို လည်းကောင်း၊ အသံတိတ်ကြိတ်၍ ပွတ်လျက်အင်တာနက်ပျော်မွေ့သူတို့ကိုလည်းကောင်း နေရာမလပ်အချိန်မရွေးတွေ့ရလျက်မှ မုဒိတာပွားကြရသည်။ သို့သော် မုဒိတာမပွားနိုင်သည့်အရာများကိုလည်း ပူးတွဲလက်ခံနေရပြီဟု သိလာရချိန်တွင် “အစည်းအဝေးတို့၊ သင်တန်းတို့ အများနဲ့စုရုံးချိန်မှာ ဖုန်းမြည်သံတွေကြောင့် အနှောင့်အယှက်ဖြစ်ရတယ်။ အချို့ကအသံပိတ်ထားပေမယ့် ဆရာသမားတွေ ရှေ့ကပြောဆိုနေချိန်မှာ အပြင်ထွက်ပြီးဖုန်းပြောကြတယ်။ အထင်ကရရှိတဲ့ လူကြီးသူမတွေနဲ့ တွေ့ဆုံမိရင်လည်း မှာကြားပြောဆိုမှုတွေကို ဂရုပြုဖို့ထက် ဖုန်းနဲ့ဓာတ်ပုံရိုက်ဖို့ပဲ ကြိုးစားနေကြတယ်။ အမှတ်တမဲ့လုပ်မိတယ်ဆိုရင်တောင် ဒါတွေဟာ အဂါရဝတွေပဲဖြစ်တယ် “ကျောင်းဆရာတစ်ဦးက သူ့အဖြစ်ကို ပြောပြခဲ့သည်။

“ဆိုင်ကယ်စီးလာတဲ့လူငယ်နှစ်ယောက် ဖုန်းကို ပွတ်လိုက်ကြည့်လိုက်နဲ့စီးလာရင်း လမ်းဘေးအောက် ချရပ်ထားတဲ့ ကျွန်တော်တို့ကားကို နောက်ကဝင်တိုက်တယ်။ အလျော်တောင်းဖို့တောင်မပြောချင်ဘူး။ သူတို့နှစ်ယောက်လုံး သတိ မေ့နေပြီလေ။ ဖုန်းပြောကြတော့ ဆိုင်ကယ်ဦးထုပ်လည်း မဆောင်းထားကြဘူး”ဟု ရုံးအုပ်ကြီးတစ်ဦးက သူ့အတွေ့အကြုံကို ပြောပြသည်။

ဘတ်စ်ကားပေါ်မှာ၊ ရထားပေါ်မှာ၊ တရားပွဲမှာက အစ ဖုန်းသံများကြောင့် စိတ်မကြည်သည့်အသံများ၊ အရောင်းစာရေးမများ၊ ရုံးစာရေးများ ဖုန်းပြောနေ၊ ပွတ်နေ၍ စားပွဲရှေ့မတ်တတ်ရပ်စောင့်နေသူထံ အကြည့်ရောက်မလာတော့။ မီးပွိုင့်တွင်ရပ်စောင့်ရင်း ပွိုင့်စိမ်းနေသည်ကို သတိမရလောက်အောင် ဖုန်းပြောနေ၍ မကျေမနပ်ဆူညံထွက်လာသည့် ဟွန်းတီးသံများ၊ ကားမောင်းနေစဉ်ဖုန်းပြောနေသော ဘတ်စ်ကား ဒရိုင်ဘာများ၊ ၉၂, ၉၅ အစရှိသည့် ပေါက်ကွဲအားပြင်းသော ဆီပန့်များတွင် ဆီဖြည့်နေစဉ်ဖုန်းပြောနေသော မသိနားမလည်သည့် လူအချို့ကြောင့် ဘုရားတနေရသည့် ဘေးပတ်ဝန်းကျင်မှအသံများ၊ လူမှုကွန်ရက်စာမျက်နှာများတွင် နေရာယူလာကြသော ဖရုသဝါစာ အကြောင်းအရာများကြောင့် နှာခေါင်းရှုံ့သံများ နေရာအနှံ့ကြားနေရသည်။ ကောင်းခြင်းတွေတောင်လိုပုံနေသည့် ဆက်သွယ်ရေးကွန်ရက်မှ လူ့ကျင့်ဝတ်နှင့်လူမှုပတ်ဝန်းကျင်ကို ထိပါးနှောင့်ယှက်နေသည့် မိုဘိုင်းဖုန်း၏ ဘေးထွက်ဆိုးကျိုးများကို ကုစားနိုင်သူများကတော့ သုံးစွဲသူများကိုယ်တိုင်ပင် ဖြစ်တော့သည်။

မိမိကိုယ်ရေးကိုယ်တာ ဖုန်းပြောခြင်းမှသည် မိမိနှင့်တကွပတ်ဝန်းကျင်အတွက် အနှောင့်အယှက် အန္တရာယ်မဖြစ်အောင်သတိထားဆင်ခြင်သုံးစွဲခြင်းဖြင့် တစ်ယောက်မှ တစ်ရာ၊ တစ်ထောင် အများစုအလေ့အကျင့်ဖြစ်လာချိန်တွင် စိတ်အေးချမ်းသာဘေးကင်းလျက် အမျိုးဂုဏ်လည်း တက်စေပါသည်ဟူသော အသံများကိုလည်း ကြားသိခဲ့ရပါကြောင်း။ ။

»»» တနင်္ဂနွေအထူးထုတ် ရှေ့ဖုံးမှ

## ဆည်မြောင်းလုပ်ငန်းဆိုသည်မှာ...

နေပြည်တော်ကောင်စီနယ်မြေနှင့် ပြည်နယ်၊ တိုင်းဒေသကြီး ၁၄ ခု အတွင်း တည်ဆောက်ပြီးဆည်၊ ကန်များ၏ ဆည်ရေသောက် လယ်ဧရိယာမှာ စိစစ်ပြီး ၂ ဒသမ ၇၅ သန်း ဧကရှိပြီး ဆည်ရေအပြည့်အဝ ပေးနိုင်ပါ သည်။ တောင်သူလယ်သမားများ စိုက်ပျိုးသည့် ဧရိယာမှာ ၂ ဒသမ ၁၁ သန်းရှိသဖြင့် ၇၇ ရာခိုင်နှုန်းနီးပါး စိုက်ပျိုးကြကြောင်း သိရသည်။ ဆည်ရေသောက် ဧရိယာဟု သတ်မှတ်ရာတွင် ဆည်တမံမှပေးဝေနိုင်မည့် စိစစ်ပြီး ဧကကို ဆိုလိုခြင်းဖြစ်ပြီး တောင်သူလယ်သမားများမှ စိုက်ပျိုးမှုဧကကို အမှန်စိုက်ဧကဟု သတ်မှတ်သည်။ ဆည်ရေပေးဝေနိုင်မှုအတိုင်း တောင်သူများက စိုက်ပျိုးချင်မှ၊ စိုက်ပျိုးနိုင်မှ စိုက်ပျိုးကြမည်သာဖြစ်ပါသည်။ ၁၀ ရာခိုင်နှုန်းမှာ မဖြစ်နိုင်သည့် ကိန်းဂဏန်းဖြစ်သည်။ ရေလှောင်တမံများကို မြေပြန့်လွင်ပြင်နှင့် မြစ်ဝကျွန်းပေါ်ဒေသတို့တွင် တည်ဆောက်၍မရပါ။ တမံတုတ်နိုင်ရန် မြစ်၊ ချောင်းတစ်ဖက်တစ်ချက်တွင် မြင့်မားသောကမ်းပါးယံရှိရပါမည်။ ရာသီမရွေးစီးဆင်းနေသည့် ရေအရင်းအမြစ်ရှိရပါမည်။ ဥပမာအားဖြင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြစ်၏အနောက်ခြမ်းတွင် ရေအရင်းအမြစ်များရှိပြီး ရေလှောင်တမံများတည်ဆောက်ကာ စိုက်ပျိုးရေပေးဝေပါသည်။ ပဲခူးမြစ်၏ အရှေ့ခြမ်းတွင် ပထဝီဝင်အနေအထားအရ မြေနိမ့်လွင်ပြင်ဧရိယာများဖြစ်ခြင်း၊ ပျမ်းမျှမြေပြင်အနေအထားမှာ နိမ့်မြင့် အမှတ် R.L ၁၃ ပေ ခန့်သာရှိခြင်းတို့ကြောင့် ရေလှောင်တမံ တည်ဆောက်ရန် မဖြစ်နိုင်သဖြင့် အနောက်ခြမ်းမှရေများကို အရှေ့ခြမ်းသို့ပို့ဆောင်နိုင်ရန် ဇောင်းတူ၊ ကိုဒူကွဲ၊ စလူနှင့် ရွှေလောင်းရေလှောင်တမံများတည်ဆောက်ရခြင်းဖြစ်ပါသည်။ ရေလှောင်တမံနှင့် ရေလွှဲဆည်တို့တွင် မိုးရွာသွန်းမှုကြောင့် စီးဝင်လာသောရေများကို ပုံမှန်ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ(Rules and Regulation)အတိုင်း ဖွင့်ခြင်း၊ ပိတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရပါသည်။ ပုံမှန်မဟုတ်သောမိုး (Abnormal Rain) ကြောင့်သာ ရေကြီးရေလျှံမှုကို ခံစားရခြင်းဖြစ်ပါသည်။

၁၇-၄-၂၀၀၁ ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သော သဖန်းဆိပ်ရေလှောင်တမံသည် မိုးစပါးနှင့် နွေစပါးကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှ စတင်ပြီး စိုက်ပျိုးရေပေးဝေခဲ့ရာ မိုးစပါးအများဆုံး ၅ ဒသမ ၄ သိန်းကျော်နှင့် နွေစပါး အများဆုံး ၃ ဒသမ ၇ သိန်းခန့် စိုက်ပျိုးနိုင်ခဲ့ပါသည်။ သဖန်းဆိပ်ရေလှောင်တမံ၏ ရေပြည့်မှတ် သိုလှောင်ပမာဏမှာ ဧကပေ ၂၈ ဒသမ ၈ သိန်းရှိပါသည်။ ဝင်ရေကောင်းပြီး ဆည်ရေအပြည့် ဝင်ရောက်သည့် နှစ်များတွင် လျာထားဧကများပြည့်မီသော်လည်း မိုးခေါင်၍ ဝင်ရေနည်းပြီး ရေအပြည့်ဝင်ရောက်ခြင်း မရှိသည့်အခါ စိုက်ပျိုးမြေဧရိယာ အနည်းငယ်ကျဆင်းနိုင်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့တွင်ရှိသည့် သဘာဝချောင်း၊ မြောင်းများကို ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး တူးဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဧရာဝတီ၊ ချင်းတွင်းစသည့် မြစ်ကြီးများတူးဖော်ရန်မှာ လုပ်ငန်းပမာဏကြီးမားသဖြင့် တူးဖော်သင့်သည့်အချိန်တွင် နိုင်ငံတော်က တူးဖော်ဆောင်ရွက်ရန် စီစဉ်သွားမည်သာဖြစ်ပါသည်။

ဆည်မြောင်းပညာရပ်ဖြင့် ဆောင်းပါးရေးလိုသူတို့သည် ဆည်မြောင်းပညာရပ်ကို လေ့လာ၊ မေးမြန်းပြီး ဂဃနဏသိရှိမှသာ ရေးသားကြပါရန် လေးစားစွာမေတ္တာရပ်ခံအပ်ပါသည်။ မိမိအထင်အမြင်များကို ရေးသားဖော်ပြကြလျှင် အများပြည်သူက အမှားကို အမှန်ထင်မှတ်မှားစေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ဤဆောင်းပါးကို ပြည်သူလူထုအမှန်သိရှိနိုင်စေရန် စေတနာထားရေးသားတင်ပြလိုက်ရပါသည်။

# အမြဲအတူရှိနေသည့် ဘဝရဲ့အဖော်မွန်

ကိုထွန်း(ကွန်ပျူတာတက္ကသိုလ်)



ယနေ့ခေတ် စာရေးသူတို့ပတ်ဝန်းကျင်တွင် "ဟယ်လို ဟယ်လိုဟူသော အသံသည် အိမ်ထဲ၊ ရုံးထဲ၊ ကျောင်းထဲ၌သာမက ကားပေါ်၊ ရထားပေါ်၊ ပန်းခြံ စသည့်နေရာအနှံ့တွင်ပါ ကြားနေရသလို ဘဝ၏အချိန်များစွာသည်လည်း ဖုန်းစခရင်ပေါ်တွင် စူးစိုက်စီးမျောရင်းဖြင့် ကုန်ဆုံးနေကြသည်ကို တွေ့နိုင်ပါသည်။

တစ်ကိုယ်တည်း ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ကြည်နူးခြင်း၊ ဒေါသဖြစ်ခြင်းဆိုသော လူတို့၏ခံစားမှုစိတ်လက္ခဏာများသည် ခေတ်သစ်မိုဘိုင်းနှင့် လူတို့၏ ဆက်ဆံရေးသင်္ကေတအဖြစ် မြင်တွေ့နေရသလို ၎င်းတက္ကနစ်ကမ္ဘာအနှံ့ခြေဆန့်နိုင်ခြင်းကလည်း ဗာကျူရယ်စပေ့တွင် တစ်ဦးနှင့်တစ်ဦး ဆက်စပ်ယှက်နွယ်စွာ ရောထွေးယှက်တင်နေထိုင်မှုကိုဖြစ်ပေါ်စေကာ ၎င်း၏အကျိုးဆက်က ကမ္ဘာ့နံပါတ်တစ် စီးပွားရေးအဖြစ် မိုဘိုင်းဟုဆိုလာကြခြင်းဖြစ်သည်။

သွားလေရာ ကိုယ်နှင့်မကွာ သယ်ယူသွားနိုင်သည့် မိုဘိုင်း၏အစမှာ ကေဘယ်သုံး အိတ်ချိန်းဖုန်းများမှစတင်ခဲ့သည်။ ၁၈၇၆ ခုနှစ်တွင် ဂရေဟမ်ဘဲလ်က ၎င်းတွေ့ရှိထားသည့်အသံကို အီလက်ထရွန်နစ်ကုတ်သို့ ပြောင်းလဲနိုင်သည့် Deviceကို ပထမဆုံးမူပိုင်မှတ်ပုံတင်ခဲ့ပြီး အဆိုပါ Deviceကိုအခြေပြု၍ ဆင့်ကဲတီထွင်ရာမှ တယ်လီဖုန်း စတင်ပေါ်ပေါက်လာခဲ့သည်။ တယ်လီဖုန်း၏သဘောမှာ အသံထုတ်လွှင့်မှုနှင့် ဖမ်းယူမှုကို တစ်ပြိုင်နက်အလုပ်လုပ်နိုင်ပြီး တစ်နေရာမှတစ်နေရာသို့ အသံများကို အချိန်နှင့်တစ်ပြေးညီ အပြန်အလှန်ပေးပို့နိုင်ခြင်းဖြစ်သည်။ အဆိုပါလုပ်ငန်းစဉ်တွင် ကြားခံအဖြစ် ကေဘယ်ကြိုးအသုံးပြု၍ အီလက်ထရွန်နစ်အချက်ပြသင်္ကေတများကို ပေးပို့ပါသည်။ ထိုခေတ်အနေအထားအရဆိုလျှင်တော့ ထိုအရာသည် ခေတ်အမီဆုံးဆက်သွယ်ရေးပစ္စည်းဟု ဆိုကြမည်ဖြစ်သည်။

ယနေ့ခေတ်ဖုန်းများ၏ ၉၀ ရာနှုန်းကျော်မှာမူ ကြိုးမဲ့စနစ်ကို အသုံးပြုထားကြပြီး အသံဆက်သွယ်မှုအပြင် စာတိုပေးပို့ခြင်း၊ အင်တာနက်အသုံးပြုနိုင်ခြင်း၊ ဖုန်းပြောနေစဉ်အပြန်အလှန် တစ်ဦးနှင့်တစ်ဦး မြင်တွေ့နိုင်ခြင်း စသောလုပ်ဆောင်မှုများပါ အသုံးပြုလာနိုင်နေပြီဖြစ်သည်။ကြိုးမဲ့ဖုန်းများသည် VOIP, 2G, 3G, 4G ကွန်ရက်စနစ်များကို အသုံးပြုကြပြီး ကွန်ရက်စနစ်ကိုလိုက်၍ လုပ်ဆောင်နိုင်သော ပုံစံမှာလည်း တစ်ခုနှင့်တစ်ခုမတူညီဘဲ အမျိုးမျိုးကွဲပြားကြသည်ကို တွေ့ရပါလိမ့်မည်။ လက်ရှိပြည်တွင်းတွင် 2G, 3G မိုဘိုင်းကွန်ရက်များကိုအသုံးပြုနေပြီး အမ်ပီတီနှင့် တယ်လီနောအော်ပရေတာတို့သည် 2G, 3G နှစ်မျိုးလုံးကို support လုပ်ကာ အော်ရီဒူးမှာ 3G ကွန်ရက်တွင်သာ လုပ်ဆောင်မှုပြုသည်ကို တွေ့ရပါသည်။ နောင်တွင် 4G စနစ်ကွန်ရက်အသုံးပြုခဲ့ပါက ဖုန်းပြောသူအချင်းချင်းပင် အပြန်အလှန်မြင်တွေ့နိုင်မည်ဖြစ်ပါသည်။



ကွန်ရက်စနစ်အပြင် အသုံးပြုသော မိုဘိုင်းနည်းပညာများမှာ ဆယ်လ်လူလာ(ယနေ့ခေတ် အသုံးပြုမှုမရှိသလောက်နည်း)၊ VOIP, GSM, CDMA, Satellite အမျိုးမျိုးတွေ့နိုင်ပြီး အသုံးပြုမှုအများဆုံးမှာ ဂျီအက်စ်အမ်အမျိုးအစားဖြစ်ကာ ကမ္ဘာအနှံ့ခြေဆန့်နိုင်သော ဖုန်းမှာ ဂြိုဟ်တုဖုန်းများ(တိုင်မလို)ဖြစ်ကြပါသည်။ ဖရီကွန်စီ အသုံးပြုမှုအနေဖြင့် ပြည်တွင်းတွင် အသုံးပြုမှုများသော GSM သည် 850, 900, 1800, 1900 MHzတွင် အသုံးပြုကြပြီး CDMA မှာ 450,800 MHz များတွင် အသုံးပြုကြပါသည်။ ဖုန်းနှင့်သော်လည်းကောင်း၊ အများဆိုင်ရာနေရာများတွင်လည်းကောင်း ထုတ်လွှင့်ပေးနေသော ဝိုင်ဖိုင်ကွန်ရက်သည် 2.4 GHz ကို အသုံးပြုပါသည်။

ခေတ်သစ်တွင် စမတ်ဖုန်းများ၏အသုံးဝင်မှုသည် တစ်စထက်တစ်စ မြင့်မားလာလျက်ရှိနေပြီး ယခင်က အဓိကဖြစ်ခဲ့သော အသံဆက်သွယ်မှုသည် ယခုအခါ အခြေခံသဘောမျှသာဖြစ်လို့လာကာ အခြားသော အင်တာနက်၊ ငွေကြေး၊ ဂိမ်း၊ ဂျီပီအက်စ်နှင့် အခြားလူတို့အသုံးဝင်သော လုပ်ငန်းရပ်များသည် စမတ်ဖုန်းထဲသို့ရောက်ရှိ၍လာနေပြီ ဖြစ်သည်။ စမတ်ဖုန်းများ၏ ပုံသဏ္ဍာန်နှင့် ဒီဇိုင်းသည် တစ်နေ့တခြားပို၍ပို၍ ပါးလွှာလာသလို လုပ်ဆောင်ချက်မှာလည်း ပိုလို့ပိုလို့ မြင့်မားလာသည်ကို တွေ့ရလျက်ရှိပြီး ဈေးကွက်တွင် ယနေ့ စွမ်းရည်အမြင့်ဆုံးဖုန်းသည် မကြာမီရက်ပိုင်းအတွင်း၌ပင် ၎င်းနေရာကို နောက်မော်ဒယ်တစ်ခုက အလျင်အမြန် အစားထိုးဝင်ရောက်တတ်သည်ဖြစ်ရာ ခေတ်မီနည်းပညာ၏ အပြောင်းအလဲမြန်ဆန်မှုဟု ဆိုရလိမ့်မည် ဖြစ်သည်။

သွားလာရာယူဆောင်နိုင်သော မိုဘိုင်းဖုန်းများသည် ဆက်သွယ်မှုအတွက်သာမက ကမ္ဘာအနှံ့မှ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရယူနိုင်ခြင်း၊ ဖုန်းဖြင့် ကိစ္စများစွာကိုပါ ယှဉ်တွဲဆောင်ရွက်နိုင်ခြင်း စသော ကောင်းကျိုးရလဒ်များရှိသလို တစ်ဖက်တွင် အရေးမပါသော အကြောင်းရပ်များကို အလွန်အမင်းစွဲလမ်းစွာသုံးစွဲခြင်းကြောင့် ပညာရေး၊ စီးပွားရေးနှင့် လူမှုဆိုင်ရာကိစ္စများ လစ်ဟင်းပျက်ကွက်ခြင်း၊ အလုပ်တစ်ခုဆောင်ရွက်နေစဉ်သုံးကြသဖြင့်

စာမျက်နှာ ၇ သို့ »»

# ၂၀၁၆ နှစ်ဦးအတွက် Lexus မှ မျိုးဆက်သစ်

Alez

ဂျပန်နိုင်ငံအခြေစိုက် Lexus အမျိုးအစား ကားကုမ္ပဏီသည် ၂၀၁၆ ခုနှစ် နှစ်ဦးပိုင်းတွင် ဈေးကွက်အတွင်း စတင်ပို့ဆောင်ပေးမည်ဖြစ်သော 2016 Lexus LX 570 မော်ဒယ်သစ် ဇိမ်ခံယာဉ်တစ်မျိုးကို ယခုနှစ်တွင် စတင်မိတ်ဆက်ပေးလိုက်သည်။ ကမ္ဘာတစ်ဝန်းတွင် Lexus အမျိုးအစား SUV ကားများကို ဇိမ်ခံ၊ အကြမ်းခံကားများအဖြစ် လူသိများလှပြီး LX 570 အမျိုးအစားများကို ၂၀၀၈ မော်ဒယ်များမှ စတင်ထုတ်လုပ် ရောင်းချခဲ့ကြောင်း သိရသည်။



ကား၏ကိုယ်ထည်ဒီဇိုင်းနှင့် အတွင်းခန်းဒီဇိုင်းပုံစံတို့မှာ သပ်ရပ်ခံ့ညားလှပပြီး ယခင်နှစ်များတွင် ထုတ်လုပ်ရောင်းချထားပြီးသော ကားများနှင့် ဒီဇိုင်းအနည်းငယ်ကွဲပြားလာမည်ဖြစ်သည်။ ရှေ့/နောက် မီးခွက်ပုံစံဒီဇိုင်းကို ပြန်လည်ဆန်းသစ်ထားပြီး လက်မ ၂၀ ရှိအလွိုင်းဘီးငွေတို့ကို ပုံစံသစ်ဖြင့်တည်ဆောက်ထားသည်ဟု သိရသည်။ LED မီးသီးများအသုံးပြုထားပြီး မီးသီးဒီဇိုင်းမှာ ကားကိုပို၍ ရုပ်လုံးကြွစေပါသည်။ ကား၏အရှေ့ဘက်ရှဲလ်ကိုလည်း ပုံစံသစ်ဖြင့် တွေ့မြင်ရမည်ဖြစ်ပြီး ရှဲလ်၏ဘေးအောက်ခြေတစ်ဖက်စီတွင် ပိုမိုအကြမ်းခံနိုင်စေရန် စတီးများဖြင့် ထပ်ပိုးထားသည်ဟု သိရသည်။ "ဒီ Lexus ကားတွေက Land Cruiser ကားတွေရဲ့ နောက်ထပ်မျိုးဆက်ပါ။ ပိုပြီးကောင်းလာတယ်၊ ပိုပြီးတော့လည်း လူကြိုက်များလာတာ တွေ့ရပါတယ်"ဟု ၎င်းကုမ္ပဏီမှ ဈေးကွက်တင်သွင်းသူတစ်ဦးက မီဒီယာများအား ပြောကြားသည်။ အင်ဂျင်စွမ်းဆောင်ရည် ၅ ဒသမ ၇ လီတာ V-8 ရှိသည့် အင်ဂျင်ထည့်သွင်းအသုံးပြုထားသည်။ "လေခွင်းအားကောင်းကောင်းနဲ့ လုံခြုံရေးပိုင်းမှာ ပိုပိုသာသာထည့်သွင်းထားပါတယ်။ အဓိကလိုက်ပါစီးနင်းသူတွေ အန္တရာယ်ကြုံလာခဲ့ရင် ပိုပြီးတော့ဘေးကင်းနိုင်တဲ့နည်းလမ်းတွေ ထည့်သွင်းထားပါတယ်"ဟု အဆိုပါ LX ထုတ်လုပ်ရေးတာဝန်ခံက ပြောသည်။

လေးဘီးယက်စနစ်ပါဝင်ပြီး မြင်းကောင်ရေအား 383 hp တပ်ဆင်ထားကာ ဂီယာ ရှစ်ချက်အထိပါဝင်သည်။ ထိန်းချုပ်မောင်းနှင်မှုစနစ်များကို အကောင်းဆုံးနည်းပညာများနှင့်တွဲဖက်ကာ Eco, Confort, Sport, Sport + ဟူ၍ စမ်းသပ်မောင်းနှင်ခဲ့ပြီး ဖော်ပြပါနည်းလမ်းများကို မောင်းနှင်သူကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်မောင်းနှင်နိုင်မည်ဟုသိရသည်။ အဆိုပါ 2016 Lexus LX 570 ကားသည် ယခင်ထွက်ရှိပြီး Lexus SUV များထဲတွင် အကြီးဆုံးကား ဖြစ်လာမည်ဖြစ်သည်။ အဆိုပါကား၏ဈေးနှုန်းကို အမေရိကန်ဒေါ်လာ ၈၈၈၈၀ ဝန်းကျင်ခန့် ရှိမည်ဟုလည်း ဆိုရှယ်မီဒီယာများတွင် ခန့်မှန်းထားကြသည်။ ။